# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 12 April 2024 ၁၁၄၂၉


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**


**တပေါင်းလ စာအလင်္ကာများ**

ဆောင်းပါး စာမျက်နှာ » ၆

**ဟိုပုံးမြို့နယ်အတွင်း အကြမ်းဖက်အဖွဲ့အစည်းများကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့သည့် ကျေးရွာ ၁၆ ရွာအနက် ဘေးသင့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး အထောက်အကူ ပစ္စည်းများ ထောက်ပံ့ပေးအပ်**

စာမျက်နှာ » ၉

**၂၀၂၄ ခုနှစ် ဧပြီလအတွင်း (၁-၄-၂၀၂၄ ရက်နေ့မှ ၁၀-၄-၂၀၂၄ ရက်နေ့အထိ) ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၁


## CHID Bank တွင် သတ်မှတ်ပမာဏပြည့်မီစွာ စုဆောင်းထားရှိသူများ အောင်မြင့်မိုရ်အိမ်ရာအခန်းကို အတိုးနှုန်းသက်သာသော နှစ်ရှည်အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်

**ရန်ကုန် ဧပြီ ၁၁**

CHID Bank ၏ အိမ်ရာစုဆောင်းငွေစာရင်း (Housing Savings Account) တွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ပမာဏပြည့်မီအောင် စုဆောင်းထားရှိသူများအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရောင်းချမည့် အောင်မြင့်မိုရ်အိမ်ရာရှိ အခန်း ၁၀၄ ခန်းကို အတိုးနှုန်းသက်သာသော နှစ်ရှည်အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း အဆိုပါဘဏ်က အသိပေးထားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အောင်မြင့်မိုရ်အိမ်ရာကို တွေ့ရစဉ်။

## ယခုနှစ်မိုးဦးကျကာလတွင် တောင်ငူခရိုင်၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အရိပ်ရသစ်ပင် ၁၀၀၀ ဝန်းကျင် စိုက်ပျိုးမည်

**ရန်ကုန် ဧပြီ ၁၁**

ယခုနှစ်မိုးဦးကျကာလမှစ၍ တောင်ငူခရိုင်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ရည်ရွယ်၍ အရိပ်ရသည့် သစ်ပင်အပင်ရေ ၁၀၀၀ ဝန်းကျင်ခန့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း Save the trees သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းထံမှ သိရသည်။

မိုးဦးကျကာလဖြစ်သည့် ဇွန်လမှစ၍ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ကျေးရွာများ၌ရှိသည့် မြေလွတ်မြေရိုင်းများ၊ ကျေးရွာ၊ ကျေးလက်လမ်းဘေးနေရာများ၌ သစ်ပင်စိုက်ပျိုးခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ "တောင်ငူခရိုင်မှာ သစ်ပင်စိုက်မှာပါ။ မိုးဦးကျ မိုးစရွာမယ့် ဇွန်လလောက်မှာ စစိုက်မှာပါ။ အဓိကစိုက်မယ့်နေရာတွေကတော့ စာသင်ကျောင်းတွေ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**




ကြေးမုံ

# အသိပညာဗဟုသုတ တိုးပွားလာရေးကြိုးပမ်း

နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသားတိုင်း အသိပညာဗဟုသုတများ လုံလောက်အောင်ရရှိနိုင်ရေးသည် အရေးပါသည့်အချက်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများ၏ ပညာရည်ပြည့်ဝမှု၊ အသိပညာဗဟုသုတပြည့်စုံမှုတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းအချက်များအတွက် နိုင်ငံတော်က အဘက်ဘက်မှ အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံရှိ အသက် ငါးနှစ်အထက် လူဦးရေသည် ၄၆ ဒသမ ၄၆၃ သန်းရှိသည်ဟုသိရသည်။ အဆိုပါလူဦးရေတွင် ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိပြီး အသက် ၂၅ နှစ်အထက် လူဦးရေ ၂၅ ဒသမ ၁၆၉ သန်းတွင် အတန်းလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း(လူဦးရေကိုးသိန်းကျော်)၊ မူလတန်းနှင့် မူကြိုအဆင့်ရှိသူ ၄၉ ဒသမ ၄၇ ရာခိုင်နှုန်း(လူဦးရေ ၁၂ ဒသမ ၈၃ သန်း)၊ အလယ်တန်းအဆင့်ရှိသူ ၂၀ ဒသမ ၇၂ ရာခိုင်နှုန်း(၅ ဒသမ ၄၆ သန်း)၊ အထက်တန်းအဆင့်ပြီးမြောက်သူ ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘွဲ့ရပြီးသူ ၁၁ ဒသမ ၄ ရာခိုင်နှုန်း(၂ ဒသမ ၆၈ သန်း)အသီးသီးရှိသည်ဟု သိရသည်။

အဆိုပါစာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ပညာတတ်လူဦးရေ အလွန်နည်းပါးလျက်ရှိပြီး လူငယ်လူရွယ်ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ပညာသင်ကြားမှုကို စွန့်လွှတ်သွားခဲ့ပြီး ကြုံရာကျပန်း လုပ်ကိုင်နေကြသဖြင့် နိုင်ငံအနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရ ပြည်သူအများစုသည် ပညာရေးထက် အလုပ်အကိုင်ဝင်ငွေရရှိရေးကို ဦးစားပေးခဲ့ကြသည်ဟုဆိုနိုင်သည်။ အလုပ်အကိုင်နှင့်ပတ်သက်၍ စစ်တမ်းများအရ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ၊ ဝန်ဆောင်မှုနှင့်အရောင်းအဝယ်ကဏ္ဍ၊ အခြေခံလက်မှုပညာနှင့် ဆက်စပ်လုပ်ငန်းများကဏ္ဍ စသည့်အထွေထွေလုပ်ငန်းများတွင် နိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့် လုပ်ဆောင်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်ကြသည်။ နိုင်ငံသူနိုင်ငံသားများ၏ ပကတိအခြေအနေများအရ အများစုသည် ပညာသင်ကြားရေး၊ တတ်မြောက်ရေးကို ဦးစားမပေးနိုင်ဘဲ အလုပ်အကိုင်များတွင် ဘဝများကို နှစ်မြှုပ်ကြရသည်ကိုတွေ့ရသည်။ ပညာကို အခြေခံမတည်ဆောက်နိုင်သဖြင့် လူမှုစီးပွားဘဝတွင် တိုးတက်သင့်သလောက် မတိုးတက်နိုင်ဘဲ ဖြစ်ကြရသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း အားကောင်းမောင်းသန် အထောက်အပံ့ကောင်းမွန်စွာ လုပ်ဆောင်ပေးနိုင်ရေးတွင်လည်း လိုအပ်ချက်များရှိနေသည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် အကြောင်းကြောင်းကြောင့် ပညာကို ပြီးဆုံးအောင် မသင်ကြားနိုင်ခဲ့သောအခြေအနေကို ဖြေရှင်းပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အလယ်တန်းပညာပြီးဆုံးအောင် သင်ကြားခဲ့ကြသောသူများအတွက် အသက်မွေးဝမ်းကျောင်းပညာ၊ အထက်တန်းပညာများ ဆက်လက်ဆည်းပူးနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ပညာမသင်ကြားနိုင်သော နိုင်ငံသားပြည်သူအများစုအတွက် အသိပညာဗဟုသုတပညာရပ်များ ရရှိနိုင်သည့်အခွင့်အလမ်းဖြစ်သည့် စာကြည့်တိုက်များ တိုးချဲ့ဖွင့်လှစ်ပေးပြီး နိုင်ငံသားများ စာဖတ်လိုစိတ်မြင့်မားလာရေးနှင့် စာပေဖတ်ရှုလေ့လာနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေ ၁၀ ရက်နေ့ကပြုလုပ်သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် "မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ပြီး ကျေးလက်တွင် အဓိကဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေသူများကို အသိပညာများပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် စာကြည့်တိုက်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ပညာအခြေခံ၊ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့သည် နေ့စဉ်လူမှုစီးပွားဘဝတိုးတက်ရေးတွင် အချို့ပြည်သူများအနေဖြင့် အခက်အခဲများကြုံတွေ့နိုင်သည်ဖြစ်ရာ အဆိုပါပြည်သူများ၏ လူမှုစီးပွားဘဝ ပြောင်းလဲတိုးတက်လာရေးနှင့် အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်နိုင်ရေးအတွက် အသက်အရွယ်မရွေး ငွေကုန်ကြေးကျအနည်းဆုံးဖြင့် ပညာရရှိစေမည့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၁၁

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၁၈ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၄ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား)မှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေသည့် ကချင်ဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၂၀ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက် ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၂၂ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

## ရွာငံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရွာငံ မေ ၁၁



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိမ်ကုန်းကျေးရွာအုပ်စု ဒလပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရွာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် ဒလပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံ မှန်ကန်မှုရှိ/မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်မြောက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၇ သိန်းကို အသင်းသူ အသင်းသား ၁၄၁ ဦးအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

JJJ

သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁–၄–၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၅၂၂ | ၄,၅၉၃,၆၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၅၁၆ | ၁,၄၉၃,၉၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၉ | ၇၁,၁၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၂၆၃ | ၃၉၄,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၃၀၃ | ၅၁၅,၁၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၁၆ | ၇၅,၂၀၀ |
| MAEX | ၂,၀၅၀ | ၂,၀၀၀ | ၄၁၅ | ၈၆၀,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ


စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chen Hai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၁၁

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ဒုတိယအကြိမ် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေး ကျင်းပ



ဒုတိယအကြိမ်မြောက် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာသည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးနွေးထွေးစွာ ကြိုဆိုစဉ်။

နေပြည်တော် ဧပြီ ၁၁

အကြမ်းဖက်မှု တိုက်ဖျက်ရေးနယ်ပယ်တွင် တုံ့ပြန်မှုများ လျင်မြန်စွာ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီအစည်းအဝေး ပထမရက်ကို ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဘက်မှ ရုရှားတပ်မတော် ဒုတိယကြည်းတပ် ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich နှင့် ကော်မတီဝင် ရုရှားတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရုရှားကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ရုရှားတပ်မတော် ဒုတိယကြည်းတပ် ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တပ်မတော် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ပြီး မကြာမီကကျရောက်ခဲ့သည့် မြန်မာ့တပ်မတော်၏ (၇၉)နှစ်မြောက် တပ်မတော်နေ့နှင့် မကြာမီကျရောက်မည့် နှစ်သစ်ကူးသင်္ကြန် အခါသမယအတွက် ဂုဏ်ပြုစကားနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်မှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပိုမိုတိုးတက်ခိုင်မာလျက်ရှိ**

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလျက်ရှိပါကြောင်းနှင့် နည်းလမ်းမျိုးစုံဖြင့် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများကိုလည်း နှစ်နိုင်ငံပူးပေါင်း၍ လျင်မြန်စွာ တုံ့ပြန်တိုက်ဖျက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။


ဆက်လက်၍ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များအနေဖြင့် အကြမ်းဖက် တိုက်ဖျက်မှုဆိုင်ရာ နည်းလမ်းကို အသေးစိတ်ဆွေးနွေးကြပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး စိတ်ဓာတ်ဖြင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ထပ်လောင်းဆွေးနွေးကြသည်။

ထို့နောက် ရုရှားတပ်မတော် ဒုတိယကြည်းတပ် ဦးစီးချုပ် Lieutenant General Matovnikov Alexander Anatolyevich က မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယအကြိမ်မြောက် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေး ပထမရက် ကျင်းပစဉ်။



ဒုတိယအကြိမ်မြောက် ရုရှား-မြန်မာ ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးသို့ တက်ရောက်လာသည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ဝယ်ယူရန်အတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ “DUHD Sale Housing” Facebook Page Messenger တွင် အဆိုပြု စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**အသိပေးကြေညာ**

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ အိမ်ရာစုဆောင်းငွေစာရင်းတွင် သတ်မှတ်ပမာဏ ပြည့်မီစွာ စုဆောင်းထားရှိသူများအား ပြည့်မီသည့်ရက်စွဲအလိုက် တန်းစီဇယားအမှတ်စဉ်(Seniority List)ကို “DUHD Sale Housing” Facebook Page တွင် ပူးတွဲဖော်ပြထားကာ ရောင်းချမည့်အိမ်ရာ၏ အချက်အလက်များနှင့် စာရင်းပေးသွင်းရမည့်အစီအစဉ်ကိုလည်း အဆိုပါ Facebook Page တွင် ဖော်ပြထားသည်။ အခန်းဝယ်ယူလိုကြောင်း အဆိုပြုစာရင်းပေးသွင်းပြီးပါက တန်းစီဇယားအမှတ်စဉ်အလိုက် ဝယ်ယူခွင့်ရရှိသူများ၏စာရင်းကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ စာရင်းပေးသွင်းရာတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဖုန်း ၀၆၇-၃၄၀၇၅၂၇၊ ၀၉-၇၉၅၈၂၄၇၂၂ နှင့် CHID Bank ၏ ဖုန်း ၀၁-၈၃၇၀၁၂၄၊ ၀၁-၈၃၇၀၁၂၅ နှင့် Call Center ဖုန်း ၀၉-၄၀၁၀၁၀၈၁၀၊ ၀၉-၄၀၁၀၁၀၈၂၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးထားသည်။

MT

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဧပြီ ၁၁

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအတွက် အစမ်းလေ့ကျင့်ဆောင်ရွက်နေမှုနှင့် ဇုန်များအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၁**

နေပြည်တော်လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနား - တောင်ညိုလမ်းပေါ်ရှိ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ဥ္ယျာဉ်ရိပ်သာ လမ်းဆုံဧရိယာအထိ ကျင်းပမည့် နေပြည်တော်လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားအတွက် အစမ်းလေ့ကျင့်ဆောင်ရွက်နေမှုနှင့် ဇုန်များအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့် ဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအကအဖွဲ့များက သင်္ကြန်မိုးသီချင်းဖြင့် ကပြဖျော်ဖြေ၍ အစမ်းလေ့ကျင့် ဇာတ်တိုက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာ-ကိုရီးယား နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်ရန်နှင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်ရန်အတွက် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၌ သီဆိုကပြဖျော်ဖြေကြမည့် ကိုရီးယားနိုင်ငံမှ K-Pop အဆိုတော်များဖြစ်ကြသည့် Rejen ၊ Henny နှင့် 7kids Dream Group၊ Astel Dance Group ၊ DJ- Saemi တို့က လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ပြီး နေပြည်တော်လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနား အစမ်းလေ့ကျင့်သည့် ယိမ်းအကအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ ယိမ်းအကများ လိုက်ပါသီဆိုကကြသည်။

ယင်းနောက် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၊ ရုရှား - မြန်မာချစ်ကြည်ရေးအသင်းမဏ္ဍပ်နှင့် တရုတ် - မြန်မာ - အိန္ဒိယချစ်ကြည်ရေးမဏ္ဍပ်များ၌ ဝန်ထမ်းများနှင့် ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ရေပက်ကစားနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စတုဒိသာကျွေးမွေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဇုန်လေးဇုန်ဖြစ်သည့် တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်တို့တွင် လည်ပတ်အပန်းဖြေအနားယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဝန်ကြီးဌာနအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၌ ဖျော်ဖြေကြမည့် ဝန်ကြီးဌာနယိမ်းအဖွဲ့များ အစမ်းလေ့ကျင့် ကပြသီဆိုဖျော်ဖြေမှု၊ အစမ်းလေ့ကျင့် ရေပက်ကစားနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလျှောက်သင်္ကြန်ကျင်းပမည့် ဧရိယာအတွင်း ရေပြတ်တောက်မှုမရှိစေရေး စီမံဆောင်ရွက်ထားကြရန်၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်နှင့် လုံခြုံရေးပိုင်းကိုလည်း အထူးဂရုစိုက်၍ လစ်ဟာမှုမရှိအောင် စနစ်တကျ ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ စုပေါင်းပျော်ရွှင်စွာဆင်နွှဲနိုင်စေရန် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်၌ ပြည်တွင်းမှ နိုင်ငံကျော် အနုပညာရှင်များနှင့် ကိုရီးယားနိုင်ငံမှ သရုပ်ဆောင်၊ K-Pop အဆိုတော်များက ပရိသတ်အကြိုက်တေးသီချင်းများကို Music Band ၊ DJ ပညာရှင်များနှင့် တွဲဖက်၍ ဖျော်ဖြေသွားကြမည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဥဒ္ဒေသိဗ္ဗ မိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင်လည်း နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများအပြင် စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမဏ္ဍပ်၌ ရုရှားနိုင်ငံမှ လူငယ်အနုပညာရှင်အဖွဲ့များက တေးသီချင်းများ သီဆိုဖျော်ဖြေသွားမည်ဖြစ်ပြီး တရုတ် - မြန်မာ - အိန္ဒိယ ချစ်ကြည်ရေးမဏ္ဍပ်တွင်လည်း နေ့စဉ် စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများ စုပေါင်းပျော်ရွှင်စွာ ဆင်နွှဲနိုင်စေရန်၊ ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ ပြည်သူနှင့် အစိုးရ၏ ပေါင်းစည်းမှုနှင့် တစ်သားတည်းဖြစ်မှုတို့ကို ဖော်ဆောင်သည့် ပွဲတော်တစ်ခုအဖြစ် ပြသရန်ရည်ရွယ်၍ သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက် ဖွင့်ပွဲအခမ်းအနား အပါအဝင် ဧပြီ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဝန်ကြီးဌာနမှ နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ပါဝင်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ဝန်ကြီးဌာနမှ ပါဝင်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ဝန်ကြီးဌာနမှဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်မဏ္ဍပ်တည်ဆောက်နေမှု၊ စတုဒိသာကျွေးမွေးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရေပက်လောင်းရန်ပြင်ဆင်ထားမှု၊ ရေပြတ်လပ်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိမှု၊ ယိမ်းအဖွဲ့ကပြဖျော်ဖြေရန် စီစဉ်ထားရှိမှု၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် သင်္ကြန်ပွဲတော်သို့ လာရောက်သူများ အတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် စီမံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**✻ ယခုနှစ်မိုးဦးကျကာလမှ**

ဘုန်းကြီးကျောင်းတွေ၊ ကျေးရွာတွေမှာရှိတဲ့မြေလွတ်မြေရိုင်းတွေ၊ ကျေးရွာ၊ ကျေးလက်လမ်းဘေးတွေမှာ သစ်ပင်စိုက်ပေးတာမျိုး အဓိကထားလုပ်ပေးဖို့ရှိပါတယ်။ဒီနှစ်မှာတော့ရှင်သန်အောင်ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် အပင်ရေ ၁၀၀၀ ဝန်းကျင်လောက်ပဲ စိုက်မှာပါ” ဟု ၎င်းက ပြောသည်။



ထိုသို့ သစ်ပင်စိုက်ရခြင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် သစ်တောများပျက်စီးလာခြင်းကို လူတိုင်း သတိထားမိပြီး သစ်ပင်များကို ချစ်တတ်လာစေရန်လည်း အဓိကရည်ရွယ်ကြောင်း သိရသည်။

“အဓိကသစ်ပင်တွေအများကြီးစိုက်လို့ အများကြီးစိမ်းလန်းသွားဖို့ဆိုတဲ့ လုပ်ဆောင်မှုမျိုးထက် အများပြည်သူတွေ၊ ကလေးတွေအားလုံးရဲ့အသိအမြင်တွေမှာ သစ်ပင်တွေကို ဝိုင်းဝန်းထိန်းသိမ်းရမယ်ဆိုတာ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ်စိုက်ပျိုးပြီးတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့၊ ရာသီဥတုဖောက်ပြန်တာကိုကာကွယ်ဖို့ ဒါကို မဖြစ်မနေလုပ်မယ်ဆိုတဲ့ အသိပညာပေးဖို့အတွက်လည်း ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့စိုက်ပျိုးပေးတဲ့သစ်ပင်တွေရဲ့ အရိပ်အာဝါသနဲ့ နောင်တစ်ချိန်မှာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းသွားအောင်နဲ့ အေးချမ်းသွားအောင်အတွက်လည်း ရည်ရွယ်ပါတယ်”ဟု ၎င်းက ပြောသည်။

ကိုဗစ်မတိုင်မီကာလကလည်း ၎င်းတို့အသင်းအနေဖြင့် အပင်ရေ ၂၀၀၀ မှ ၆၀၀၀ ဝန်းကျင်အထိ စိုက်ပျိုးခဲ့ကာ သစ်ပင်စိုက်ခြင်းကို ကိုဗစ်ကာလမှစ၍ ရပ်နားထားခဲ့ရာ ယခုနှစ်မှ ပြန်လည်စိုက်ပျိုးရန် စီစဉ်နေခြင်းဖြစ်ပြီး ရှင်သန်နေသည့်သစ်ပင်များကို ထိန်းသိမ်းကာကွယ်သည့်အနေဖြင့်လည်း အများပိုင်နေရာ၌ရှိသည့် သစ်ပင်များကို ထိန်းသိမ်းကာကွယ်မှုများ လုပ်ဆောင်သွားမည်ဟု သိရသည်။

“အရင်တုန်းကတော့ မစိုက်ဘူးဆိုရင်တောင် အပင် ၂၀၀၀ကနေ ၆၀၀၀ ကြားစိုက်တယ်။ ကိုဗစ်ကာလမှာစပြီးနားလိုက်ရတယ်။ ဒီနှစ်မှာ ပြန်စမှာဆိုတော့ အဲဒီလောက်ကြီးတော့မစိုက်ဘူး။ ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် ပမာဏလောက်ပဲစိုက်မယ်။ နောက်ပြီးတော့ ရှင်နေတဲ့သစ်ပင်တွေကို ထိန်းသိမ်းကာကွယ်တဲ့အနေနဲ့ အများပိုင်နေရာတွေမှာရှိတဲ့ သစ်ပင်တွေကို ထိန်းသိမ်းကာကွယ်တာတွေ၊ ခုတ်မယ်ဆိုရင်လည်း ကန့်ကွက်ဖို့ ဒါမျိုးတွေရှိတယ်။သစ်ပင်တစ်ပင်ခုတ်လိုက်တာက အများကြီးမသိသာပေမဲ့ လူတွေအများကြီး ခုတ်လာရင်တော့ အရိပ်အာဝါသနည်းလာမယ်။ သစ်ရိပ်၊ ဝါးရိပ်ရှိတဲ့အိမ်လေးကနည်းနည်းအေးချမ်းဦးမယ် ။သစ်ပင်တွေရှိနေရင် အတိုင်းအတာတစ်ခုအထိတော့ အပူချိန်လျော့သွားမှာပါ။ဒါကြောင့် သစ်ပင်စိုက်ရုံနဲ့မပြီးဘဲ ရှိနေတဲ့ သစ်ပင်ကိုလည်း မပျက်စီးအောင်၊ မခုတ်ရအောင် ထိန်းသိမ်းရမှာပါ” ဟုလည်း ၎င်းက ဆိုသည်။

**MT**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၁၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) မှ ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းအစီအမံများ အကောင်အထည်ဖော်ပြီးစီးမှုကို ယခုနှစ် ညီလာခံတွင် ကဏ္ဍအလိုက် တင်ပြရေး၊ ဝန်ကြီးဌာနများမှ ပေးပို့လာသည့် ညီလာခံခေါင်းစဉ် (Main Theme)နှင့် ဆွေးနွေးပွဲခေါင်းစဉ် (Sub–Themes) များကို အတည်ပြုရေး ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ထို့အပြင် Sub–Themes အလိုက် စာတမ်းပါဝင်ဖတ်ကြားနိုင်မှု အခြေအနေကိုလည်း ဆွေးနွေးလျာထားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် သင်ကြားသင်ယူမှုမြင့်တင်ရန်၊ ဆရာ ဆရာမ အရည်အသွေးမြင့်မားရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန် လမ်းညွှန်မှုများ ရှိပါကြောင်း၊ အဆိုပါလမ်းညွှန်ချက်များကို အခြေခံ၍ ဝန်ကြီးဌာနများအနေဖြင့် ဆွေးနွေးအကြံပြုတင်ပြရန် တိုက်တွန်းပါကြောင်း၊ ပညာရေးညီလာခံ (၂၀၂၄)ကို ယခင်နှစ်ကဲ့သို့ အောင်အောင်မြင်မြင် သိုက်သိုက်ဝန်းဝန်းဖြင့် ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ဝန်ကြီးဌာနများက ပေးပို့လာသည့် အဆိုပြုချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသည့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အတွက် ညီလာခံခေါင်းစဉ် (Main Theme) နှင့် ဆွေးနွေးပွဲခေါင်းစဉ်များ (Sub–Themes) များ၊ Sub–Themes အလိုက် စာတမ်းပါဝင်ဖတ်ကြားနိုင်မှု အခြေအနေများ၊ ဆွေးနွေးသင့်သည့် ခေါင်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ(နေပြည်တော်) အဘိုး အဘွားများအတွက် ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၁**

တိုင်းပြည်နှင့် လူမျိုးအတွက် နှစ်ရှည်လများ သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် ၆၀ နှင့်အထက် အဘိုး အဘွား၊ တပ်မတော်သားများကို ရာသက်ပန် ပြုစုစောင့်ရှောက်နေသည့် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် မိသားစုတို့က ယနေ့မွန်းလွဲပိုင်းက ဆန်၊ ဆီ၊ လက်ဖက်ခြောက်နှင့် အလှူငွေကျပ် ၅၀၀၀၀၀ အား သွားရောက်လှူဒါန်းကြရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း)က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဘိုးဘွားရိပ်သာတွင် နိုင်ငံတော်အတွက် အသက်စွန့်လွှတ်သွားကြသည့် သူရဲကောင်းစစ်သည်များ၏ မိသားစုများ၊ ကိုယ်လက်အင်္ဂါပေးလှူသွားခဲ့ကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များမှ အသက် ၆၀ နှင့်အထက် အဘိုး ၁၂၅ ဦး၊ အဘွား ၅၉ ဦး စုစုပေါင်း ၁၈၄ ဦး တို့ကို ရာသက်ပန် ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်မီးသတ်ဦးစီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ရေ အခမဲ့လှူဒါန်း

**သာစည် ဧပြီ ၁၁**

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း ဘုန်းတော်ကြီး ကျောင်းများ၌ သီတင်းသုံးတော်မူသော ဆရာတော် သံဃာတော်များ ရေအခက်အခဲမရှိစေရန် လိုအပ်သည့် ကျောင်းများသို့ ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေအခမဲ့ သွားရောက်လှူဒါန်းပေးလျက်ရှိရာ ယနေ့ နံနက်က အမှတ်(၁) ရပ်ကွက် တောကျောင်းကြီး ကျောင်းတိုက်သို့ ရေလှူဒါန်းပေးခဲ့သည်။



သာစည်မြို့နယ် မီးသတ်ဦးစီးဌာနသည် နွေရာသီကာလ ရေရှားပါးသည့် ကျေးရွာများနှင့် ဘုန်းတော်ကြီး ကျောင်းများသို့ ရေလှူဒါန်းပေးနိုင်ရန် ဆောင်ရွက်ထားပြီး ရေအခက်အခဲရှိပါက ဖုန်း– ၀၆၄၂၀၆၈၀၃၁ နှင့် အရေးပေါ် ဖုန်း–၁၉၁ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက သောက်သုံးရေများ အခမဲ့လှူဒါန်း




**ကျောင်းကုန်း ဧပြီ ၁၁**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မီးသတ်စခန်းက သစ်ဆိမ့်ကုန်းအုပ်စု ချောင်းဝကျေးရွာနေ ပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ရေပေးဝေပေးခဲ့ကြသည်။

ယခုနွေရာသီသည် အပူရှိန်ပြင်းသည်ထက် ပြင်းလာနေသဖြင့် သောက်သုံးရေ အဆင်ပြေစေရေး အတွက် ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်ဖြင့် ယနေ့မွန်းလွဲ ၂ နာရီက သွားရောက်ကာ အခမဲ့ ရေပေးဝေခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ကျိုင်းတုံမြို့နယ် ကတ်ထိုက်-လွယ်ပန်တောင်း-အင်ဂိုလုံလမ်းပိုင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ကျိုင်းတုံ ဧပြီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅၂ ဒသမ ၂၇၆ သန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ထိုက်–လွယ်ပန်တောင်း–အင်ဂိုလုံ မြေလမ်း ၃၃/၅ မိုင်အနက် ကျောက်ခင်းပြီး ၁၂/၀ မိုင် လမ်းပေါ်တွင် အတက်အဆင်းမတ်စောက်သည့် လမ်းပိုင်း ခုနစ်နေရာအား ၁/၀ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအား ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် တာဝန်ရှိသူများက ဧပြီ ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းအား နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်ပေးနိုင်မှုကြောင့် ကျိုင်းတုံမြို့နယ် ကတ်ထိုက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၂၅ ရွာမှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး ထုတ်ကုန်လုပ်ငန်းများ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တပေါင်းလ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

မြန်မာ့စာပေယဉ်ကျေးမှုများသည် ဗုဒ္ဓစာပေများနှင့် အနည်းအများဆိုသလို တစ်နည်းမဟုတ်တစ်နည်း ဆက်နွှယ်မှုရှိနေပေသည်။

အခါအားလျော်စွာ နံနက်မိုးလင်းတရားတော်နှင့် ပရိတ်ပဌာန်း ရွတ်ဖတ်သည်ကို ကြားနာရသောအသံ၊ နံနက်ချိန်ခါတေးသံသာများကို နားဆင်ရသောအသံများသည် ကြည်နူးရပါ၏။

ထိုအထဲတွင် ရတနသုတ်လာ ဝနပ္ပဂုမ္ဗေ…အစချီ…ဂါထာပိုဒ် ရောက်သောအခါ ဗုဒ္ဓဘုရားရှင်၏ လောကသဘာဝအလှ အမြင်ရသကို ခံစား၍ သဒ္ဓါကြည်ညိုရပါ၏။

ထိုဂါထာတော်အပိုဒ် မြန်မာပြန်သဘောမှာ နွေဥတု စတင်ရောက်ပြီး ပထမလတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များဝေနေသော တောတန်းတစ်လျှောက်ရှိ သစ်ရိပ်တောင်ရိပ်တို့သည် ခရီးပန်းလာသူအဖို့ နားခိုလိုက်သောအခါ အေးမြမှုခံစားရသလို သံသရာခရီးပန်းလာသူများအဖို့လည်း ငါဘုရား၏ဂုဏ်တော်၊ တရားတော်၏ဂုဏ်တော်၊ သံဃာတော်တို့၏ ဂုဏ်တော်တည်းဟူသော အရိပ်အာဝါသမှ နားနေကြည့်ပါက ငြိမ်းချမ်းမှုရှိပါလိမ့်မည်ဟု ဆိုလိုပေသည်။

ဂိမှာနံ၊ နွေလတို့၏။ ပထမမာသေ၊ ပထမလသည် (ဝါ) တပေါင်းလပြည့်ကျော် ၁ ရက်နေ့မှ တန်ခူးလပြည့်နေ့ကြားကာလဟု ဆိုလိုပေသည်။ (ခုဒ္ဒကနိကာယ်-သုတ္တနိပါတ် ရတနသုတ်၊ ဝနပ္ပဂုမ္ဗေဂါထာအဖွင့်) တွံတေးဆရာတော်ကြီး၏ ပရိတ်ကြီးနိဿယလင်္ကာသွားမှာ ရွတ်ဆို၍ အထူးကောင်းလှပါသည်။ သပြေကန်ဆရာတော် ဦးဝါသေဋ္ဌ၏ ပရိတ်ကြီးနိဿယတွင် တပေါင်းလအဖွင့်ကို အကျယ်တဝင့် ကြည့်ရှုနိုင်ပါသည်။

ယခင်လများက လရာသီအကြောင်းနှင့် လအလိုက်လင်္ကာစာပေများကို ရေးသားခဲ့ရာတွင် ရှေးစာဆိုကြီးများ၏ရာသီပွဲအမျိုးမျိုးကို ဖော်ပြရာ၌ ရတု၊ ရကန်၊ အဲ့ အန်၊ လူးတား၊ တေးထပ်၊ သဖြန်၊ ခွန်းထောက်၊ လွမ်းချင်း၊ ပတ်တိုက်၊ လေပြေ စသည်ဖြင့် ထွေထွေရောရာ အလင်္ကာများကို ဖော်ပြခဲ့ပေသည်။

### ပျို့ကြီးနှင့် တောလားကြီး

ယခု တပေါင်းလစာအလင်္ကာကိုမူ ပျို့ကြီးနှင့် တောလားကြီး စာကြီးပေကြီးဖြင့် ဖော်ပြပါမည်။ အင်းဝခေတ်တွင် ထင်ရှားခဲ့ကြသည့် ပေလေးပင် ရှင်လေးပါးဟု အမည်တွင်သော ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသ၊ ရှင်ခေမာလောင်းလျာတို့သည် (ခရစ်နှစ် ၈၄၅ ခုနှစ်တွင်) တောင်တွင်းကြီးမြို့နယ်၌ လရက်များ မရှေးမနှောင်းပင် မွေးဖွားကြလေသည်။ ပါရမီရှင် လူငယ်လေးဦးစလုံးပင် နတ်နီးလင်း ဆရာတော်ထံတွင် အခြေပါဒသင်ဦးစက သင်ခဲ့ကြပေသည်။

ဤဆောင်းပါးပါ အကြောင်းအရာတွင် ပါဝင်သော တပေါင်းလ စာအလင်္ကာကို ရှင်ခေမာမှအပ ကျန်စာဆို သုံးဦးစလုံးပင်ရေးဖွဲ့ခဲ့ကြပေသည်။ ရှင်မဟာသီလဝံသက ဗုဒ္ဓုပ္ပတ္တိပျို့တွင် တစ်ခန်းရေးခဲ့သည်။ (လတပေါင်းဆောင်းပါးတွင် အမြွက်မျှဖော်ပြပြီး) ရှင်အုန်းညိုကမူ ဂါထာ ၆၀ ပျို့တစ်ခုလုံးတွင် တပေါင်းလကိုအကြောင်းပြု၍ ရေးဖွဲ့ထားခြင်းဖြစ်ပေသည်။

ဂါထာ ၆၀ ဟုဆိုသော်လည်း မူရင်း ဗုဒ္ဓဝင်အဋ္ဌကထာလာဂါထာ ၆၄ ပုဒ်ကို ဖွဲ့ဆိုခြင်းဖြစ်သည်။ အနည်းငယ်ပိုသည်ကို ပမာဏမပြုဘဲ ဂါထာ ၆၀ ဟုပင် မည်တွင်လေသည်။

စာဆိုသည် ထိုဂါထာများပါ အကြောင်းအရာများကို လင်္ကာပိုဒ်ရေ ၈၄ ပိုဒ်ဖြင့် အကျယ်ဖွင့်ဆိုထားလေသည်။ နိဂုံးလင်္ကာ ကိုးပိုဒ်ကို ပေါင်းပါက ၉၃ ပိုဒ်ရှိလေသည်။

ဤပျို့ကို အင်းဝခေတ် ရွှေနန်းကြေ့ရှင်ဘုရင်လက်ထက် သက္ကရာဇ် ၈၇၉ ခုနှစ် ကဆုန်လပြည့်(သောကြာနေ့)တွင် ရေးသားပြီးစီးသည်ဟု နိဂုံးအရသိရပေသည်။

အကြောင်းအရာအကျဉ်းမှာ ဘုရားရှင်အား ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွမြန်းတော်မူပါမည့်အကြောင်းကို ဖွားဖက်တော် ကာဠုဒါယီက လျှောက်ထားခြင်း ဖြစ်လေသည်။ထိုသို့လျှောက်ထားချက်များတွင်---

နေပြည်တော်ဌာန သားဗုဒ္ဓကြွစေလိုကြောင်း၊ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ပင့်စေခိုင်းပုံ၊ ဆောင်းနှောင်းနွေကူးတပေါင်းလ သာယာပုံ၊ လယ်ယာအလှူဖြစ်ပုံ၊ မိဘနှစ်ပါးကျေးဇူးကြီးမားပုံ၊ တောလမ်းခရီး သစ်သီးပန်းမာလ်မျိုးစုံ သီးပွင့်နေပုံ၊ သားမျိုးစုံစုဝေး၍ ဟစ်ကြွေးကာ ဘာသာဘာဝရှိနေကြပုံ၊ ငှက်မျိုးစုံပေါင်းစုံ၍ ရောင်စုံကျင်းသည့် အဆင်းအလှများ တွေ့ရမည့်ပုံ၊ မြစ်ဖျား ချောင်းနား ရေကန်များ သာယာလှပမှုများရှိနေပုံ၊ ဆွေတော်မျိုးတော်များနှင့် လူ၊ နတ်တို့ကြည်ညိုနိုင်ဖို့ အစုံစုံတို့ကို အခန်းလိုက် အခန်းလိုက် ရေးဖွဲ့ထားလေသည်။

ယနေ့ခေတ် ငှက်သုတေသန(Ornithology)၊ ပန်းသုတေသန (Botany)၊ လိပ်ပြာသုတေသန(Lepidopterology)၊ သားငှက်တိရစ္ဆာန်သုတေသန (Zoopsychology) စသည့် သုတေသနပညာရှင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀ ကျော်၊ ၆၀၀ အတွင်းက အမည်နာမ အမျိုးအစားခွဲခြား၍ လေ့လာနိုင်သောအကြောင်းခြင်းရာများ ပြည့်နှက်နေလေသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တွင် ပေါ်ပေါက်လာသော ဆေးအဘိဓာန်ကျမ်းကြီးများတွင် အနောက်တိုင်းနှင့် အိန္ဒိယဝေါဟာရများကို ဖွင့်ဆိုရာ၌ ဤပျို့ပါဆေးပင်အမျိုးအစားများနှင့် ညှိနှိုင်း၍ ဖွင့်ဆိုထားသည်ကို တွေ့ရလေသည်။ စာပေသုတေသနပြုသူအဖို့ အထူးလေ့လာဖွယ်၊ မှတ်သားဖွယ်ရာများ ပြည့်နှက်နေပါသည်။

အခန်း(၂) ပါ ဆောင်းနှောင်းနွေကူး တပေါင်းလသာယာပုံတို့ကို ရေးဖွဲ့ရာ မူလပါဠိဂါထာမှာ သုံးပုဒ်သာဖြစ်ပါ၏။ ထိုကို ပျို့လင်္ကာပိုဒ်ရေ ခုနစ်ပိုဒ်ဖြင့် ဖွဲ့ထားပါ၏။

ပိုဒ်ရေ(၉) မျှော်ရှုမျှော်ရှုမျိုးတစ်စုတွင် ရာဟုအမိအစချီကာ–

**…သွားခါတန်စွ၊ ဤကာလ၊ ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင့်မြူမထောင်း၊ ညွန်လျှောင်းမချဉ်း၊ လေပြင်းမလာ၊ သည်းစွာထစ်ကြိုး၊**

**အုံ့မိုးယံမစွေ၊ ရေလည်းမကြီး…**ဟူ၍ လည်းကောင်း

ပိုဒ်ရေ(၁၂)တွင် ပျော်မှုပျော်မှု မျှော်ကြည့်ရှု၍ ရတုကောင်းစွာ အစချီကာ…

**ဤအခါကား၊ သာသည်ညင်းညင်း၊ မြောက်လေကြွင်းနှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန် မသည်း၊ ပျံ့ပျံ့ပြည်းသား၊ တိမ်မည်းမဆိုင်၊ မြည်အိုင်ရိုက်ကြူး၊ မင်းလွင်မြူးသား၊ နွေဦးသရက်၊ အခါဖြစ်၍…** ဟူ၍ လည်းကောင်း

ပိုဒ်ရေ(၁၃)တွင် ပေါ်လုပေါ်လု ညွန့်သက်နုနှင့် ရတုသာဖွေ အစချီကာ…

**…ပင်စည်ဖြူးဖြူး၊ ရိပ်စက်ကူး၍၊ ငုံဖူးစီစို့၊ တချို့ကားပွင့်၊ ကင်းနှင့်မည်၊ မီးလျှံသဖွယ်၊ ဝင်းဝင်းကယ်မျှ၊ ပြိုင်လယ်ရဲရဲ၊ အခဲခဲတိ၊ တောထဲစုံကောင်း၊ ပန်းအပေါင်းနှင့်၊ ရွက်ဟောင်းပင်အောက်၊ ဖူးညှောက်လူလူ၊ ထွက်စပြူလျက်၊ ပျံ့ကြဲဧ၊ လေးညင်းသွေးသော်၊ မွှေးမွှေးရဂုံ၊ သင်းနံ့ထုံသို့…**ဟူ၍လည်းကောင်း

အပိုဒ်ရေ(၁၄)တွင် ရော်နုရော်နု ရွက်သစ်ပြုလျက်ရတုအလိုက် အစချီကာ…

**ခက်ချင်းဆိုက်၍၊ အကိုက်ငုံဖူး၊ ဖြူးရရှူးလျှင်၊ တန်ခူးမပြောင်း၊ တပေါင်းမကုန်၊ ပူဟုန်မပြင်း၊ နှင်းလည်းစဲစ၊ ကာလသာထွေ၊ ဆောင်းနွေဆိုးဆမ်း၊ ပူချမ်းနှစ်ပါး xxxxx**

**ခရီးဆက်ပိုင်း၊ လမ်းစဉ်တိုင်းတုံ၊ သစ်ကိုင်းညွန့်လမ်း၊ ဂနိုင်ပန်းဆီ၊ ထက်ဝန်းပြင်မျှ၊ ပွင့်လတ်ကြသော်၊ ရွှင်ပျမြည်ရှုန်း၊ ပိတုန်းမည်းနက်၊ ဝတ်ရက်ယူယူ၊ ချစ်မူဘော်နှော၊ ရဂုံတောဝယ်၊ ဥသြကျေးငှက်၊ ယှဉ်ဘက်မကွာ၊ ဟင်္သာပဲထွေး၊ သံလေးကျူးဆင့်၊ ကြွေးရင့်မည်၊ ခုန်ပျံပြေးသွား၊ တစ်ပင်နားလျက်၊ ပင်ဖျားပင်ခြေ၊ ဗွမ်းဗွမ်းထွေလျက်၊ စုံမြေရိပ်ကောင်း၊ ရွှေများပေါင်းသည်၊ ဥဒေါင်းမောရ တွန်ပြီတည်း…**ဟူ၍လည်းကောင်း

လမ်းခရီးအဆင့်ဆင့်ကို ရေးဖွဲ့ထားရာ ယနေ့ခေတ်တီဗွီ Discovery အစီအစဉ်တွင် သဘာဝတောတောင်ရေမြေများကို ထက်အောက်ဝန်းကျင် ဒရုန်း(Drone)ဖြင့် ရိုက်ကူးထားသည်ကို ကြည့်နေရသကဲ့သို့ ရသခံစားရပါ၏။

ဤသည်မှာ ရှင်အုန်းညို၏ဂါထာ ၆၀ ပျို့လာ တပေါင်းလ စာအလင်္ကာ၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

တပေါင်းလ စာအလင်္ကာတို့ ဖော်ကျူးသော အခြားဂန္ထဝင်မြောက် စာကြီးပေကြီး တစ်စောင်မှာ ရှင်ဥတ္တမကျော်၏ ဗုဒ္ဓဘုရားရှင် ကပိလဝတ် နေပြည်တော်သို့ ကြွချီတော်မူခန်း တောလားလင်္ကာကြီးဖြစ်ပေသည်။

ဤတောလားလင်္ကာကြီးမှာ (၉)ပိုဒ်ရှိပါသည်။ စက်ဆယ့်နှစ်လီ ဒွါဒသီဝယ်သုံးလီဥတုလက်ဝဲလုသား…အစချီလင်္ကာ (၈)ပိုဒ်မှာ ကပိလဝတ်ပြည် ကြွခန်းဖြစ်၍ (၉)ပိုဒ်မြောက်= မဂ္ဂင် ရှစ်တန်း၊ လမ်းမှန်ခရီး၊ ရပ်ကြီးသာစည်၊ ရောက်အံ့ရည်၍----အစချီသော၊ (၉)ပိုဒ်မြောက်မှာ –

အရိမေတ္တယျဘုရားရှင်လက်ထက်၌ ဗောဓိလောင်းလျာအဖြစ် ဗျာဒိတ်ခံရပါလိုကြောင်း---

“ငါလိုလည်းကောင်း၊ ဗောဓိလောင်းဟု၊ ညွတ်ညောင်းတံဆိပ်၊ နှုတ်ဗျာဒိတ်ဖြင့်၊ ခပ်နိုပ်သေချာ၊ နှုတ်သြဘာသည်၊ မြဲစွာဖြစ်လိမ့်လမှန်တည်း”

ဟု ဥဒါန်းနိမိတ် အကြောင်းဟိတ်ဖြင့်ရေးထားသော ဆုတောင်းလင်္ကာ ဖြစ်ပေသည်။ တောလားကြီး အစကို---

**စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်- သုံးလီရတု၊ လက်ဝဲလုသား၊ ရတုသာစွ၊ လမဏ္ဍလျှင်၊ သဘင်ဂိမှာန်၊ တာသကြိန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍၊ ဥဇာဂူနတ်၊ ဖန်ရဟတ်လည်း၊ သဟဿရောင်ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနှိပ်လျက်၊ ပြင်းရှိန်အန္တ၊ ဂုဏ်စွမ်းပြသော်-----**

ဟု အစချီရေးဖွဲ့ထားရာ အရပ်စကားဖြင့်ပြောရပါက ၁၂ လရာသီရှိ ဥတုသုံးပါးတွင် တပေါင်း၊ တန်ခူး ရတု သကြိန်ပြောင်းသော အခါသမယတွင်ဟု ဆိုလိုပေသည်။

သို့သော် ဥတု၊ ရတု၊ လက်ဝဲလု၊ လမဏ္ဍ၊ သဘင်ဂိမှာန်၊ အတာ၊ သကြိန်၊ ဥဇာဂူနတ်၊ ဖန်ရဟတ်၊ ရောင်ခြည်ထောင်… စသည်တို့မှာ ဗေဒင်ပညာရပ် ရာသီစက်နက္ခတ်နယ်ပယ်ကို အကျွမ်းတဝင်ရှိပါမှ(သို့) မြန်မာစာပေ၊ မြန်မာမှုများကို အထူးပြုလေ့လာသူများသာ သိနိုင်သော ဝေါဟာရ အသုံးအနှုန်းဖြစ်ပေသည်။ ထိုသို့ နွေဥတုရောက်သောအခါ ရော်ရွက်ဝါတို့ ကြွေကျ ရွက်သစ် ပုရစ်ဖူး မြစိမ်းရောင်များ ဖူးပွင့်စေသည် ပွင့်လေပြီကို---

**…လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား၊ သီးကင်းနုစ၊ အချို့ကမူ…**

ဟု ကာရန်နသော၊ ဂုဏ်ရသ၊ စာအလင်္ကာများနှင့် ခြယ်မှုန်းထားရာ ရေးအခါက စာပေနှင့် အကျွမ်းတဝင်မရှိသည့်တိုင် အများအားဖြင့် သိရှိခံစားနိုင်ကြပါ၏။ ဤတောလားလင်္ကာကြီးကဲ့သို့သော စာအလင်္ကာများမှ မြစ်ဖျားခံသော အတက်အထွက်များသည် မြန်မာ့ဂီတ ရသစာပေများတွင် ထင်ဟပ်ကျန်ရစ်ခဲ့ပေသည်။

သီချင်းကြီး သီချင်းခန့်များတွင် မြမြမောင်းမောင်းပတ်ပျိုး၊ မြဝတီမင်းကြီးဦးစ ရေးပြီး ရဝိန်ဒေါင်းယာဉ်ပျံ့ပတ်ပျိုး၊ မန္တလေး ဦးဘသိန်းရေး၍ အဆိုတော်ကိုအံ့ကြီး မိန်ရာသီသီချင်း၊ ဂီတနတ်သံကိုစောငြိမ်းရေးဖွဲ့၍ အဆိုတော်မောင်မောင်ညွန့် သီဆိုသော ဝသန်ခါဦး သီချင်း၊ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရေး၍ ရေနံ့သာစိုးလှိုင် သီဆိုသော ကမ္ဘာကုန်ကျယ်သရွေ့ စသည် စသည် သီချင်းများပါ သံစဉ်တေးသွား ကာရံများသည် ဤတပေါင်းလဘွဲ့ စာအလင်္ကာများ၏ အဖူးအပွင့်များပင်ဖြစ်ပေသည်။

စာဆိုရှင်ဥတ္တမကျော်၏ တောလားကြီးလင်္ကာမှာ စာဆိုရှင်အုန်းညို၏ဂါထာ ၆၀ ပျို့ကဲ့သို့တပေါင်းလကာလတစ်ခုတည်းကိုသာ ရေးခြင်း မဟုတ်ဘဲ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် စသည့် တစ်နှစ်တာကာလ ၁၂ လရာသီစက်များသို့ နေသွားလများကို တာရာနက္ခတ် စန်းယှဉ်လပြည့်သဘာဝတရားကို ရေးသားပြီးမှ တပေါင်းလခါရာသီမှာ အဆုံးသတ်ထားပြီး မည်သို့မည်ပုံသာယာပြန့်ပြူးသည်၊ ကောင်းလှသည် စသည့်အကြောင်းအရာကို ရေးဖွဲ့ထားခြင်းဖြစ်ပေသည်။

**…မင်းလွင်လိုကို၊ စုံတခိုဝယ်၊ လေချိုဝန်းလု၊ လွမ်းရတု၌၊ ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊ ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ ဗျိုင်းတာရာတို့၊ မြိုင်မှာမြိုင်လျောက်၊ ရွှေပိတောက်လည်း၊ ဖူးညှောက်ပွင့်ချိန်၊ သီတာသိဟ်ဝယ်၊ သောင်တိမ်ငွေဥ၊ သဲဖွေနုနှင့်၊ ဝတ်စုညွှန့်ချီ၊ သရဖီမူ၊ ကြိုင်ဆီလှိုင်သက်၊ ရေဖက်ဆွတ်နှင့်၊ ချွေလွှတ်စောစွာ၊ သည်ချိန်ခါကို၊ သောတပန်မည်၊ မဟာထေရ်တို့၊ မကြည်နိုင်အောင်၊ ခိုးမြူမှော်ခဲ့…။**

ဟုရေးဖွဲ့ထားရာ တပေါင်းလ၏ လွမ်းမောဖွယ်ရာ သဘာဝပတ်ဝန်းကျင်ကြီးသည်

**စာမျက်နှာ ၇ သို့ ❖**

**“စာဆို ရှင်ဥတ္တမကျော်၏ တောလားကြီးလင်္ကာမှာ စာဆို ရှင်အုန်းညို၏ ဂါထာ ၆၀ ပျို့ကဲ့သို့ တပေါင်းလကာလတစ်ခုတည်းကိုသာ ရေးခြင်းမဟုတ်ဘဲ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် စသည့် တစ်နှစ်တာကာလ ၁၂ လရာသီစက်များသို့ နေသွားလများကို တာရာနက္ခတ် စန်းယှဉ်လပြည့်သဘာဝတရားကို ရေးသားပြီးမှ တပေါင်းလခါရာသီမှာ အဆုံးသတ်ထားပြီး မည်သို့မည်ပုံ သာယာပြန့်ပြူးသည်၊ ကောင်းလှသည် စသည့်အကြောင်းအရာကို ရေးဖွဲ့ထားခြင်းဖြစ်”**

# ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းပြီးစီးမှုနှင့် ကန်ပတ်ဝန်းကျင်သာယာလှပရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၁၁

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနကြီးမှူးများ၊ တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့မှ မြို့မိမြို့ဖများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာ ရှမ်းကန် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းနှင့် ကန်ပတ်ဝန်းကျင်သာယာလှပရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကန်တော်မင်္ဂလာ ရှမ်းကန်မြောက်ဘက် ဗိုလ်တောက်ထိန်လမ်းဘေးရှိ မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လျှောက်လမ်းဘေးနှင့် ပန်းခုံများကြား မြေကွက်လပ်တွင် အလှမြက်ခင်းများ စိုက်ပျိုးရန်နှင့် ကန်ပတ်ဝန်းကျင်သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိရန်၊ ကန်တော်မင်္ဂလာရှမ်းကန်အတွင်း ရေလယ်ဘုရားကျောင်းဆောင်နှင့် ရှင်ဥပဂုတ္တကျောင်းဆောင်တည်ဆောက်ခြင်းလုပ်ငန်းတွင် ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိသော မြန်မာမှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကန်တော်မင်္ဂလာရှမ်းကန်တောင်ဘက်တွင် ကျောက်ထိုင်ခုံများနေရာချထားမှု၊ သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ကန်ပတ်လည်တွင် ရာသီမရွေးပွင့်လန်းစေပြီး ရနံ့မွှေးပျံ့သည့် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေကန်အတွင်းနှင့် ကန်ပတ်ဝန်းကျင်ကို အမြဲမပြတ်သန့်ရှင်းစေရေး စနစ်တကျဆောင်ရွက်ရန်၊ မြို့အင်္ဂါရပ်နှင့်အညီ ကျူးကျော်များမရှိစေရေးနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အကျိုးသက်ရောက်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ မှာကြားကာ ပျဉ်းမနားမြို့မှ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟသ်ာတမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ဟသ်ာတ ဧပြီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက် ၉ နာရီက ဟသ်ာတမြို့နယ် ပြာကတက်ကျေးရွာအုပ်စု ပြာကတက်ရွာ ပြာကတက်ဘုန်းကြီးကျောင်းရှိ တန်ဆောင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါပန်းခင်းစီမံချက်(၃)ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ်ာတမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိုးမြင့်အောင် ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရုံးရှိ ဝန်ထမ်းများက ပြာကတက်ကျေးရွာအုပ်စုနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထားခြင်း မရှိသူများအားလည်းကောင်း၊ အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသူများအားလည်းကောင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# အင်္ဂပူမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်း ကွင်းဆင်းဆောင်ရွက်

အင်္ဂပူ ဧပြီ ၁၁

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အိုးကွဲကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၉ နာရီခွဲက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်-၃ ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်းနှင့် (Biometric Data) ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်္ဂပူမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် (Biometric Data) ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများအား ကြည့်ရှုအားပေးခဲ့ပြီးလိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**ကောက်ယူနိုင်ခဲ့**

အဆိုပါပန်းခင်းစီမံချက်-၃ ဖြင့် ပန်းတင်ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူ ၇၄ ဦးနှင့်(Biometric Data) ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်း ၁၀၂ ဦးတို့အား ကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ စာမျက်နှာ ၆ မှ

စိတ်တည်ရင့်ကျက်မှုရှိပါပေသည်ဆိုသော သောတာပန်များပင်တွင် စိတ်ကယောက်ကယက်ဖြစ်နိုင်သည်ဟု ရေးစပ်ထားလေသည်။ စာဆိုရေးဖွဲ့သော တောလားကိုးပိုဒ်ကို ဖတ်ရှုရသောအခါ ရသာစုံစားပွဲကြီးကို ဂီတကပွဲနှင့်တကွ ကြည့်ရှုခံစား စားသောက်ရသကဲ့သို့ ရှိလှသည်ဟု ဥပမာတင်ချင်ပါသည်။ ထို့ထက်ထူးခြားသည်မှာ ဤတောလားကြီး၏ အချပိုဒ်များဖြစ်ပေသည်။ ဤအချပိုဒ် (၉) ပိုဒ်ကို ဖြုန်းစားကြီးဖတ်ရွတ်ကြည့်လျှင် ဂမ္ဘီရသင့်သည်ဟု ထင်ဖွယ်ရာဖြစ်ပါသည်။

**“လ” အသုံးအနှုန်း**

ဤတောလား စာအလင်္ကာသည် အမှန်တော့ ဘုရားရှိခိုးပင်ဖြစ်ပါသည်။ (ပညာရှင်များယခင်သုံးသပ်ချက်ရှိပြီး) အချပိုဒ်များတွင် **လ**အသုံးသည် ထူးခြားလှပေသည်။ ထို့ကြောင့်လည်း နာမည်ကြီးလှ၏။ အငြင်းပွားဖွယ်ရာဖြစ်ရ၏။ မြန်မာစာပေအရေးအသား၌ အချို့သော ဝါကျစာပိုဒ်တို့တွင် **“လ”** အသုံးအနှုန်းသည် အကြောင်းအရာရေးဖွဲ့မှုကိုလိုက်၍ ပါစမြဲဖြစ်ပါသည်။

ပရိတ်ကြီး၊ မေတ္တာပို့၊ ပဋ္ဌာန်းစာပေတို့တွင် ရှေ့နှင့်နောက် တူရာရာတွင် အသေးစိတ်ဖော်မပြတော့ဘဲ ကြားတွင် **“လ”** ခံ၍ ရေးသည်များကို တွေ့ဖူးကြမြဲဖြစ်ပါသည်။ ထိုသို့သော **“လ”** ကို **“ပေယျာလ”** ကျပ်သည်။ ခံသည်။ ထိုးသည်ဟု ခေါ်ပေသည်။ “ပေယျာလကန် ဝကွက်ချန်” စကားပုံပင် ရှိပေသည်။ ထိုကဲ့သို့ **“လ”** ကလည်း တစ်မျိုးပေ။

“အကြံခက်ပါသနော် သံလျက်တော် ခိုးတဲ့သူကို လ” ဟူသော ငိုချင်းတွင်ဆိုသော **“လ”** မျိုးလည်း ရှိပေသည်။

ရှင်မဟာရဋ္ဌသာရ စာဆိုတော်အကျော် ဆရာတော်၏ကိုးခန်းပျို့ ပိုဒ်ရေ ၄၁ တွင်-

အိုမင်းမစွမ်းဖြစ်ခါမှ ရသေ့ရဟန်းလုပ်သူနှင့် ငယ်စဉ်ပျိုမြစ်နုနယ်အရွယ်ငယ်က လုပ်ဆောင်ချက်သည် ကွာခြားမှုရှိကြောင်း နှိုင်းယှဉ်ပြသောအပိုဒ်တွင်-

> **…လူစွမ်းသဖွယ်၊ ပျိုနုနယ်က၊ စင်ကြယ်သိမ်မွေ့၊ ရသေ့ရဟန်း၊**
> **ဖြစ်ထွန်းလေငြား၊ ထိုသူ့အားကို၊ ဘုရားကစ၊ ပဏ္ဍိတတို့၊ လွန်လှ**
> **ကြည်ညို၊ ချီးမွမ်းဆို၏။ ထိုကိုစာနာ၊ ငယ်သောခါက၊ သဒ္ဓါနိုးပင့်၊**
> **တရားကျင့်လိမ့်၊ သက်ရင့်မကြီး၊ လ မီတည်း…။**

ဟု ရေးသားထားချက်တွင် **“လ”** အသုံးတို့သည် ကွာခြားပါ၏။ ဤကဲ့သို့ **“လ”** အသုံးသည် အခြားပျို့ကဗျာလင်္ကာများတွင်လည်း ရှိပါ၏။

ရှင်ဥတ္တမကျော်၏ တောလားကိုးပုဒ်ပါ အချပိုဒ် (၉) ပိုဒ်တွင်ပါသော **“လ”** သည် ရေးကဖော်ပြခဲ့သော အကြောင်းအရာများကို စုစည်းသော ငင်သော **“လ”** အက္ခရာဖြစ်ပေသည်။ ပါဠိသဒ္ဒါသုံးဝေါဟာရနှင့် ပြောရပါက **သမုစ္စည်း**ဟုခေါ်လေသည်။ သာဓကအနေဖြင့်-

“ဘီလူးသွားကို **လ** ဖြဲတည်း” ဆိုသော အပိုဒ်တွင် ဒေါသစရိုက်ကြီးသည့် ဘီလူးအပါအဝင် ကုဝေရ၊ ယက္ခ၊ တာနော၊ ကုမ္ဘဏ္ဍ စသည့် နတ်ဘီလူးများသည် ဘုရားရှင်ကိုဖူးမြင်ရ၍ ဝမ်းမြောက်ဝမ်းသာရှိကြပုံကို တစ်ဦးတစ်ယောက်မျှသာမက အထက်ပါနတ်ဒေဝတာဘီလူးများသည်လည်း ထိုကဲ့သို့ပင် ပြုံးရွှင်ကြည်နူးရှိကြပါကုန်၏ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

“ထို့အတူ မုဆိုးချုံက **လ**ချောင်းတည်း”ဆိုရာတွင်လည်း ဘုရားရှင်ကြွလာသောအခါ ငှက်ခပ်သမား သားငါးရာတံငါမုဆိုး ဒုစရိုက်မျိုးဖြင့် သက်မွေးကြကုန်သော သူတို့သည်လည်း ဘုရားရှင်၏ ဘုန်းတန်ခိုးတော်ကြောင့် ကြည်ညိုစိတ်ဖြင့် လေးမြား စသည်တို့ မမြင်ကွယ်ရာတွင်ဝှက်၍ ရှက်ကြောက်ရွံ့ပြီး ပုန်းလျှိုးကွယ်လျှိုး သဒ္ဓါလှူလု ပူဇော်မှုဖြင့် ထောကုတောင်ရိုး ခင်တန်းကုန်း ချုံကြားများမှချောင်း၍ ရှိခိုးကြည်ညိုကြပုံကို ရေးဖွဲ့ထားခြင်းဖြစ်လေသည်။ မုဆိုးငှက်ခပ်သမားတို့သာမက အခြားသူများလည်း ထိုသို့ပင်ချောင်း၍ ချောင်း၍ ကြည်ညိုကြပုံကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ထို့ကြောင့် **“လ”** သည် မုဆိုးချုံက ချောင်းချောင်းတည်းဟူသော ထပ်ဆင့်ဆိုရန်ကို ညွှန်းသည်ဟု ဆိုရာ၏။ ထိုသို့ပင် အခြားအကြောင်းအရာအပိုဒ်များကိုလည်း ဤသို့ပင် ရွတ်ဖတ်ရာ၏။ (နောင်အကျယ် ဖော်ပြပါမည်)

မြန်မာစာ မြန်မာမှုကား ကျယ်ပြန့်ပါ၏။ ဂုဏ်ရသအလင်္ကာများဖြင့်ထုံမွမ်းသော ဤတောလားကြီး (၉)ပုဒ်အချကို ဖော်ပြပါမည်။ စာရှုသူများ ပဟေဠိ၊ အာမေဋိတ်၊ ကိလိဋ္ဌဖြင့် ဤစာ၏ မူရင်းစာပိုဒ်များကို ရှာဖွေဖတ်ရှုမှု ပြုနိုင်ကြပါစေ…မြန်မာစာ မြန်မာမှုများ၏ လေးနက်မှုများကို မြတ်နိုးနိုင်ကြပါစေ တပေါင်းလ စာအလင်္ကာများကို နိဂုံးချုပ်အပ်ပါသည်။

အချပိုဒ် (၉) ပိုဒ် –

(၁) စက်ဆယ့်နှစ်လီ၊ ဒွါဒသီဝယ်…အစချီ….
**သီးမျိုးခိုင်ညှာ လပွတ်တည်း…။ ။**

(၂) စကြာဝဠာ၊ အာဏာဇာတိ…အစချီ….
**ဘီလူးသွားကို လဖြဲတည်း…။ ။**

(၃) ဝဿန်ဟေမ၊ ဂိမှအပြင်…အစချီ….
**တောကြက်တောင်ပ လဖြုန်းတည်း…။ ။**

(၄) တထာကတ၊ နှိုင်းဆမမြော်…အစချီ….
**မုဆိုးချုံက လချောင်းတည်း…။ ။**

(၅) အနုတ္တရ၊ တိလောကဟု…အစချီ….
**မိုးမှာရွှေကြယ် လဥတည်း…။ ။**

(၆) မြသယမ္ဘူ၊ ထွက်မှန်ကူလည်း…အစချီ….
**ရွှေဖောင်မြစ်ညာ လဆန်တည်း…။ ။**

(၇) မဟာသကျ၊ မုနိန္ဒဟု…အစချီ….
**တရားခေးသို့ လထက်တည်း…။ ။**

(၈) ဗျာဒိတ်သြဘာ၊ မင်္ဂလာဖြင့်…အစချီ….
**ပြုစုပျိုးထောင် လမွေးတည်း…။ ။**

(၉) နှောင်းဖြစ်အလာ၊ မိတေယျာလျင်…အစချီ….
**မြဲစွာဖြစ်လိမ့် လမှန်တည်း…။ ။**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာ

# အပြောင်းအလဲမြန်လာတဲ့ ကမ္ဘာကြီးမှာ စစ်ကိုပြင်ထားမှ တော်ကာကျမယ်

မြင့်မြတ်

**ဒီနေရာမှာ အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟု ရင်ဆိုင်နေရသည့် သူ့ပြည်သူတွေက သူ့အပေါ်အုံကြွမှုဟာ ဂါဇာစစ်ကို တာရှည်စေနိုင်သလို လိုအပ်လျှင် အီရန်ကိုပါ စစ်ထဲ ဆွဲသွင်းမည့်အနေအထားကိုပါ တွေ့လာနေရသည်။ မီးလောင်ရာလေပင့်ဆိုသလို ဂါဇာတောင်ပိုင်းမှာရှိသည့် ပါလက်စတိုင်းမြို့တစ်မြို့ဖြစ်သော ရာဖာကို စစ်ဆင်နွှဲဖို့ နေတန်ရာဟု၏ ဆုံးဖြတ်ချက်က ဂါဇာစစ်ကို ပိုမိုကျယ်ပြန့်သွားစေသည့်အပြင် အီရန်နှင့် အစ္စရေး ထိပ်တိုက်စစ်ဖြစ်ဖို့အထိ နီးစပ်လာသည့်အခြေအနေတွေ ဖြစ်လာကြောင်း သုံးသပ်၍ရနိုင်ပါသည်။ အီရန်သာ စစ်ပွဲထဲပါဝင်လာလျှင် အီရန်ကိုထောက်ခံသည့် အင်အား လေးသိန်းခန့်ရှိ ယီမင်ဟူသီတို့ကြောင့် ဒေသတွင်း စစ်ပွဲကြီး အထိ စစ်မီးတောက်လာနိုင်ကာ အစ္စရေးဘက်က အမေရိကန်နှင့် နေတိုး၊ အီရန်ဘက်က တရုတ်၊ ရုရှားတို့ပါဝင်လာမည့် တတိယကမ္ဘာစစ်အထိ အချိန်မရွေး ကူးပြောင်းသွားနိုင်ပုံကို သတိထားရမည်**

အနိဋ္ဌာရုံများနှင့် ကမ္ဘာကြီးကား ငြိမ်းချမ်းသည်ဟူ၍ မရှိ။

ယနေ့ကမ္ဘာကြီးမှာ တစ်နေရာမှ တစ်နေရာ စစ်ခင်းရတာ လွယ်ကူလာနေသည်။ တစ်နှစ်ပြီး တစ်နှစ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေများက ပို၍ဆိုးလာနေသည်။ ကမ္ဘာကြီးကို လွှမ်းမိုးလိုသည့် နယ်မြေလုပွဲတွေ၊ အခင်းအကျင်းအသစ်တွေနှင့် အပြောင်းအလဲများက မြန်ဆန်လာနေသည်။

ယနေ့ခေတ်ဒီမိုကရေစီအမည်ခံ ရွေးကောက်ပွဲအများစုက နေရာလုပွဲများသာ ဖြစ်လာနေသည်။ အကျိုးစီးပွားအတွက်ဆို ဘာမဆိုလုပ်သည့်ခေတ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးမချန် ချနင်းကြသည့် ခေတ်။ ကုလသမဂ္ဂလည်းမတတ်နိုင်။ UNSC ဆိုတာလည်း မြောင်းထဲမှာ။ ခွင့်မပြုလည်း ကြီးနိုင်ငယ်ညှဉ်း ဝင်တိုက်နေသည့်ခေတ်၊ ကိုယ်ကျိုးစီးပွားသာ ပထမ ဖြစ်လာနေကြပြီ။ ကမ္ဘာကြီးကိုစိုးမိုးဖို့၊ ဒေသတွင်း လွှမ်းမိုးနိုင်ရေးသည်သာ အဓိကဖြစ်လာကြပြီ။ ဆိုးရွားလွန်းသည့် ကမ္ဘာ့ကပ်ဘေးနှင့်အတူ ထပ်ဆင့်ပဋိပက္ခများနောက်မှာ လူသန်းပေါင်းများစွာ၏ အငတ်ဘေး၊ စစ်ဘေး၊ သဘာဝဘေး အကျပ်အတည်းများက ကပ်ပါလာသည်။ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းကို စစ်ရေးနည်းဖြင့် အဖြေရှာလာပြီး အကြမ်းဖက်ခြင်းက ထွက်ပေါက်တစ်ခုအဖြစ် အနိဋ္ဌာရုံ အားလုံး၏ အမြစ်သဖွယ် ဖြစ်လာနေသည်။

**စစ်ခေါ်သူတွေကြောင့် စစ်ပြင်နေကြရပြီ**

အင်အားကြီးလာလျှင် အားနည်းသည့် တိုင်းပြည်ကိုဖျက်ဆီးဖို့ ဝန်မလေးသည့် ခေတ်ရောက်လာပြီ။ စစ်ခေါ်သူတွေကြောင့် စစ်က လက်တစ်ကမ်းမှာ။ နိုင်ငံရေး၊ စီးပွားရေး ချွတ်ခြုံကျမှုကို စစ်ရေးဖြင့် ခေါင်းလွှဲချင်သည့် တချို့ခေါင်းဆောင်တွေကြောင့် အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ရမည့်အဖြစ်ကို ဆိုက်နေသည့်ကမ္ဘာကြီး။ ယနေ့အချိန်မှာ ဒီမိုကရေစီတို့၊ လစ်ဘရယ်တို့၊ အာဏာရှင်တို့ဆိုသည့်ခေတ်က နောက်ရောက်သွားပါပြီ။ အားလုံးက ကိုယ့်အကျိုး၊ ကိုယ့်လူမျိုး အကျိုးစီးပွားသက်သက်သာဖြစ်လာသည်။ နယ်မြေစိုးမိုးနိုင်ရေး ရသမျှနယ်မြေသိမ်းနိုင်ဖို့က အဓိကဖြစ်လာသည်။ စနစ်က အရေးမကြီး၊ ဘာသာရေးက အရေးမကြီးတော့။ အမြဲတမ်းရန်သူ အမြဲတမ်း မိတ်ဆွေဟူသည် မရှိ ဖြစ်ကုန်ကြပြီ။

အကျိုးစီးပွားချင်းတူလျှင် ကွန်မြူနစ်ကလည်း ဒီမိုကရေစီနှင့် ပေါင်းချင်ပေါင်းမည်၊ ပုလင်းတူဘူးဆို့ အကုန်ပေါင်းသည်။ တိုက်ဆိုင်တာလည်းဖြစ်မည်၊ တမင်ရည်ရွယ်ချက်ရှိရှိ လုပ်တာလည်းဖြစ်နိုင်သည်။ အုပ်စုဖွဲ့၍ ဒေသတွင်းစစ်အုပ်စုအသစ်တွေ ထွက်ပေါ်လာသည်။ ဘာကြောင့် ဆီးရီးယားပြည်တွင်းစစ် ကြာရှည်နေရသနည်း။ ယူကရိန်းပြဿနာနှင့် ဂါဇာစစ်ပွဲများ ကြာရှည်သွားနိုင်သည့် အခြေအနေတွေကို မြင်နေရသည်။ အဓိကက ပြည်သူတွေ သတိထားဖို့ပါ။ ဒီအချိန်မှာ အားလုံးက စစ်ပြင်နေကြပြီဖြစ်ပြီး ယောက်ျား၊ မိန်းမ လူကြီးလူငယ်မရွေး၊ ကျောင်းသား၊ အလုပ်သမား အားလပ်ချိန်မှာ အားလုံးစစ်လေ့ကျင့်ရမယ့်အချိန်ရောက်လာပြီလို့ တစ်စုံတစ်ယောက်က ပြောလာခဲ့လျှင် ဒီလိုအချိန် ဒီလိုအခြေအနေမှာ လွန်အံ့မထင်ပါ။

**ရုရှား- ယူကရိန်း မီးပွားတစ်စ**

လက်ရှိ ရုရှား-ယူကရိန်းစစ်က မပြီးသေး။ ပြည်တွင်းနိုင်ငံရေးမှာ ဇောကပ်နေသော ဇာလန်စကီးနှင့် သူ့အတွက်က စစ်ကိုမပြီးဆုံးအောင် လုပ်သလို ဖြစ်နေသည်။ စစ်ကို ရပ်ချင်ပုံမရ။ ငြိမ်းချမ်းရေး ယူချင်ပုံမရသည့် သူ့အစွန့်တွာသဏ္ဍာန်ကို ရုရှား ပိုင်နက်ထဲ ဒုံးကျည်များဖြင့် မကြာခဏပစ်ခတ်ခြင်းက ပြသနေသည်။ ယခုလောလောဆယ်မှာတင် ရုရှားထိန်းချုပ်ထားသည့် Zaporizazhia နျူကလီးယားဓာတ်ပေါင်းဖိုကို ဒုံးကျည်ဖြင့် သုံးကြိမ် ပစ်ခတ်လိုက်တဲ့အတွက် လူ သုံးယောက် သေဆုံးသွားခဲ့ရပါပြီ။

နျူကလီးယားစက်ရုံဖြစ်သည့် နိုင်ငံခြားတိုင်းပြည်တစ်ခု၏ Infrastructure ကို တိုက်ခိုက်တာလောက် မိုက်မဲမှုမျိုး တော်ရုံတန်ရုံ ခေါင်းဆောင်က စဉ်းစားမည်မဟုတ်ပါ။ ရေဒီယိုသတ္တိကြွယိုစိမ့်မှုနှင့် အဏုမြူရောင်ခြည်သင့်နိုင်သည့် အန္တရာယ်ကို IAEA ကပင် ထုတ်ဖော်သတိပေးခဲ့ရသည့် အခြေအနေသည် အလွန်သတိထားရမည့် ကိစ္စရပ်ဖြစ်လာခဲ့ပါပြီ။ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့်ပဲ အမေရိကန်နှင့် ရုရှား၊ အနောက်အုပ်စုနှင့် ရုရှားဆက်ဆံရေးများမှာ အလွန့်အလွန် အဆိုးရွားဆုံး အနေအထားသို့ ရောက်ရှိနေရသည်။ ဒီအခြေအနေက ကမ္ဘာကြီး အတွက်တော့ ကောင်းမယ့်အလားအလာတွေ တစ်ခုမှ မဟုတ်ပါ။ ဇာလန်စကီးနှင့် အနောက်အုပ်စု ပယောဂကြောင့် ရုရှားဆင်နွှဲနေသော လက်ရှိ ကန့်သတ်စစ်မှသည် အကန့်အသတ်မဲ့စစ်ပွဲကြီး အထိ ဦးတည်သွားနိုင်သည်ကို သတိပြုစေချင်သည်။

တစ်ကမ္ဘာလုံး ပဋိပက္ခအပြည့်နှင့် လုံးထွေးနေချိန်မှာ ငါတို့ငြိမ်းချမ်းမှုကို အန္တရာယ်အရှိဆုံး Seriously ill condition အနေအထားတစ်ရပ် ရောက်အောင် တွန်းပို့နေတာ ဘယ်သူတွေလဲ။ မြင်အောင်ကြည့်စေချင်သည်။ ရုရှားနိုင်ငံ မော်စကိုမြို့က Crocus City Hall ဂီတကပွဲရုံကို ISIS အမည်ခံ အကြမ်းဖက်တွေတိုက်ခိုက်ခဲ့ကြလို့ ပြည်သူ ၁၄၅ ဦး သေဆုံးခဲ့ရသည့်ဖြစ်စဉ်က ပူပူနွေးနွေးရှိဦးမှာပါ။ ဒီလိုအချိန်မှာ ဒီလိုပြဿနာမျိုး ဖန်တီးသင့်ပါသလား။ ရုရှားက စုံစမ်းစစ်ဆေးမှုတွေအရ ယူကရိန်းလက်ချက် မကင်းသော အထောက်အထားတွေ တစ်ရစ်ချင်း ပေါ်ထွက်လာနေရာမှာ CIA , NATO နဲ့ ယူကရိန်း ထောက်လှမ်းရေးတို့ ပါဝင်ထောက်ပံ့မှုတွေကိုသာ သက်သေပြနိုင်ခဲ့လျှင် ကမ္ဘာကြီးအတွက် အခြေအနေက လုံးဝမကောင်းနိုင်တာ တွေ့ရပါသည်။

**ခပ်စိပ်စိပ်ဖြစ်လာသည့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ**

တစ်ဖက်နှင့် တစ်ဖက် နယ်မြေချဲ့ထွင်မှုကို အကြောင်းပြ အုပ်စုအသစ်ဖွဲ့ခြင်း၊ ဖွဲ့ပြီးအုပ်စုကို ချဲ့ထွင်ခြင်းများပြုလာကြသည်။ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်မှာ အပြောင်းအလဲများရှိလာရာ တချို့က စစ်တိုက်ဖို့အတွက် အဖျက်သဘော ဖြစ်ပြီး တချို့က ငြိမ်းချမ်းရေးအတွက် အပြုသဘော အဖြစ်မြင်လို့ရသည်။ ဩစတေးလျ - အမေရိကန်- ယူကေ သုံးပွင့်ဆိုင် AUKUS လုံခြုံရေး မဟာမိတ်အဖွဲ့မှာ ဂျပန်ကိုပါထည့်သွင်းဖို့ ကြိုးစားလာခြင်း၊ အိန္ဒိယကို အမေရိကန်နှင့် ဗြိတိန်တို့က ပိုမိုအားကိုးလာပြီး အာရှေ့ပစိဖိတ်နှင့်ဘင်္ဂလားပင်လယ်အော်ကို စိုးမိုးနိုင်ဖို့ စစ်ရေးပူးပေါင်းလေ့ကျင့်မှုများ ပြုလုပ်လာခြင်းက အင်အားကြီးထွားလာသောတရုတ်ကို အန်တုရန်ဟု ဆိုသည်။

AUKUS လိုပဲ စစ်ရေးအပါအဝင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု ချဲ့ထွင်ခြင်းများသည် ကမ္ဘာအနှံ့ဖြစ်လာနိုင်သည်။ လောလောဆယ်မှာကို ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်ခေါင်းဆောင်တို့ show of support အနေဖြင့် ဘေဂျင်းမှာ ဧပြီလ ၉ ရက်မှာ တွေ့ခဲ့ကြခြင်းသည် တစ်ဖက်မှာ ဂျပန်ဝန်ကြီးချုပ် ဝါရှင်တန်သို့သွားရောက်သည့် ခရီးစဉ်နှင့်လည်း တိုက်ဆိုင်နေသည်ကို သတိထားမိသည်။

**အီရန်-အစ္စရေး စစ်ပြင်လာမှု**

ထိုနည်းတူ နျူကလီးယားလက်နက်ပိုင်ရှင် အီရန်နှင့် အစ္စရေးတို့စစ်ဖြစ်ဖို့ကလည်း နီးလာတာ တွေ့ရသည်။ ယခင်လများကတည်းက ခန့်မှန်းထားသည့်ခန့်မှန်းချက်က လတ်တလော အခြေအနေများနှင့် ပိုပြီးနီးစပ်မှုရှိလာသည့် သဘောပါပဲ။ ဂါဇာစစ်က မပြီးဆုံးနိုင်သေး၊ ဆီရီးယားနိုင်ငံ ဒမတ်စကတ်မှာ ရှိသည့် အီရန်ကောင်စစ်ဝန်ရုံးကို အစ္စရေးက ဗုံးကြဲတိုက်ခိုက်လိုက်တာကြောင့် အီရန်တော်လှန်ရေး အစောင့်တပ် ဗိုလ်ချုပ်ကြီးအပါအဝင် အရာရှိကြီး ခုနစ်ဦး သေဆုံးသွားခဲ့သည့်ဖြစ်စဉ်နှင့်အတူ အစ္စရေးကို လက်စားချေတုံ့ပြန်ဖို့ အီရန်တပ်ဖွဲ့များ ဆီရီးယားသို့ရောက်ရှိသွားခြင်း၏ နောက်ဆက်တွဲများဟာ အခန့်မသင့်ရင် ကမ္ဘာစစ်ကြီးအထိ သယ်ဆောင်သွားနိုင်သည်ကို တွေ့ရသည်။

ဒီနေရာမှာ အစ္စရေးဝန်ကြီးချုပ် နေတန်ရာဟု ရင်ဆိုင်နေရသည့် သူ့ပြည်သူတွေက သူ့အပေါ်အုံကြွမှုဟာ ဂါဇာစစ်ကို တာရှည်စေနိုင်သလို လိုအပ်လျှင် အီရန်ကိုပါ စစ်ထဲဆွဲသွင်းမည့်အနေအထားကိုပါ တွေ့လာနေရသည်။ မီးလောင်ရာလေပင့်ဆိုသလို ဂါဇာတောင်ပိုင်းမှာရှိသည့် ပါလက်စတိုင်းမြို့တစ်မြို့ဖြစ်သော ရာဖာကို စစ်ဆင်နွှဲဖို့ နေတန်ရာဟု၏ ဆုံးဖြတ်ချက်က ဂါဇာစစ်ကို ပိုမိုကျယ်ပြန့်သွားစေသည့်အပြင် အီရန်နှင့် အစ္စရေး ထိပ်တိုက်စစ်ဖြစ်ဖို့ အထိ နီးစပ်လာသည့် အခြေအနေတွေဖြစ်လာကြောင်း သုံးသပ်၍ ရနိုင်ပါသည်။ အီရန်သာ စစ်ပွဲထဲ ပါဝင်လာလျှင် အီရန်ကိုထောက်ခံသည့် အင်အား လေးသိန်းခန့်ရှိ ယီမင်ဟူသီတို့ကြောင့် ဒေသတွင်း စစ်ပွဲကြီးအထိ စစ်မီးတောက်လာနိုင်ကာ အစ္စရေးဘက်က အမေရိကန်နှင့် နေတိုး၊ အီရန်ဘက်က တရုတ်၊ ရုရှားတို့ပါဝင်လာမည့် တတိယကမ္ဘာစစ်အထိ အချိန်မရွေးကူးပြောင်းသွားနိုင်ပုံကို သတိထားရမည် ဖြစ်ပါသည်။

**အမျိုးသားလုံခြုံရေးကို ဘယ်အရာတွေက ခြိမ်းခြောက်နေသလဲ**

စစ်နှင့် အနိဋ္ဌာရုံက ဒွန်တွဲနေတာကြောင့် စစ်ဖြစ်တာကို ယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းက ဘယ်သူကမှ ကြိုက်မည်မထင်ပါ။ သို့သော် စစ်ကို ခေါ်လာသူ၊ ခေါ်နေသူ ဘယ်သူသေသေ ငတေမာ ပြီးရော လူမိုက်တွေကြောင့် စာမျက်နှာ ၉ သို့ »»

**မြန်မာ့တပ်မတော်ကို ဝန်းရံပေးဖို့ ပြည်သူ့အားကိုလိုသည်။ ပြင်ပက မိတ်ဆွေစစ်စစ်များကိုလည်း ရှာဖွေထားနိုင်ရမည်။ အမြဲတမ်းမိတ်ဆွေ အမြဲတမ်းရန်သူဟူ၍မရှိမှု၍ ပြင်ပကိုအများကြီးမှီခိုနေရန်လည်း မလိုပါ။ US နှင့် NATO ကို ယုံကြည်မှီခိုလွန်းပြီး စစ်တိုက်ခဲ့သည့် ဇာလန်စကီး၏ ရေရှည်မလွယ်သောအဖြစ်မျိုးကိုလည်း သင်ခန်းစာယူနိုင်ရမည်။ ထို့ကြောင့် ကိုယ့်ပြည်တွင်းအားသည်သာ အဓိက။ ကိုယ့်အင်အားသည် ကိုယ့်ပြည်တွင်းမှာသာ ရှိသည်ဟူသော အမြဲမှန်သောအယူအဆကိုသာ ကိုင်စွဲရမည်ဖြစ်သည်။ သူများ စစ်ပြင်ချိန်မှာ ကိုယ်က မပြင်ဆင်နိုင်လျှင် တစ်ပန်းရှုံးမည်ဖြစ်ပြီး ရန်သူကို ပြင်ဆင်ချိန်မပေးခြင်းက စစ်ကိုအောင်နိုင်ရာဖြစ်ပါမည်။ အကန့်အသတ်မဲ့စစ်ပွဲကြီးများ အသံပေးလာချိန် အမေကျော် ဒွေးတော်လွမ်း အကြောက်လွန်သူများ ဘယ်နိုင်ငံပြေးပြေး လွတ်မည်မထင်ပါ။**

# ဟိုပုံးမြို့နယ်အတွင်း အကြမ်းဖက်အဖွဲ့အစည်းများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာ ၁၆ ရွာ အနက် ဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ်




ဟိုပုံး မေ ၁၁

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဟိုပုံးမြို့နယ်အတွင်း အကြမ်းဖက်အဖွဲ့များကြောင့် ထိခိုက်ပျက်စီးမှု ခံစားရသူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အကြမ်းဖက်အဖွဲ့အစည်းများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ကျေးရွာ ၁၆ ရွာရှိ ဘေးသင့်အိမ်ထောင်စု ၃၄၁ စုအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ အိမ်ထောင်စု ၃၄၁ စု အတွက် ထောက်ပံ့ငွေစုစုပေါင်း ၅၁၁၅ သိန်းအားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြည်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေစုစုပေါင်း ၁၄၁ ဒသမ ၂၁၆ သိန်းအပြင် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးပါ အစုံ၁၅၀ နှင့် အလှူဇင့်သွပ် ခုနစ်ပေ ၁၁၅၄၅ ချပ်အားလည်းကောင်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် မေလအထိ တိုက်ပွဲဖြစ်စဉ်များကြောင့် နေအိမ်များမှ ယာယီစွန့်ခွာသူများအတွက် စားရေရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၉၄၃၉၈၄၀၀၀ ထောက်ပံ့လှူဒါန်းနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ်အတွင်း အကြမ်းဖက်အဖွဲ့များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ် ၃၆၇ လုံးအတွက် အချိုးကျထောက်ပံ့ငွေ၊ မျိုးစပါးတင်း ၃၅၀၊ လုံခုတ်၊ ပေါင်လင်းဌာနေ ပြည်သူ့စစ်များအတွက် ဆန်အိတ် ၁၈၀ တို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ထောက်ပံ့ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူ၍လည်းကောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်က နေအိမ် ၃၆၇ လုံးအတွက် အချိုးကျထောက်ပံ့ငွေ ပေးအပ်ရာ ဒုံကောင်ကျေးရွာမှ ဦးမောင်ညွန့်က လက်ခံ၍လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ရန်ပုံငွေ၊ အမိုးသွပ်နှင့် ကယ်ဆယ်ရေး ၁၅ မျိုးပါ ပုံများ ထောက်ပံ့ပေးအပ်ရာ စအွန်ကျေးရွာ၊ ယုတ်ပေးကျေးရွာ၊ နမ့်ဟူးကျေးရွာရှိ ပြည်သူများကလက်ခံ၍လည်းကောင်း၊ ရှမ်းပြည်နယ် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ဘေးသင့်ပြည်သူ ၂၇၁၄ ဦး အတွက် ဆန်အိတ် ၃၉၆ အိတ် ထောက်ပံ့ပေးအပ်ရာ လွယ်ဝိုးတုတ် ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက လက်ခံ၍ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ထောက်ပံ့ပေးသော မီးဖိုချောင်သုံး သီးနှံပစ္စည်းများအား တပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်က ထောက်ပံ့ပေးအပ်ရာ ပန်လျန်းကျေးရွာမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်းနှင့် ဟိုပုံးမြို့နယ်အတွင်း အကြမ်းဖက်အဖွဲ့အစည်းများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာများအား ပထမအကြိမ်နှင့် ဒုတိယအကြိမ် စုစုပေါင်းထောက်ပံ့မှုမှာ ၁၄၉၇၆၃၃၆၅ ကျပ် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၁၃၈၅ ခုနှစ် တောင်ကြီးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပမည့် ဗဟိုမဏ္ဍပ် ဆောက်လုပ်ပြင်ဆင်နေမှုနှင့် လမ်းလျှောက်သင်္ကြန်ပြင်ဆင်နေမှုတို့ကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကော့ကရိတ်မြို့ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေး



ကော့ကရိတ် မေ ၁၁

ကော့ကရိတ်မြို့ နစ်ဘူးနှစ်ခြားကျေးရွာရှိ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းနှင့် နဘူးတောရကျောင်း၌ ကျေးရွာအုပ်စုအတွင်း ရောက်ရှိနေသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား မေ ၂ ရက်မှ စတင်၍ World Food Programme (WFP) အဖွဲ့မှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် World Food Programme (WFP) အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါ်နန်းစံအေးနှင့် အဖွဲ့များက နဘူးနှစ်ခြားကျေးရွာ အောင်သိဒ္ဓိဘုန်းတော်ကြီး ကျောင်းတွင် ယာယီတိုက်ပွဲရှောင် နေထိုင်လျက်ရှိသည့် သရက်တော၊ ခနိမ်းဖော်၊ ထီဖိုးဖံ၊ နောင်တပွဲ၊ နောင်ထပွဲ၊ နဘူးနှစ်ခြားကျေးရွာများမှ အိမ်ထောင်စု ၈၀၆ စု၊ လူဦးရေ ၃၁၇၃ ဦးအတွက် မေလနှင့် မေလ နှစ်လစာ လူတစ်ဦးလျှင် ဆန် ၂၇ ကီလို၊ ပဲ ၃ ဒသမ ၆ ကီလို၊ ဆီ ၁ ဒသမ ၈ ကီလို၊ ဆား သုည ဒသမ ၃ ကီလိုဖြင့် စုစုပေါင်း ဆန် ၈၄ ဒသမ ၆၉၉ တန်၊ ပဲ ၁၁ ဒသမ ၂၉၃ တန်၊ ဆီ ၅ ဒသမ ၆၄၇ တန်၊ ဆား သုည ဒသမ ၉၄၂ တန်၊ အာဟာရမုန့် ၁ ဒသမ ၆၅ တန်နှင့် နဘူးတောရကျောင်းတွင် ကျုံဘိုင်း၊ ထီကလေး၊ အင်းရှည်၊မြပတိုင် ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၃၈၅ စု၊ လူဦးရေ ၁၅၉၈ ဦး အတွက် ဆန် ၄၃ ဒသမ ၁၄၆ တန်၊ ပဲ ၅ ဒသမ ၇၅၃ တန်၊ ဆီ ၂ ဒသမ ၈၇၆ တန်၊ ဆား သုည ဒသမ ၄၇၉ တန်၊ အာဟာရမုန့် သုည ဒသမ ၈၃၄ တန်ရှိ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့ရာ ကော့ကရိတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

»» စာမျက်နှာ ၈ မှ

စစ်ကိုရှောင်လွှဲလို့မရမည့် အခြေအနေတွေထိ ရောက်လာနိုင်သည်ကို ပြည်သူအားလုံးက သတိချပ်ရပါမည်။ ယခု ကမ္ဘာကြီးမှာဖြစ်နေသည့် စစ်ပွဲတွေက တတိယကမ္ဘာစစ် WW III အဖြစ် အမည်မတွင်သေးသော်လည်း ကမ္ဘာလုံးဆိုင်ရာပဋိပက္ခအသွင် World Crisis အသွင်ကိုတော့ ဆောင်လာနေပါပြီ။

**WW I နှင့် WW II စစ်ပွဲကြီးများထက် WW III မှာ နည်းပညာမြင့် လက်နက်ဆန်းများသုံးပြီး လူသားတွေ ပိုပြီးသေကျေကြမယ့်အရေး ထင်ရှားမြင်လာကြသည့်အတွက် တတ်နိုင်သမျှ စစ်ကိုတားဖို့ကြိုးစားနေသော်ငြား ကျွန်တော်တို့နိုင်ငံ၏ မြန်မာပြည်သူတွေ အနိုင်ကျင့်မခံရအောင်တော့ ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။ အရှေ့နှင့် အနောက်လွန်ဆွဲပွဲမှာ မဟာဗျူဟာမြောက် ခတ်ကွင်းအကျဆုံးဖြစ်နေရသည့် မိမိနိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ဘယ်လိုအရာတွေက ခြိမ်းခြောက်လာနေသလဲဆိုတာ အချိန်ပြည့် ဆန်းစစ်ပြီး နိုင်ငံရေးဝမ်းစာပြည့်နေရမည်ဖြစ်သည်။ ယနေ့ကမ္ဘာကြီးမှာ ဖြစ်ပျက်နေသည့် ပဋိပက္ခမှန်သမျှသည် အင်အားကြီးတို့၏ ပထဝီနိုင်ငံရေးကစားပွဲ၊ ပထဝီစီးပွားရေး အကျိုးစီးပွား၊ အဂတိတရားများနှင့် ကင်းလွတ်သည်ဟူ၍ မရှိပါ။ အကျိုးစီးပွားနှင့် ပဋိပက္ခ ဆက်စပ်နယ်ပယ်တွေကို မြင်နိုင်လျှင် ဘယ်နိုင်ငံက ကိုယ့်မိတ်ဆွေ ဘယ်သူကတော့ ဒုက္ခပေးမယ့်ရန်သူ စသည်ဖြင့် ခွဲခြားမြင်နိုင်စွမ်း ရှိလာမည်ဖြစ်သည်။ အားလုံးက ဒစ်ဂျစ်တယ်ဟူ၍ ဖြစ်လာချိန်မှာ နိုင်ငံအဆင့် ဆိုက်ဘာတိုက်ခိုက်မှုများကလည်း ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာနေသည်ကိုလည်း မပေါ့မလျော့ သတိထားရန်လိုသည်။**

**သင်ခန်းစာအရ မိမိအင်အားသည်သာအဓိက**

ကမ္ဘာအနှံ့စစ်ပွဲခေါ်သံတွေကြောင့် အချို့နိုင်ငံတွေမှာ တစ်နိုင်ငံလုံး စစ်လေ့ကျင့်နေကြတဲ့မြင်ကွင်းတွေကို ကြားသိနေရသည်။ မြန်မာနိုင်ငံတွင် လက်ရှိ အကောင်အထည်ဖော်နေသော ပြည်သူ့စစ်မှုထမ်း အခြေအနေက အားရစရာတွေရှိနေပြီး ဒီဥပဒေကို အကောင်အထည်ဖော်ဖြစ်သွားတာ အလွန်ကောင်းသွားသည်။ တချို့သောအရာတွေက ပေးဆပ်မှု အရင်းအနှီးအများကြီးအောက်မှာ သင်ခန်းစာယူစရာ များစွာရလိုက်ပြီလို့ ယူဆပါသည်။

ပြောင်းလဲလာသည့်နည်းပညာကို အဓိက အားကိုး၍ ရန်သူကျင့်သုံးနေသော တိုက်ပွဲပရိယာယ်ကို မိမိတို့ ခံစစ်နည်းပရိယာယ်အသစ်က ဘယ်လိုတုံ့ပြန်မည်လဲ၊ ခေတ်သစ် ဒရုန်းစစ်ပွဲတွေက တန်ဖိုးကြီးလက်နက်တွေနေရာမှာ အရင်းအနှီးနည်းနည်းနှင့် ဘယ်လို စစ်ဆင်ရမည်ဆိုသည်တွင် အတွေ့အကြုံများစွာရခဲ့ပြီဟု ယူဆနိုင်သည်။ အားနည်းချက်၊ အားသာချက်ကိုဖွေရှာပြီး ဒီအချိန်မှာ တပ်မတော်အင်အားနှင့် ပြည်သူစစ်စစ်တို့၏ အင်အားကို အားထည့်တည်ဆောက်ရပေတော့မည်။

**မြန်မာ့တပ်မတော်ကို ဝန်းရံပေးဖို့ ပြည်သူ့အားကိုလိုသည်။ ပြင်ပက မိတ်ဆွေစစ်စစ်များကိုလည်း ရှာဖွေထားနိုင်ရမည်။ အမြဲတမ်းမိတ်ဆွေ အမြဲတမ်းရန်သူဟူ၍မရှိမှု၍ ပြင်ပကို အများကြီးမှီခိုနေရန်လည်း မလိုပါ။ US နှင့် NATO ကို ယုံကြည်မှီခိုလွန်းပြီး စစ်တိုက်ခဲ့သည့် ဇာလန်စကီး၏ ရှေ့ရှည်မလွယ်သော အဖြစ်မျိုးကိုလည်း သင်ခန်းစာယူနိုင်ရမည်။ ထို့ကြောင့် ကိုယ့်ပြည်တွင်းအားသည်သာ အဓိက ကိုယ့်အင်အားသည် ကိုယ့်ပြည်တွင်းမှာသာရှိသည် ဟူသော အမြဲမှန်သောအယူအဆကိုသာ ကိုင်စွဲရမည်ဖြစ်သည်။ သူများစစ်ပြင်ချိန်မှာ ကိုယ်ကမပြင်ဆင်နိုင်လျှင် တစ်ပန်းရှုံးမည်ဖြစ်ပြီး ရန်သူကို ပြင်ဆင်ချိန်မပေးခြင်းက စစ်ကိုအောင်နိုင်ရာဖြစ်ပါမည်။ အကန့်အသတ်မဲ့စစ်ပွဲကြီးများ အသံပေးလာချိန် အမေကျော် ဒွေးတော်လွမ်း အကြောက်လွန်သူများ ဘယ်နိုင်ငံပြေးပြေး လွတ်မည်မထင်ပါ။**

တစ်ခုပဲရှိသည်။ စုပေါင်းအင်အားတည်ဆောက်ဖို့ရန် ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံကိုယ်ကာကွယ်လိုစိတ်များ ပေါ်ပေါက်နေရမည်။ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ဆိုပါတော့၊ ဒီမြေ၊ ဒီပြည်ကို ဒို့သာပိုင်ရမည်ဆိုသည့် စိတ်ဓာတ်မျိုးဖြစ်သည်။ သို့သော် စုပေါင်းအားကို ကျိုးပျက်စေသည့် ကိုယ်ကျိုးကြည့်မစ္ဆရိယစိတ် ရန်လိုမှုနှင့် သံသယတွေကိုတော့ အတ္တကင်းကင်းဖြင့် ပယ်ဖျောက်နိုင်အောင် ကြိုးစားကြရဦးမည်။

အတွင်းအပြင်ပဋိပက္ခများနှင့် တိုင်းပြည်၏ ကံကြမ္မာအရေးကြီးနေချိန်မှာ ခွင့်လွှတ်နိုင်လျှင်၊ နားလည်ပေးနိုင်လျှင်၊ မေတ္တာထားနိုင်ကြလျှင်တော့ အကောင်းဆုံးပါပဲ။ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်ဖို့ သွေးနှင့်နီးမယ့်လူတွေကသာ အဓိကမဟုတ်ပါလား။ လောလောဆယ်တော့ ကမ္ဘာဖျက်မယ့်အကြံအစည်တွေကြောင့် မိမိကိုယ်မိမိ၊ မိမိလူ့ အဖွဲ့အစည်း၊ မိမိနိုင်ငံ မပျောက်ပျက်အောင် စစ်ကိုသာပြင်ထားကြရဦးတော့မည်။

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပဲခူး မေ ၁၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတူ မေ ၁၀ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အုတ်တွင်းမြို့နယ် နတ်စဉ်ကုန်းကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကွင်းတစ်ဆက်တည်း နွေစပါးဧက ၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု၌ စိုက်ပျိုးရေရရှိရေးနှင့် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ဆောင်ရွက်ပေးခဲ့မှုကြောင့် တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာ ဧက ၁၅၀ နွေစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ကျေးလက်ဒေသများရှိ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာတွင်းလမ်းများ၏ ဘေးဝဲယာတွင် စိုက်ပျိုးရန်အတွက် အရိပ်ရပြီး စားသုံးနိုင်သည့် ပေါက်ပန်းဖြူပင်၊ ကြောင်လျှာပင်နှင့် မန်ကျည်းပင်များ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒိုက်ဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄ ခုနှစ် အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကာ အခြေခံစာတတ်မြောက်ရေးတွင် စိတ်ပါဝင်စားစွာ လာရောက်လေ့လာသင်ယူနေသည့် အသက် (၉၅)နှစ်ကျော် အဘွားသုံးဦးတို့အား ထောက်ပံ့ငွေများ ဂုဏ်ပြုပေးအပ်ခဲ့ကာ စာသင်ဝိုင်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ် ကျေးရွာ၌ ဒေသကြက်ကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုနှင့် ဖူးစားပြောင်းစံပြစိုက်ခင်းတို့အား ကြည့်ရှုအားပေးခဲ့ပြီး ပေါက်တပင်ကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခဲ့မှုကြောင့် တစ်နှစ်သုံးသီး တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာ ဧက ၄၅၀ နွေစပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မြေသြဇာကော်မတီ၏ (၄၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၁

မြေသြဇာကော်မတီ၏ (၄၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် မြေသြဇာကော်မတီအဖွဲ့ဝင်များ၊ မြေသြဇာကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။



အစည်းအဝေးတွင် မြေသြဇာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဓာတ်မြေသြဇာတင်သွင်းရောင်းချခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးခြင်း စသည့်လုပ်ငန်းများကို တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း ဓာတ်မြေသြဇာတင်သွင်းရောင်းချခြင်း တစ်ခုတည်းကိုသာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ မိမိနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ စီးပွားဖက်တောင်သူ လယ်သမားများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် သွင်းအားစုများ၏ အရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် အသိပညာပေးရေးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြေသြဇာပိုးသတ်ဆေးမျိုးစေ့ စသည့် သွင်းအားစုဆိုင်ရာ အသင်းအဖွဲ့ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တောင်သူများနှင့်အချိတ်အဆက်မိမိ စဉ်ဆက်မပြတ် ထိတွေ့ပြီး တောင်သူလယ်သမား အကျိုးစီးပွား ဖြစ်ထွန်းစေရေး ညှိနှိုင်းပေါင်းစပ်ကူညီမှုပေးရန် လိုအပ်ကြောင်း၊ အလားတူ နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းနှင့် ဆီထွက်အထူးဇုန်များ၊ ဝါသီးနှံအထူးဇုန်များတွင်လည်း မိမိတို့စွမ်းအားရှိသမျှ ဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရာတွင် အစိုးရ၊ ပုဂ္ဂလိကနှင့်တောင်သူလယ်သမားများအကြားကွက်လပ်မရှိကြစေရေးကို အထူးဂရုစိုက်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံကို ပြည်ပမှ တင်သွင်းရသော စိုက်ပျိုးရေး ဓာတုဆေးဝါးများကို မှီခိုကာ စိုက်ပျိုးထုတ်လုပ်နေကြရသော အခြေအနေမှ ကင်းလွတ်အောင် ကြိုးစားရန်တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြေသြဇာကော်မတီ အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို တင်ပြရာ မြေသြဇာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြေသြဇာ ကျွမ်းကျင်ပညာရှင်များက အကြောင်းအရာတစ်ခုချင်း အပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

မြေသြဇာကော်မတီအနေဖြင့် မြေသြဇာထုတ်လုပ်ခွင့်၊ တင်သွင်းခွင့် မှတ်ပုံတင်ပေးခြင်း လုပ်ငန်းများကို မြေသြဇာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိရာ အကြိမ် (၄၀)မြောက် မြေသြဇာကော်မတီ အစည်းအဝေးပြီးမြောက်ချိန်အထိ မြေသြဇာ မှတ်ပုံတင်လက်မှတ်ပေါင်း ၁၁၁၂၉ စောင် ခွင့်ပြုပေးနိုင်ခဲ့ပြီး ကာယကံရှင်၏ တင်ပြချက်အရ မြေသြဇာမှတ်ပုံတင် ၁၈၃၃ စောင် ပယ်ဖျက်ခဲ့ကြောင်း၊ အလားတူ သက်တမ်းကျော်လွန်သည့် မြေသြဇာမှတ်ပုံတင် ၂၆၈၉ စောင်ကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖျက်သိမ်းခဲ့ပြီးဖြစ်၍ ယနေ့အထိ မြေသြဇာမှတ်ပုံတင် ၆၆၀၇ စောင် ခွင့်ပြုလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါး၊ မိုးနှင့် ဆောင်း ဆီထွက်သီးနှံများအတွက် လိုအပ်သော ဓာတ်မြေသြဇာများကို တောင်သူများထံ မဖြန့်ဖြူးမီ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိ၊မရှိ မြေသြဇာနမူနာရယူ၍ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲ ဓာတ်ခွဲခန်းများ၌ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ရာသီချိန်မီ ဆောင်ရွက်နိုင်ရန် တောင်သူများ လိုအပ်သည့် ဓာတ်မြေသြဇာများ တင်သွင်းနိုင်စေရန် ကြိုတင်ခွင့်ပြုမိန့် ထုတ်ပေးထားသည့် ကိစ္စရပ်များကို ယနေ့ အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပူတာအိုမြို့နယ်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တည်ဆောက်သည့် ဆန်း သမဝါယမအသင်းပိုင် ဆန်စက်မှာ အောင်မြင်လျက်ရှိ

ပူတာအို မေ ၁၁

ကချင်ပြည်နယ် ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်ရှိ ဆန်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်သည် ပူတာအိုဒေသအတွင်း ဝမ်းစာဖူလုံရေး ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေကျပ် ၃၅ သန်း ရယူ၍ ၁၈ တန်ကျအဆင့်မြင့် ဆန်စက်အား ၂၀၂၃ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆန်း သမဝါယမအသင်းပိုင်ဆန်စက်အနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်သည့်ကာလအတွင်း စပါးတင်းပေါင်း ၄၈၂၃၈ တင်း၊ ဆန်တင်းပေါင်း ၂၂၅၀၀ ကျော်၊ ဆန်ကွဲတင်းပေါင်း ၃၇၀ ကျော်နှင့် ဖွဲတင်းပေါင်း ၆၇၀ ကျော် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ဒေသအတွင်းရှိ စပါးများအား ပိုမိုကြိတ်ခွဲပေးလာနိုင်ခြင်းနှင့် အရည်အသွေးကောင်းမွန်သည့်ဆန်များ ပိုမိုထွက်ရှိစားသုံးလာနိုင်ခြင်းတို့အပြင် တောင်သူများအား ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ကြိတ်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



# ထားဝယ်မြို့နယ်၌ မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ထားဝယ် မေ ၁၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနကကြီးမှူး၍ ပြည်သူ များအားမီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးနှင့် သိရှိလိုက် နာဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေရာတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဇော်လင်းထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက လူစည်ကားရာနေရာဖြစ်သည့် ထားဝယ်မြို့ ဇရစ်ရပ် မြို့မဈေးအနီး ခရီးသွားလာပြည်သူများနှင့်ဒေသခံပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်၊ အရေးပေါ်ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်နှင့် ၁၉၁ စတစ်ကာများ ဖြန့်ဝေခဲ့ကြသည်။ ငွေဇင်ယော်(ထားဝယ်)

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ၂၀၂၄ ခုနှစ် ဧပြီလအတွင်း (၁-၄-၂၀၂၄ ရက်နေ့မှ ၁၀-၄-၂၀၂၄ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS)နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide($SO_2$)၊ Nitrogen Dioxide($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုက် | နိုက် ထရိုဂျင် ဒိုင် အောက် ဆိုက် | အိုဇုန်း | ကာဗွန် မို နောက် ဆိုက် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | သန်လျင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | မတ္တရာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၅ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | ကသာမြို့ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ဟုမ္မလင်းမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၃ | လဟယ်မြို့ | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | မြိတ်မြို့ | ခံနိုင်ရည် နည်းပါးသူများ အတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဗန်းမော်မြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| | ၂ | တာချီလိတ်မြို့ | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သော အဆင့် | | | | | |
| | ၃ | ကျိုင်းတုံမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | | | | | |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များပါဝင်သော ဒုတိယအဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဧပြီ ၁၁**

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အခါသမယတွင် မြန်မာ–ကိုရီးယား နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲမည့် ကိုရီးယား K – pop အနုပညာရှင်များပါဝင်သော ဒုတိယအဖွဲ့သည် ယနေ့ညပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**ကြိုဆို**

အဆိုပါ ကိုရီးယား K–pop အနုပညာရှင်များ ဒုတိယအဖွဲ့တွင် DJ/Performances Lee, Saemi ဦးဆောင်သည့် ကိုရီးယားအနုပညာရှင် ငါးဦးအဖွဲ့သည် ယနေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ လည်းကောင်း၊ အနုပညာရှင်များ၏ ဓာတ်ပုံနှင့် အမည်စာတန်းပါ ကားချပ်များ ကိုင်ဆောင်၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သမ္မတဟိုတယ်တွင် တည်းခိုကြမည်ဖြစ်ပြီး ဧပြီ ၁၂ ရက်တွင် နေပြည်တော်သို့ လာရောက်ကြမည်ဖြစ်ကြောင်း၊ ကိုရီးယား K–pop အနုပညာရှင် ၁၉ ဦးပါအဖွဲ့သည် ဧပြီ ၁၄ ရက်တွင် ထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်းနှင့် ဧပြီ ၁၂ ရက်ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တင်ဆက်မည့် Friday Night Live Show တွင်လည်း ကိုရီးယားနာမည်ကျော် တေးသံရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ(၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၁၁**

အမျိုးသားရေဥပဒေ ဒုတိယမူကြမ်း အချောသတ်ဆွေးနွေးအတည်ပြုရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေး ကော်မတီများမှ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး ဗဟိုကော်မတီ၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးအကြံပြုချက်များ၊ ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အကြံပြုချက်များကို ပေါင်းစပ်ညှိနှိုင်းကာ အမျိုးသားရေဥပဒေ ဒုတိယမူကြမ်းကို အချောသတ်ရေးဆွဲပြီးဖြစ်၍ ယနေ့အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်း၊ အတည်ပြုပြီး ရရှိလာမည့် အမျိုးသားရေဥပဒေ တတိယမူကြမ်းကို ရေနှင့် ဆက်နွှယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ထံပေးပို့ကာ အကြံပြုချက်နှင့် သဘောထား မှတ်ချက်များရယူပြီး ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ရေကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါပြီး လိုအပ်ချက်တစ်ခုဖြစ်သည့် အမျိုးသားရေ ဥပဒေတစ်ရပ် ပေါ်ပေါက်ရေးအတွက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များ အနေဖြင့် တတ်စွမ်းသမျှ ဆက်လက်ပူးပေါင်းပံ့ပိုးကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး(၁)၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားရေဥပဒေမူကြမ်း ရေးဆွဲရေးနှင့်စပ်လျဉ်းသည့် နောက်ခံသမိုင်း၊ အမျိုးသားရေဥပဒေ ဒုတိယမူကြမ်း/ချောနှင့် ရှေ့လုပ်ငန်းစဉ်လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားရေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများက အမျိုးသားရေဥပဒေ ဒုတိယမူကြမ်း/ ချောအပေါ် ပြင်ဆင်လိုသော အချက်များ၊ ထပ်မံဖြည့်စွက်လိုသော အချက်များ၊ ပြုပြင်လိုသော စကားရပ်များနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ညှိနှိုင်းဆွေးနွေး အတည်ပြုခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆန်း(၅)ရက်နေ့မှ (၈) ရက်နေ့အထိ(၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ရေကစားခြင်း၊ သင်္ကြန်ယိမ်း အကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇:၀၀ အချိန်မှ ညနေ ၁၈:၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၀ | ၂၈၇၀ | ၂၈၆၅ | ၂၈၃၀ | ၂၈၇၀ | ၂၈၉၀ | ၂၈၇၅ | ၂၈၅၅ | ၂၉၅၀ | ၂၉၇၀ | ၂၈၆၀ | ၂၈၇၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၃၀ | ၃၁၄၀ | ၃၄၅၀ |
| 95 Ron | ၂၉၃၀ | ၂၉၈၀ | ၂၉၈၀ | ၂၉၄၀ | ၂၉၈၀ | ၃၀၀၀ | ၂၉၈၅ | ၂၉၆၅ | ၃၀၆၅ | ၃၀၈၀ | ၂၉၇၀ | ၂၉၉၀ | ၃၀၁၅ | ၃၀၁၅ | ၃၀၂၀ | ၃၂၅၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၈၀၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၅၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၅၃၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၇၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၅ | ၂၆၈၅ | ၂၆၈၀ | ၂၅၇၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၁၅ | ၂၆၂၀ | ၂၈၅၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၂ | ၂၇၈၀ |
| 95 Ron | ၂၈၀၀ | ၂၈၉၀ |
| HSD (500 ppm) | ၂၃၆၇ | ၂၄၄၄ |
| HSD (50 ppm) | ၂၄၁၁ | ၂၄၈၉ |
| HSD (10 ppm) | ၂၄၁၁ | ၂၄၈၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၄၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## "မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆန်း(၅)ရက်နေ့မှ (၈)ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ"

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗိုးတက်)မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။

(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်းရှိ/မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

### ၁၂-၄-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်သော အာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းများ

| စဉ် | အာဆီယံနိုင်ငံများ | ဓာတ်ဆီ(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၈၄၆ ကျပ် |
| ၂။ | လာအို | ၅၀၃၉ ကျပ် |
| ၃။ | ဖိလစ်ပိုင် | ၄၃၅၆ ကျပ် |
| ၄။ | ထိုင်း | ၄၃၀၆ ကျပ် |
| ၅။ | ကမ္ဘောဒီးယား | ၄၁၃၄ ကျပ် |
| ၆။ | ဗီယက်နမ် | ၃၂၉၂ ကျပ် |
| ၇။ | အင်ဒိုနီးရှား | ၃၀၄၆ ကျပ် |
| ၈။ | မြန်မာ | ၂၉၃၀ ကျပ် |
| ၉။ | မလေးရှား | ၁၄၃၂ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၁၂၉၉ ကျပ် |

| စဉ် | အာဆီယံနိုင်ငံများ | ဒီဇယ်(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၈၉၅၁ ကျပ် |
| ၂။ | ဖိလစ်ပိုင် | ၄၁၃၄ ကျပ် |
| ၃။ | ကမ္ဘောဒီးယား | ၃၃၅၅ ကျပ် |
| ၄။ | အင်ဒိုနီးရှား | ၃၂၈၅ ကျပ် |
| ၅။ | လာအို | ၃၂၀၆ ကျပ် |
| ၆။ | ဗီယက်နမ် | ၂၈၁၈ ကျပ် |
| ၇။ | ထိုင်း | ၂၆၉၅ ကျပ် |
| ၈။ | မြန်မာ | ၂၅၃၀ ကျပ် |
| ၉။ | မလေးရှား | ၁၅၀၂ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၇၅၉ ကျပ် |

သက်ဆိုင်ရာနိုင်ငံအလိုက် US ဒေါ်လာဈေးနှုန်းအား ပြည်တွင်း Market Exchange Rate ဖြင့် တွက်ချက်ထားပါသည်။

# တောင်ကိုရီးယား ပါလီမန်ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီက အမတ်နေရာအများစု ရရှိ



**ဆိုးလ် မေ ၁၁**

တောင်ကိုရီးယား ပါလီမန်ရွေးကောက်ပွဲတွင် အဓိက အတိုက်အခံ ဒီမိုကရက်တစ်ပါတီသည် ၎င်း၏ ပါလီမန်အမတ်နေရာအများစုကို ရရှိကြောင်း တောင်ကိုရီးယား ရုပ်သံလိုင်း KBS က သတင်းဖော်ပြသည်။

အာဏာရ ပြည်သူ့အင်အားပါတီက ရှုံးနိမ့်ခဲ့ပြီးနောက် ဝန်ကြီးချုပ် ဟန်ဒက်ဆိုး ရာထူးမှ နုတ်ထွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော် လုံခြုံရေးရုံးမှ အတွင်းရေးမှူးများမှ လွဲ၍ မူဝါဒရေးရာ အကြီးအကဲနှင့် အတွင်းရေးမှူးများ အပါအဝင် အကြီးတန်းအတွင်းဝန်များ အားလုံး နုတ်ထွက်စာတင်ခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးက ပါလီမန်ရွေးကောက်ပွဲတွင် ထုတ်ဖော်ပြသခဲ့သည့် ပြည်သူများ၏ဆန္ဒကို လေးစားစွာ လက်ခံသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အရေးကို ပြုပြင်ပြောင်းလဲရန်နှင့် စီးပွားရေးနှင့် ပြည်သူများ၏ စားဝတ်နေရေး တည်ငြိမ်စေရန် အစွမ်းကုန် ကြိုးပမ်းသွားမည်ဟု သမ္မတရုံးက ပြောကြားသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၃၀၀ အတွက် နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရှင်ပြည်သူများက မဲရုံ ၁၄၂၅၉ ရုံတွင် ဆန္ဒမဲများ ပေးခဲ့သည်။

အဓိက အတိုက်အခံ ဒီမိုကရက်တစ်ပါတီနှင့် ကိုရီးယား ပြန်လည်ထူထောင်ရေးပါတီတို့သည် ပါလီမန် ရွေးကောက်ပွဲတွင် အမတ်နေရာ ငါးပုံ သုံးပုံကျော် အနိုင်ရခဲ့သည်။

မကြာမီ သမ္မတရာထူးသက်တမ်းကို တတိယနှစ်တာ တာဝန်ထမ်းဆောင်မည့် သမ္မတ ယွန်ဆက်ယိုးက ၎င်း၏ ပြည်သူ့အင်အားပါတီသည် ဥပဒေပြုလွှတ်တော်တွင် အမတ်နေရာ အနည်းငယ်သာ ရရှိသောကြောင့် ၎င်း၏မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရန် ခက်ခဲမှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တိုကျိုမြို့တော်ရှိ ကုန်တိုက်တစ်ခု၌ ရွှေလက်ဖက်ရည်ခွက်တစ်လုံး ပျောက်ဆုံး

**တိုကျို မေ ၁၁**

တိုကျိုမြို့တော်ရှိ ကုန်တိုက်တစ်ခု၌ ရွှေလက်ဖက်ရည်ခွက်တစ်လုံး ပျောက်ဆုံးခဲ့ကြောင်း တိုကျိုရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။



တိုကျိုရဲတပ်ဖွဲ့က ကုန်တိုက်တစ်ခုမှ ယန်း ၁၀ သန်း (အမေရိကန်ဒေါ်လာ ၆၅၀၀၀) ဝန်းကျင်တန်ဖိုးရှိ ရွှေလက်ဖက်ရည်ခွက်ကို ခိုးယူခဲ့သည့် အမျိုးသားတစ်ဦးကို ရှာဖွေနေကြောင်း သိရသည်။

တိုကျိုမြို့တော် နီဟွန်ဘာရှိခရိုင်ရှိ တာကာရှီမာယာ နာမည်ကြီး ကုန်တိုက်မှ ဝန်ထမ်းတစ်ဦးက မေ ၁၁ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ရွှေလက်ဖက်ရည်ခွက်အခိုးခံရကြောင်း ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့သည်။

ကုန်တိုက်ရှိ ရွှေထည်ပစ္စည်းများ ပရိမိုးရှင်း ရောင်းချပွဲ၌ ရွှေစင်ဖြင့် ပြုလုပ်ထားသည့် လက်ဖက်ရည်ခွက်ကို ခင်းကျင်းပြသထားကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ရွှေလက်ဖက်ရည်ခွက်ကို အရောင်းပြခန်းအတွင်း ထည့်ထားသော်လည်း သော့ခတ်ထားခြင်းမရှိကြောင်းနှင့် လုံခြုံရေးကင်မရာ မှတ်တမ်းများအရ အမျိုးသားတစ်ဦးသည် ရွှေခွက်ကိုယူ၍ ၎င်း၏ ကျောပိုးအိတ်ထဲသို့ ထည့်သွားကြောင်း ရဲအရာရှိများက ဆိုသည်။

အဆိုပါ အမျိုးသားသည် အသက် ၂၀ မှ ၃၀ အတွင်းရှိပြီး မျက်မှန်၊ မီးခိုးရောင် အင်္ကျီ၊ အနက်ရောင်ဘောင်းဘီတို ဝတ်ဆင်ထားပြီး မီးခိုးရောင် ကျောပိုးအိတ်ကို ကိုင်ဆောင်ထားကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

တာကာရှီမာယာ ကုန်တိုက်၏ ပရိမိုးရှင်းပွဲကျင်းပရာနေရာ၌ တာဝန်ကျသော လုံခြုံရေးအစောင့်များ ရှိသော်လည်း ခိုးယူမှုဖြစ်ပွားပြီး မိနစ် ၂၀ ခန့်အထိ မည်သူမျှ သတိမပြုမိခဲ့ပေ။

ယခုကဲ့သို့ ခိုးယူခံရမှုများ ထပ်မံမဖြစ်ပွားရေးအတွက် လုံခြုံရေးကို ပိုမိုတင်းတင်းကျပ်ကျပ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်တိုက်မှ တာဝန်ရှိသူများက ပြောသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမသုံးလအတွင်း ပလတ်စတစ်အိတ်တင်သွင်းမှု ၇၄ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း

**ဖနောင်ပင် မေ ၁၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုဆောင်ရွက်နေသောကြောင့် ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ပလတ်စတစ်အိတ် တင်သွင်းမှု သိသိသာသာ ကျဆင်းခဲ့ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ပလတ်စတစ်အိတ် ၂၁ ဒသမ ၅ တန်ခန့်တင်သွင်းခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ၈၄ ဒသမ ၈ တန် (၇၄ ဒသမ ၆ ရာခိုင်နှုန်း) ကျဆင်းခဲ့ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံအတွင်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည့် ပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားမှုကြောင့် ယခုကဲ့သို့ ပလတ်စတစ်တင်သွင်းမှု သိသိသာသာ ကျဆင်းသွားခြင်းဖြစ်ကြောင်းနှင့် ယင်းပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှုသည် နိုင်ငံသား ၇ ဒသမ ၆ သန်း၏ ထောက်ခံအားပေးမှုကိုရရှိခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီး Eang Sophalleth က ပြောကြားခဲ့သည်။

"နိုင်ငံအား သန့်ရှင်း၊ စိမ်းလန်းပြီး ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ဖို့ လူတွေက ပလတ်စတစ်အိတ်အသုံးပြုမှုကို လျှော့ချဖို့ ကတိကဝတ်ပြုခဲ့တယ်ဆိုတာကို ပလတ်စတစ်အိတ်တင်သွင်းမှု သိသိသာသာ ကျဆင်းလာတဲ့အချက်က ရှင်းရှင်းလင်းလင်း ပြသနေပါတယ်" ဟု ၎င်းက ဆင်ဟွာသို့ မှတ်ချက်ပြု ပြောကြားခဲ့သည်။

ပလတ်စတစ် ကင်းစင်ရေး ထောက်ခံသူများသည် တစ်ပတ်လျှင် အနည်းဆုံး တစ်ရက် ပလတ်စတစ်အိတ်များ အသုံးမပြုရေး ဆောင်ရွက်နေပြီး ၎င်းတို့၏ ဆောင်ရွက်ချက်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် သန့်ရှင်းစိမ်းလန်းသော ကမ္ဘောဒီးယားနိုင်ငံကို တည်ဆောက်ရာတွင် ကူညီရာရောက်ကြောင်း ၎င်းကထပ်လောင်း ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင်ပင် နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံအတွင်း ၆၀ ရာခိုင်နှုန်း သစ်တောဖုံးလွှမ်းရေးနှင့် ကာဗွန်ကင်းစင်ရေး ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် ပြည်သူများအား သစ်ပင်များ စိုက်ပျိုးရန်လည်း ၎င်းက ညွှန်ကြားခဲ့သည်။

**ကိုးကား– ခမာတိုင်းမ်စ်**
**ဘာသာပြန်– စိုးသူရ**





# ဖိလစ်ပိုင်နိုင်ငံ၌ ဖေဖော်ဝါရီလတွင် အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့ကျ

**မနီလာ မေ ၁၁**

ဖိလစ်ပိုင်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဇန်နဝါရီတွင် ၄ ဒသမ ၅ ရာခိုင်နှုန်းမှ ဖေဖော်ဝါရီလတွင် ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း ဖိလစ်ပိုင် စာရင်းအင်းအာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားသည်။

ဖေဖော်ဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံသား ၁ ဒသမ ၈ သန်း အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး ဇန်နဝါရီလတွင် ရှိခဲ့သည့် အလုပ်လက်မဲ့နှုန်း ၂ ဒသမ ၁၅ သန်းထက် လျော့နည်းသွားကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့အကြီးအကဲ ဒန်နစ် မာပါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အလုပ်အကိုင်ဖန်တီးပေးသည့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန် ဖိလစ်ပိုင်အစိုးရက ပိုမိုကောင်းမွန်သော မူဝါဒနှင့် ပတ်ဝန်းကျင်ကို ဖန်တီးရန် ကတိပြုထားကြောင်း အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး အာဆန်နီယို ဘာလီဆာကန်က ပြောကြား သည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အရေးကြီးသည့် ဓာတ်သတ္တုများကဲ့သို့ ဦးစားပေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့် အစီအမံများကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဘာလီဆာကန်က မှတ်ချက်ပြု ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# နိုင်ငံရေးအကျဉ်းသားကို ထောင်ဝန်ထမ်းများက ဝိုင်းဝန်းရိုက်နှက်ပြီး သေဆုံးသွားကြောင်း မဟုတ်မမှန်သတင်းများဖော်ပြ

**နေပြည်တော် မေ ၁၁**

မြင်းခြံဗဟိုအကျဉ်းထောင်တွင် အသက် ၂၂ နှစ်အရွယ် နိုင်ငံရေးအကျဉ်းသား နိုင်ဝင်းထွန်းကို ထောင်ဦးစီးမှူးနှင့် ထောင်ဝန်ထမ်းများက ဝိုင်းဝန်းရိုက်နှက်ပြီး ငါးရက်အကြာတွင်သေဆုံးသွားကြောင်း Khit Thit အမည်ခံ Facebook Page တွင် မဟုတ်မမှန်သတင်းများ ဖော်ပြထားသည်ကို တွေ့ရသည်။

**နိုင်ငံရေးအကျဉ်းသားမရှိ**

မြင်းခြံဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကိုချိုးဖောက်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသား နိုင်ဝင်းထွန်း(ခ) ဖားပြုတ်(ဘ)ဦးစန်းမောင်သည် အများပြည်သူ၏လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်တို့ကို ပြင်းထန်စွာ ထိခိုက်စေမှု၊ အများပြည်သူ ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေသည့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်ခဲ့သဖြင့် အကြမ်းဖက် ပုဒ်မ-၅၀(က) ဖြင့် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခံရသူဖြစ်သည်။

ဖြစ်စဉ်အားစိစစ်ရာ မတ် ၁၂ ရက်တွင် မြင်းခြံဗဟိုအကျဉ်းထောင်၌ အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ ဝန်ထမ်းများက အကျဉ်းသားများအား ရိုက်နှက်ခြင်းမရှိဘဲ အကျဉ်းသားများ ပြစ်မှုကျူးလွန်ပါက အကျဉ်းထောင်လက်စွဲဥပဒေပါအတိုင်း လျှော့ရက်ဖြတ်တောက်ခြင်း၊ တိုက်ပိတ်ပြစ်ဒဏ်အပါအဝင် တာဝန်ခံအရာရှိ၏ ခွင့်ပြုမိန့်ဖြင့်သာ အပြစ်ပေးလျက်ရှိကြောင်း သိရသည်။

အကျဉ်းသား နိုင်ဝင်းထွန်း(ခ)ဖားပြုတ်သည် အကျဉ်းထောင်ပြင်ပ၌ကပင် လေးဖက်နာကဲ့သို့ အဆစ်အမျက်များရောင်ရမ်းခြင်း၊ ခန္ဓာကိုယ်ဖောခြင်း၊ အဆုတ်ပွခြင်းများ ရှိကြောင်း၊ အကျဉ်းထောင်ဆေးခန်းတွင် ဆရာဝန်များက အနီးကပ်ကြီးကြပ်မှုဖြင့် ကုသပေးခဲ့ပြီး ချောင်းဆိုးစဉ်သွေးပါလာခြင်း၊ အသက်ရှူမဝခြင်း၊ မောကျပ်ခြင်းများရှိသဖြင့် မတ် ၁၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြင်းခြံ ပြည်သူ့ဆေးရုံကြီးသို့ အကျဉ်းထောင်အစီအစဉ်ဖြင့် ပို့ဆောင်ဆေးဝါးကုသခဲ့သော်လည်း မတ် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရောဂါဖြင့် သေဆုံးသွားခြင်းဖြစ်ကြောင်း မြင်းခြံဗဟိုအကျဉ်းထောင် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့အပြင် သေဆုံးအကျဉ်းသား နိုင်ဝင်းထွန်း(ခ)ဖားပြုတ်၏ ရုပ်အလောင်းအား မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး၌ ရင်ခွဲစစ်ဆေးချက်ဆေးမှတ်တမ်းအရ သေဆုံးသည့်ရောဂါမှာ နှလုံးသွေးအားနည်းခြင်းကြောင့် သွေးလည်ပတ်မှုမမှန်သဖြင့် အဆုတ်သွေးကြောများအတွင်း သွေးအရည်များစုနေခြင်းကြောင့် သေဆုံးခြင်းသာဖြစ်ပြီး ပယောဂတစ်ခုခုကြောင့် သေဆုံးခြင်းမဟုတ်သဖြင့် Khit Thit အမည်ခံ Facebook Page ၏ဖော်ပြမှုသည် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံဖန်တီးရေးသား ဖော်ပြထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**အေးပြည့်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Min Htawara Chann" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မုဒုံမြို့နယ် ညောင်ကုန်းကျေးရွာနေ ဉာဏ်ထွန်းလေးအား နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ "Shwe Zin Myint Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အရှေ့ပြင်ရပ်ကွက်နေ ရွှေစင်မြင့်မိုရ်ဦး (ခ)ရွှေစင်အား မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ "Mya Hnin Wai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဖိုကုန်းကျေးရွာနေ မြနှင်းဝေအား ညနေ ၆ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Aung Zay Ya" Facebook အကောင့်နှင့် "Aung San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ယာတော်ရပ်ကွက်နေ ကျော်ခိုင်ထွန်းအား လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မေ ၉ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် EXPRESS ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၈၈ ကီလိုကို လည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် EXPRESS ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၉ ဒသမ ၈ ကီလို ကို လည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေ ၁၀ ရက် မွန်းလွဲ ၃ နာရီတွင် သာစည်မြို့ အမှတ်(၁) မင်းရန်နိုင်ရပ်ကွက် နွားပွဲဈေးအနီးရှိ မညိမ်းညိမ်းလတ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အောင်အောင်အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၁၅၀ ကို လည်းကောင်း၊ ထို့ပြင် မေ ၉ ရက် မွန်းလွဲ ၁၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် (၉) ရပ်ကွက် ဘားအံလမ်းတွင် သန်းဇော်မောင်းနှင်ပြီး ဝင်းထွန်းစိုး (ခ)ကရင်နှင့် မချယ်ရီဖြိုးတို့ လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ ည ၉ နာရီတွင် သဃ်္ဃန်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် ဝေဇယန္တာလမ်းမကြီးတွင် ဟန်နီကိုကိုအား စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း၊ အလားတူ မေ ၁၀ ရက် ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၉) ရပ်ကွက်ရှိ မဇင်မာဝင်း (ခ)ပိုင်ပိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀ ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



ညိမ်းညိမ်းလတ်နှင့် အောင်အောင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၄-၂၀၂၄ သောကြာနေ

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်၊ အနုရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မြန်မာ့သနပ်ခါး
- ၀၉:၃၀ ဒါသကြိန် အဆို၊ အကများ
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၁:၁၅ တန်ခူးလရဲ့သကြံန် ရှမ်းဓလေ့ထုံးစံ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အခစ်နားဆုံးသစ်ပင်' (အပိုင်း-၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၁၃)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအငွေ
- ၁၇:၀၀ ဒါသကြိန် အဆို၊ အကများ
- ၁၇:၂၅ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဒါသကြိန် အဆို၊ အကများ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အခစ်နားဆုံးသစ်ပင်' (အပိုင်း-၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'နှစ်သစ်မင်္ဂလာမဟာသကြံန်' တေးဂီတ ပျော်ပွဲရွှင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပွဲစဉ်-၃)
- ၂၂:၃၅ ဒါသကြိန် အဆို၊ အကများ

**mitv**

- 07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 Image Of The Monks
- 07:22 San Lin Tun (Winner) Lose2Win with Andy Season 2
- 07:39 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
- 08:01 News
- 08:26 Ecotourism: Bat Cave and Chatthin Wildlife Sanctuary
- 08:38 Ancient Historical Kakku Pagoda
- 08:48 Thingyan Songs & Dances
- 09:01 Listening Pleasure, Instrumental Music (Mandolin) Special Show
- 09:14 Pauk Thit Basketry Village
- 09:32 Thilawa SEZ Thriving Model Special Economic Zone
- 10:01 News

**MRTV NRC**

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ပီနောင့်တိုင်းတို့သကြံန်အခါ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
စာအတူတူဖတ်ကြရအောင်

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာ ရိုးရာအိမ်ကလေး

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၉)

**ဂေဘာကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက် ပြုလုပ်နည်း

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
အင်းရဲကျွန်းဒေသထွက်မှုင်ငါးပိ

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
အားမနာနဲ့စားဒါအကုန်ဘဲ

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
မြူးကြွတေးသံ NRC သကြံန် (အပိုင်း-၄)

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ဘိုးဘွားတို့ရဲ့ဆိုဆုံးမစကား

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
သကြံန် Diary (ဇာတ်လမ်းတို)

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ရခိုင်ရိုးရာသင်္ကေတ လာဘ်ကောင်ဈာလွှ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာ ဤမြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ငရအဆုံးကုန်းတစ်ဝက်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရွှေသို့ချိမည်...ပန်းတိုင်ဆီ (အပိုင်း-၁၈)

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ စိုက်ပျိုးရေးကိုအခြေခံတည် တန်ဖိုးရှိတဲ့ မြန်မာ့ထုတ်ကုန်ဆီ
- ၀၆:၅၀ ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့ (ဇာတ်လမ်း)
- ၂၂:၀၀ Departures (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ချောင်းသာမြို့ ကံကြီးကျေးရွာအနီး၌ ရေယာဉ်နှစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ၇၂၉ ပုံး၊ Star Oil စားအုန်းဆီ ၁၈ လီတာပါ ၄၃၇ ပုံးအပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၃၀၀၀၀၀)နှင့် အဆိုပါစားသုံးဆီများ တင်ဆောင်လာသည့် ငါးဖမ်းစက်လှေ နှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့အတူ မေ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် ZOJE အပ်ချုပ်စက် အလုံး ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Stainless Steel Pipe ၃၆၇၃ ကီလိုဂရမ်၊ မုန်ညင်းစေ့ ၅၆၉၇၄ ကီလိုဂရမ်၊ Forix Door Lock အခု ၂၅၈၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၃၃၉၇၀၅၁)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၃၃၉၇၀၅၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ဧရာဝတီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၉ ရက်တွင် ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cook & Lobster ငါးငံပြာရည်ပုလင်း ၄၈၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၁၀ ရက်တွင် ရန်ကင်းမြို့နယ် အောင်ဇေယျလမ်းနှင့် မိုးကောင်းလမ်းဆုံအနီး၌ လိုင်စင်မဲ့ Toyota Mark II ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၉ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Queen အချိုရည်အဆီပုလင်း ၁၂၀၀၊ Donutt Dietary Supplement ပုလင်း ၅၂၅၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၁၀ ရက်တွင် တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၈၈၀ တန်၊ သစ်မာ သုည ဒသမ ၃၉၉ တန်နှင့် အခြားသစ် သုည ဒသမ ၂၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၆၇၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၂၆၇၂၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ထို့အတူ မေ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Kluger ယာဉ်တစ်စီးနှင့် Toyota Landcruiser Prado ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၀၀၀၀၀)ကိုလည်းကောင်း၊ မုံရွာမြို့ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ SKAT SOWAR ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၇၁၂၃၇၇၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**


## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်**

### လိုက်နာဆောင်ရွက်ရန်အချက်များ

- အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ




ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၁၈-၃-၂၀၂၄ ရက်မှအဆက်




ကျွန်တော် ကားပေါ်မှဆင်းလိုက်၏။ ပြာသော ကောင်းကင်နောက်ခံတွင် သပ္ပာယ်ကြည်ညိုဖွယ်ရာ သာဓုကန်စေတီကို ဖူးမြင်လိုက်ရ၏။

ကျွန်တော့်ရှေ့မလှမ်းမကမ်းတွင် သူငယ်ချင်းများနှင့် ပြုံး၍စကားပြောနေသော အဝါရောင်မလေး ပြုံးလိုက်သောအခါ ဘယ်ဘက်ပါးပြင်တွင် အလှပဆုံး ပါးချိုင့်လေးတစ်ခုက ထင်သွားသည်။

ရင်ထဲတွင် လှပ်ခနဲဖိုသွားသည်။

ပြင်ပဋ္ဌည့်သည်မို့ လက်မှတ်တစ်စောင် တစ်ဆယ့်ငါးကျပ်ဖြင့်ဝယ်၍ လိုက်ခဲ့ရသော ခရီးစရိတ်မှာ တစ်ထောင့်ငါးရာနှင့် တစ်ဆယ့်ငါးကျပ်ဖြစ်သည်ကို မည်သူမျှ မသိလိုက်ကြ။

"အခုချိန်ကစပြီး ပျော်စရာကစားပွဲအစီအစဉ်လေး စပါမယ်။ ပထမအစီအစဉ်က 'ခင်မင်ရိုးသားအဖော်များ' ဆိုတဲ့ အစီအစဉ်ပါပဲ"

ဘုရားပေါ်တွင် တစ်ပတ်ခန့်ပတ်ပြီးသောအခါ အဖွဲ့ခေါင်းဆောင်လုပ်သူက အရှေ့ဘက်စောင်းတန်းအနီး ဘုရားခြေရင်း ကန်ပေါင်ပေါ်တွင် စုရုံးစေ၍ အစီအစဉ်ကို ကြေညာသည်။

သူ့အစီအစဉ်နှင့်ပတ်သက်၍လည်း ရှင်းလင်းချက်ပေးသည်။

"ဒီကစားနည်းက ဒီလိုပါ။ ပထမဆုံး ယောကျ်ားလေးသတ်သတ်၊ မိန်းကလေးသတ်သတ် တစ်စုစီစုပြီး မဲတစ်ယောက်တစ်လိပ်စီ နှိုက်ရပါမယ်။ အဲဒီမဲလိပ်တွေထဲမှာ စာတန်းလေးတစ်ခုရဲ့ တစ်ဝက်စီပါပါတယ်။ ကြားနေကျ စကားတွဲလေးတွေပါ။ ရုပ်ရှင်နာမည်တို့၊ သီချင်းနာမည်တို့၊ ဝတ္ထုနာမည်တို့၊ စကားပုံတို့၊ ပြီးတော့ ခေတ်စားနေတဲ့ စကားလုံးလေးတွေ၊ ဥပမာ-ဘာအခုမှ ကြောက်ပါပြီလဲဆိုတာမျိုးပေါ့"

"မဲတစ်လိပ်မှာ 'ဘာအခုမှ' ဆိုတာပါမယ်။ နောက်တစ်လိပ်မှာ 'ကြောက်ပါပြီလဲ' ဆိုတာပါမယ်။ အဲဒီမဲလိပ်နှစ်လိပ်ပိုင်ရှင်ဟာ တစ်တွဲပေါ့။ အဲဒီလို စကားစပ်ပြီး တစ်တွဲစီတွဲရပါမယ်။ ပထမဆုံးရှာတွေ့ပြီး တွဲလို့ရတဲ့အတွဲကို သကြားလုံးတစ်လုံးစီ"

ရယ်သံများပေါ်လာ၏။

"ရှင်းပါပြီနော်"

"ရှင်းတယ်၊ ရှင်းတယ်"

ခေါင်းဆောင်၏အမေးကို ဟိုမှသည်မှ ဖြေသံများပေါ်လာသည်။

"ကဲ . . . ဒါဖြင့် မဲစနှိုက်မယ်၊ ဖွင့်တော့မကြည့်နဲ့ဦးနော်။ အချက်ပေးမှ တစ်ပြိုင်တည်း ဖွင့်ရမှာ။ ယောကျ်ားလေးတွေက ဟိုခွက်ထဲမှာ၊ မိန်းကလေးတွေက ဒီခွက်ထဲမှာ။ ကဲ . . . စနိုင်ပြီ"

ခေါင်းဆောင်၏ ဝီစီသံအဆုံး တစ်ဖက်စီထိုင်နေသောသူများထံသို့ တစ်လိပ်စီ လိုက်ဝေသည်။

မျှော်လင့်ချက်ကလေးတစ်ခုနှင့် ရင်ထဲတွင် လှုပ်ရှားနေစဉ် ကျွန်တော့်လက်ထဲ မဲလိပ်တစ်လိပ် ရောက်လာ၏။ အားလုံး၏မျက်နှာများကလည်း ဟိုကြည့်သည်ကြည့်နှင့် ပြုံးစိစိဖြစ်နေကြသည်။

"စုံပြီ"

ခေါင်းဆောင်အုပ်စုထဲမှ တစ်ယောက်က အချက်ပြလိုက်သောအခါ ခေါင်းဆောင်လုပ်သူက -

"ကဲ . . . ဖွင့်ပါ၊ ပြီးတော့ အမြန်ရှာပါ။ ကျွန်တော်တို့ ဟိုနားက စောင့်နေမယ်"

သူ့စကားအဆုံး အားလုံးလိုလို ကိုယ့်မဲလိပ်ကိုယ် ကပျာကယာ ဖွင့်ကြည့်ကြ၏။

ကျွန်တော့်လက်ထဲမှ မဲလိပ်ကို ဖွင့်လိုက်သောအခါ မျက်စိထဲတွင် အတော် ထော်လော်ကန့်လန့်နိုင်သော စာလုံးများကို တွေ့လိုက်ရ၏။

"တိန်ခွက်နုပါစီ"

အကျိုးတော့နည်းပြီဟု တွေးလိုက်မိ၏။ အဆက်အစပ်ရှာဖို့နေနေသာသာ ဘယ်လိုဖတ်ရမှန်းတောင် မသိ။

အတွဲရှာနေသောအသံများ ဆူညံနေသည်။

"ပူညံပူညံ ရှိလားဟေ့၊ ဒီမှာ ထစ်ခနဲဆိုရှိတယ်"

"ထွန်ကျူး ရှိလား၊ ဒီမှာ နွားရှေ့ရှိတယ်"

"မြမန်းဂီရိ ဒီမှာဟေ့၊ သေလာတောင်၊ သေလာတောင် ဘယ်မှာလဲ"

တချို့ကျတော့ တော်တော် ကိုးလိုးကန့်လန့်နှင့် ရယ်စရာကြီးဖြစ်နေကြသည်။

"ပြေးရင်း ဒီမှာဟေ့၊ ဘယ်သူလဲ ချေးပုံဟပ်၊ ချေးပုံဟပ် ဘယ်သူလဲ"

"ဘုန်းကြီးကြွ ဒီမှာဟေ့၊ မသာရှေ့က ဘယ်သူလဲ"

"တေဇသုနေမကွ၊ ဘယ်မှာလဲ ဘူစံနာဝိဝေ"

ကတ်သီးကတ်သတ်ကျသည့် သူများကတော့ မသက်သာ။

"လူဟေ့ . . . လူဘာနဲ့ စပ်သလဲတော့ မသိဘူး၊ တို့ဆီမှာ လူ"

ထိုစဉ် ကောင်မလေးများဘက်မှ အသံပြန်ကြားရ၏။

"ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒီလာ ဒီမှာခွေး ဒီမှာခွေး၊ လူခွေး လူခွေး ဆက်လို့ရပြီ"

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်က ကျွန်တော်။ ဘာအော်ရမှန်းလည်းမသိ။ ဖတ်ကြည့်တော့လည်း အသံပင်မထွက်တတ်၊ အဓိပ္ပာယ်လည်း နားမလည်။

"တိန်ခွက်နုပါစီ၊ ဘာလဲဟ တိန်ခွနုပါစီ မဟုတ်သေးပါဘူး"

အတွဲတော်တော်များများမှာ တွဲလို့ရသွားပြီဖြစ်သဖြင့် တစ်တွဲပြီးတစ်တွဲ အဖွဲ့ခေါင်းဆောင်ဆီ ပြေးသွားနေကြပြီ။

ကျွန်တော့်မှာတော့ အတွဲလည်း ရှာမရသေး၊ ကိုယ့်ဟာကိုယ်လည်း ဘာမှနားမလည်။ ဘာနှင့်တွဲရမှန်းမသိ။

စာရွက်ကို သဲသဲမဲမဲ ငုံ့ကြည့်ရင်း ဘာလုပ်ရမလဲ ကြံဖန် စဉ်းစားနေမိသည်။ စဉ်းစားလေ မရလေ ဖြစ်နေတော့သည်။ ဘာလဲ တိန်ခွက်နုပါစီ။

"သူ့ဆီမှာ ဘာပါလဲ"

အနီးကပ် ကြားလိုက်ရသည့် ညင်သာသာအသံလေးတစ်သံကြောင့် ကပျာကယာ ခေါင်းမော့ကြည့်လိုက်၏။

နှလုံးသွေးများ တန့်ခနဲ ရပ်သွားသည်။ ရင်ထဲတွင် ထိတ်ခနဲ။

ခင်ခင်လေးဆိုသော အဝါရောင်ကောင်မလေးသည် စိတ်ရှုပ်သောမျက်နှာဖြင့် ကျွန်တော့်ရှေ့၌ ရပ်နေပါလား။ ကျွန်တော်က ခေါင်းခါရင်း -

"မသိဘူး၊ ခုထိ ဖတ်လို့မရသေးဘူး။ ဒီကကော"

"ဟင့်အင်း . . . ခင်လေးလည်း ဖတ်လို့မရဘူး"

"ပြစမ်းပါဦး"

ကျွန်တော် သူ့လက်ထဲမှစာရွက်ကို တောင်းလိုက်သည်။ သူ စာရွက်လှမ်းပေး၏။ လှလိုက်တဲ့လက်ကလေး။

စာရွက်လေး ဖြန့်ကြည့်သောအခါ မျက်လုံးပြူးသွား၏။

"အီကြံလုကွာစံ"

ကျွန်တော် ပါးစပ်မှ ရယ်သံများထွက်သွားပြီး

"အဲဒါ ဘာလဲ"

သူ့မျက်နှာတွင်လည်း အရယ်တစ်ခုပေါ်လာ၏။

"သိဘူး"

ကျွန်တော့်ခေါင်းထဲတွင် အဖြေတစ်ခု ပြေးသတိရလိုက်၏။

"မှန်းစမ်း၊ ဒီနှစ်ခု ဆက်ဖတ်ကြည့်ရအောင်"

ပြော၍ ကြံဖန်အသံထွက်ကြည့်သောအခါ -

"တိန်ခွက်နုပါစီ၊ အီကြံလုကွာစံ၊ ဟာ . . .ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

သူက နားမလည်သော မျက်နှာလေးဖြင့် မေး၏။

"ဒီမှာလေ ဆက်လို့ရပြီ၊ တိန်ခွက်နုပါစီ အီကြံလုကွာစံ"

"ဘာဆိုင်လို့လဲ"

"လဲ" ဆိုသောအသံကို ရှည်ရှည်ဆွဲ၍ ပြောလိုက်ပြီး လက်ကိုင်ပဝါဖြင့် ပါးစပ်ကိုပိတ်၍ ရယ်တော့၏။

"ဟုတ်တယ်ဗျ၊ တစ်ခုစီက ဘာအဓိပ္ပာယ်မှမရှိဘူး။ ကျန်တာအားလုံးက သူ့အဓိပ္ပာယ်နဲ့သူ ရှိနေတယ်ဆိုတော့ အဓိပ္ပာယ်မရှိတာချင်း တွဲရမယ်နဲ့ တူတယ်။ ဒါမျိုးကလည်း ကျွန်တော်တို့နှစ်ခုပဲပါတာ။ ဒါပဲဖြစ်မယ်၊ လာ သွားမယ်"

"ဟုတ်ရဲ့လား"

သူက ရယ်ချင်စိတ်ကို ထိန်းထားသောမျက်နှာဖြင့် ကျွန်တော့်ကို မယုံမရဲကြည့်ကာ မေးသည်။ တစ်လောကလုံးမှာ အလှဆုံးအကြည့်။

"လာပါ၊ ဟုတ်ပါတယ်"

နှစ်ယောက်သား ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွားကြ၏။ ခပ်သွက်သွက်သာလျှောက်လာကြသည်။ ကျွန်တော်တို့နှစ်ယောက်နောက်မှာ ဘယ်သူမှမရှိတော့။ ခေါင်းဆောင်လုပ်သူက ရယ်ရင်း-

"ဟုတ်ပြီ၊ ဟုတ်ပြီ။ တိန်ခွက်နုပါစီ အီကြံလုကွာစံ အတွဲတွေ့လာပြီ။ နာမည်တွေပြောပါ"

"ထွန်းဝေ"

"ခင်ခင်လေး"

"ခု နောက်ဆုံးရောက်လာတဲ့အတွဲကတော့ ကိုထွန်းဝေနဲ့ ခင်ခင်လေးတို့အတွဲ ဖြစ်ပါတယ်။ သူတို့ကျတဲ့စာတွေကတော့ တိန်ခွက်နုပါစီ အီကြံလုကွာစံ . . .တဲ့"

ဝါးခနဲရယ်သံများ ဆူညံသွားသည်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်ကြ၏။

ဩော် . . . သေလိုက်ပါတော့ တိန်ခွက်နုပါစီ အီကြံလု ကွာစံရယ်. . . ။

* * *

( ၃ )

လက်ခုပ်သံများ ဆူညံသွားသည်။

ပထမရသည့်အတွဲက ရရှိသောသကြားလုံးထုပ်တစ်ထုပ်ကိုဖောက်၍ လူအုပ်ထဲ ပစ်ကြဲလိုက်သည်။

ဟေးခနဲ အော်သံနှင့်အတူ သကြားလုံးလုကြရင်း နဖူးချင်းတိုက်သူတိုက်၊ ခေါင်းချင်းတိုက်သူတိုက် ဖြစ်ကုန်ကြ၏။

"ခင်လေးတို့ကျတော့ ကံဆိုးလိုက်တာနော်။ မဟုတ်တရုတ်ကြီး လာကျတယ်"

ခင်လေးဆီမှ မကျေနပ်သံလေး ပေါ်လာသည်။ ကျွန်တော် သူ့ကို ပြုံးကြည့်ရင်း -

"ကျွန်တော်တော့ ကံကောင်းတယ် ထင်တာပဲ"

"ဘာလို့"

မျက်ခုံးလေးအထက်ပင့်၍ မေးလိုက်သောဟန်လေးသည် ရင်ထဲသို့ နက်နက်ရှိုင်းရှိုင်းဝင်သွား၏။ မိုနာလီဇာလှတယ် ဘယ်သူပြောလဲ၊ ထပ်ဖွတ်ချေး။

"နို့မို့ဆို ခင်လေးနဲ့ တစ်တွဲတည်း ဘယ်ကျမလဲ"

စိတ်ထဲက ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။ ပါးစပ်ကမူ ဤမျှဖြူစင်သန့်ရှင်းသော အလှမျက်နှာလေးအတွက် ဤသို့ပြောရမှာ ကမ္ဘာနှင့်ချီ၍ အားနာလှ၏။ ထို့ကြောင့် -

ဆက်လက်ဖော်ပြပါမည်။

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

"လက်ခုပ်သံများ ဆူညံသွားသည်။
ပထမရသည့်အတွဲက ရရှိသောသကြားလုံးထုပ်တစ်ထုပ်ကိုဖောက်၍ လူအုပ်ထဲပစ်ကြဲလိုက်သည်။ ဟေးခနဲအော်သံနှင့်အတူ သကြားလုံးလုကြရင်း နဖူးချင်းတိုက်သူတိုက်၊ ခေါင်းချင်းတိုက်သူတိုက် ဖြစ်ကုန်ကြ၏။
"ခင်လေးတို့ကျတော့ ကံဆိုးလိုက်တာနော်။ မဟုတ်တရုတ်ကြီးလာကျတယ်"
ခင်လေးဆီမှ မကျေနပ်သံလေး ပေါ်လာသည်။
ကျွန်တော် သူ့ကို ပြုံးကြည့်ရင်း -
"ကျွန်တော်တော့ ကံကောင်းတယ် ထင်တာပဲ"
"ဘာလို့"
မျက်ခုံးလေးအထက်ပင့်၍ မေးလိုက်သောဟန်လေးသည် ရင်ထဲသို့ နက်နက်ရှိုင်းရှိုင်းဝင်သွား၏။ မိုနာလီဇာလှတယ် ဘယ်သူ . . ."

# နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ Friday Night Live Show တွင် ပါဝင်တင်ဆက်ရန် လေ့ကျင့်ပြင်ဆင်

**နေပြည်တော် မေ ၁၁**

၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အခါသမယတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်နိုင်ရန် အတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား K-pop အနုပညာရှင် ၂၄ ဦးပါ ပထမအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲ အခမ်းအနား အစမ်းလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါ ကိုရီးယားအနုပညာရှင် အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး Rehearsal Room နှင့် Auditorum ခန်းမတို့တွင် မေ ၁၂ ရက် သောကြာနေ့ည၌ ဖျော်ဖြေတင်ဆက်မည့် နှစ်သစ်မင်္ဂလာ မဟာသင်္ကြန် တေးဂီတဖျော်ဖြေပွဲ ပွဲစဉ်(၃) Friday Night Live Show မှာ ပူးပေါင်းပါဝင်တင်ဆက်နိုင်ရန် ကြိုတင်ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်ကြသည်။

အဆိုပါ ကိုရီးယား K-pop အနုပညာရှင် ၂၄ ဦးပါ ပထမအဖွဲ့တွင် ရုပ်ရှင်/ရုပ်သံ ဇာတ်လမ်းတွဲပေါင်းများစွာ ရိုက်ကူးထားသည့် သရုပ်ဆောင် ဘတ်အွန်ဟီး၊ K-pop အဆိုတော်များဖြစ်ကြသည့် Rejen၊ Henny နှင့် 7 Kids Dream Group၊ Astel Dance Group တို့ ပါဝင်ကြောင်း၊ ၎င်းအနုပညာရှင်အဖွဲ့မှ DJ Saemi အပါအဝင် အဖွဲ့ဝင် ငါးဦးသည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက် ရောက်ရှိလာကြရာ MRTV မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်းနှင့် ကိုရီးယား အနုပညာရှင် ၁၉ ဦးပါ ဒုတိယအဖွဲ့သည် မေ ၁၄ ရက်တွင် ထပ်မံရောက်ရှိကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်ကြမည်

**ရန်ကုန် မေ ၁၁**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ အင်းလျားကန်တွင် ရေကစားအပန်းဖြေသူများ ရေနစ်သေဆုံးမှုမဖြစ်ပွားစေရေးအတွက် Assault Boat ရေယာဉ်တစ်စင်းနှင့်အတူ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်သည့် တပ်ဖွဲ့ဝင် လေးဦးတို့က မေ ၁၃ ရက် (သင်္ကြန်အကြိုနေ့) မှ မေ ၁၆ ရက် (သင်္ကြန်အတက်နေ့) တာဝန်ပြီးဆုံးချိန်အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

ထို့အတူ တာမွေမြို့နယ်ရှိ ကန်တော်ကြီးကန်နှင့် ရွှေပြည်သာမြို့နယ်ရှိ သာခုကန်တို့တွင် Assault Boat ရေယာဉ်နှစ်စင်းနှင့်အတူ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၀ ဦး တို့က မေ ၁၃ ရက် (သင်္ကြန်အကြိုနေ့)မှ မေ ၁၆ ရက် (သင်္ကြန်အတက်နေ့) တာဝန်ပြီးဆုံးချိန်အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်တွင်ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ယာဉ် တစ်စီးနှင့်အတူ တပ်ဖွဲ့ဝင် ၁၅ ဦးတို့က မေ ၁၃ ရက် (သင်္ကြန်အကြိုနေ့)မှ မေ ၁၆ ရက် (သင်္ကြန်အတက်နေ့) တာဝန်ပြီးဆုံးချိန်အထိ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

**✻ အာရှဖလားမှ**

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် မေ ၁၇ ရက်တွင် ဗီယက်နမ်အသင်း၊ မေ ၁၉ ရက်တွင် အိမ်ရှင် ထိုင်းအသင်း၊ မေ ၂၁ ရက်တွင် တရုတ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲအတွက် ယခုနှစ်ဆန်းပိုင်း ကတည်းကပြင်ဆင်ခဲ့ပြီး ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ ပထမအကြိမ်၊ မတ် ၁၈ ရက်မှ ဒုတိယအကြိမ် လေ့ကျင့်ပြင်ဆင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ပထမအကြိမ်လေ့ကျင့်ရာတွင် အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်၍ အင်ဒိုနီးရှား ကလပ်အသင်းများနှင့် ခြေစမ်းပွဲသုံးပွဲကစားခဲ့ပြီး ယခုဒုတိယအကြိမ် လေ့ကျင့်ရာတွင် အာဖဂန်နစ္စတန်အသင်းနှင့် နှစ်ပွဲ၊ ကူဝိတ်၊ ကာဂျစ္စတန်အသင်းတို့နှင့် ခြေစမ်းပွဲကစားခဲ့သည်။ မြန်မာအသင်းသည် အာဖဂန်နစ္စတန်အသင်းနှင့် ပထမပွဲတွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲတွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထို့ပြင် ထိုင်းနိုင်ငံ၌ ကစားသည့် ခြေစမ်းပွဲတွင် ကူဝိတ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသော်လည်း ကာဂျစ္စတန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

**ကိုညီလေး**




# "နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်" တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ်-၃) မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၁၁**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် နှိုးဆော်သည့်အနေဖြင့် "နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်" တေးဂီတဖျော်ဖြေပွဲ (ပွဲစဉ်-၃) ကို မေ ၁၂ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**ဖျော်ဖြေတင်ဆက်မည်**

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် အနုပညာရှင်များဖြစ်ကြသည့် အစ္စဏီ၊ ဝေလျှံ၊ လလဆွတ်၊ နန်းစန္ဒီ၊ သင်ဇာမြင့်မိုရ်၊ ဆောင်းယွန်းစံ၊ ဖူးကေရီဆောင်း၊ မြင့်မြတ်ကျော်၊ မြင့်မြတ်သူနှင့် ပုတူးတို့က အတာသင်္ကြန်တေးသီချင်းများကို သင်္ကြန်အကအလှများနှင့်တွဲဖက်၍ သီဆိုဖျော်ဖြေတင်ဆက်ကြမည့်အပြင် ကိုရီးယားနိုင်ငံမှ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင် ဘတ်အွန်းဟီး၊ K-Pop အဆိုတော်များဖြစ်ကြသည့် Rejen ၊Henny ၊ Astel Dance Group နှင့် 7 Kids Dream Group တို့ကလည်း ပူးပေါင်းပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မေ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**☆ ကျောဖုံးမှ**

မန္တလေးဘက်ကလည်း အာလူးတွေရပြီလေ။ မြစ်ကြီးနားဘက်ကရပြီ။ နောက်ပြီး တရုတ်ပြည်ဘက်ကနေ မျက်နီလေ ဈေးချိုတယ်။ အဲဒီဘက်က အာလူးတွေဝင်လာပြီ။ နောက်လအထိ သွားမယ် ထင်တယ်" ဟု ဟိုပုံးမြို့နယ်ရှိအာလူးရောင်းဝယ်ရေးဆိုင်တစ်ဆိုင်မှ ဆိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်တွင် စားသုံးမှုအများဆုံး အလုံးအလတ်စားအာလူးတစ်ပိဿာလျှင် ပျမ်းမျှ ကျပ် ၁၈၀၀ ခန့် ရှိနေပြီး ယခင်ကာလများက ကျပ် ၂၆၀၀ အထိဈေးပေါက်ခဲ့ကြောင်းလည်း သိရသည်။

"လက်ရှိမှာ အာလူးက ဈေးကွက်ထဲမှာ ပစ္စည်းတော်တော်စုံနေပြီ။ ဒါကြောင့် ဈေးကျသွားတာပါ။ မြန်မာနိုင်ငံမှာ အာလူး စားတဲ့သူလည်း များတယ်။ ဒါပေမဲ့ အချိန်ကာလတစ်ခုရောက်ရင်တော့ ဈေးကောင်းမှာပါ။ ဒီနှစ်မှာတော့ အာလူးက အရောင်းသွက်နေတယ်" ဟု ရန်ကုန်မြို့ရှိ ကုန်စိမ်းဒိုင်တစ်ခုမှ တာဝန်ရှိသူက ပြောသည်။ **Thit Taw**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၁၁**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ် တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



# ရန်ကုန်လမ်းလျှောက်သင်္ကြန်

# ပြည်သူ့ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားခရိုင်၊ ဒဂုံမြို့နယ်၊ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်တွင် ၁၃-၄-၂၀၂၄ ရက်နေ့မှ ၁၆-၄-၂၀၂၄ ရက်နေ့အထိ (၄)ရက်တိုင်တိုင် နေ့စဉ် နံနက်(၀၇၀၀)နာရီမှ ညနေ(၁၈၀၀)နာရီအထိ ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ လမ်းလျှောက်သင်္ကြန်၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာ မဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အများပြည်သူများအနေဖြင့် ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

### “ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)၊ အင်းဝလမ်းနှင့် မဏ္ဍရာမင်းသားကြီးလမ်းထောင့်၊ ရွှေပေါက်ကံစက်မှုဇုန်၊ (၁၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ လူနေရပ်ကွက်အမှတ်-ရွှေပေါက်ကံစက်မှုဇုန်၊ မြေကွက်အမှတ်(၃)၊ ဧရိယာ(၁.၁၀၀)ဧက၊ (၄၇၉၄၂) စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်မာဒွေး [၁၂/ရကန(နိုင်)၀၃၀၂၂၂] မှ လက်ရှိအမည်ပေါက်လျက်ရှိပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းရာ ကျွန်ုပ်၏အမှုသည် ဦးမိုးဟိန်း[၉/မကန(နိုင်)၁၀၇၂၇၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမိုးဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ခိုင်ဝင်း**
**(LL.B) WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၈၈)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၉၄၄၁၉၉၃၀၀**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၁၉၊မြေကွက်အမှတ်-၂၁၇၊မြေကွက်တည်နေရာအမှတ်-၂၁၇၊(၁၁၉)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒေါ်ထွေးယဉ်(AB-၀၃၂၄၁၂)အမည်ပေါက်မြေအားပါမစ်မြေအားအမည်ပေါက်ထံမှအရပ်စာချုပ်ဖြင့်ဝယ်ယူထားသူဒေါ်ခင်မိုးသူ(၆/မလန(နိုင်)၀၅၀၆၆၈)မှပါမစ်မူရင်း(ဓါတ်ပုံပျက်စီး)၊(ရွှေပြောင်းသူများရာဇဝင်အကျဉ်းချုပ်၊အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊မှီခိုသူများစာရင်းတို့တင်ပြ)အရပ်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေပေါ်တွင်ထရံကာဓနိမိုးအဆောက်အဦတစ်လုံးရှိပြီးလူနေထိုင်ခြင်းမရှိပါ။ကွင်းဆင်းသိရှိကြောင်းလျှောက်ထားသူ၏အဒေါ်ဖြစ်သူမှလက်မှတ်ရေးထိုးထားပါသည်။အဒေါ်ဖြစ်သူလက်မှတ်ရေးထိုးထားခြင်းနှင့်ပတ်သက်၍လျှောက်ထားသူအားရှင်းလင်းရန်အကြောင်းကြားခဲ့ရာဝင်စာအမှတ်-၅၂၂၂/၅-၄-၂၀၂၄ဖြင့်မြေပြင်ကွင်းဆင်းစဉ်သိရှိကြောင်းလက်မှတ်ရေးထိုးထားခြင်းနှင့်ပတ်သက်၍ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးသွားလျှောက်ထားသူဒေါ်ခင်မိုးသူ၏မှတ်ပုံတင်မူရင်းတင်ပြ၍ဒေါ်ကံဆယ်ဝင်း(အဒေါ်)(၁၂/တမန(နိုင်)၀၆၀၈၃၄)မှဝန်ခံကတိပြုတင်ပြထားပါသည်။သို့ဖြစ်ပါ၍ဒေါ်ခင်မိုးသူမှပါမစ်မူရင်း(ဓါတ်ပုံပျက်စီး)တင်ပြ၍လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၆၆၄)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ(၆) ထပ်တိုက် (ဆောက်လုပ်ဆဲအဆောက်အဦရှိ အခန်းအမှတ် - ပထမထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၇ ပေx၅၄ ပေ)ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးကျော်ကျော်[၁၄/ဟသတ(နိုင်)၀၀၃၅၂၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်း နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက်-C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊ Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉/သုဝဏ္ဏ(ရွှေဝါဆန်မြေ)၊ မြေကွက်အမှတ်(၈၉)၊ မြေကွက်တည်နေရာအမှတ်(၈၉)၊ ခွန်နီလမ်း၊၂၉/သုဝဏ္ဏရွှေဝါဆန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးမောင်မောင်(CF-၀၅၃၂၈၇)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်မောင်ထံမှ(၃၁-၇-၁၉၉၂)ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဦးသန်းဆွေမှလည်းကောင်း၊ ဦးသန်းဆွေထံမှ(၆-၃-၂၀၀၁)ရက်စွဲပါ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဦးကျော်သိန်းမှလည်းကောင်း၊ ဦးကျော်သိန်းထံမှ (၁၁-၇-၂၀၂၃)ရက်စွဲပါအရပ်ကတိအရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့်ထပ်မံဝယ်ယူထားသူဦးရဲထွဋ်[၁၂/တမန(နိုင်)၀၀၃၂၈၁]မှ အရပ်ကတိအရောင်းအဝယ်စာချုပ်မူရင်းများ၊ (ဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင် အကျဉ်းချုပ် တို့သာပါရှိပြီး၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မှီခိုသူများစာရင်းမပါရှိ) သည့်ပါမစ်မူရင်းတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက နိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-**

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်မတင်ကြည် | ၁၁/မပတ(နိုင်)၀၁၀၇၀၉ | ၁၇၂/ခ၊ ရွှေရင်အေးဈေးလမ်း၊ ၁၈-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၁၆ | ၁၇၂/ခ | ဦးသောင်းရွှေ |
| ၂ | ဦးအောင်လွင်ဦး | ၁၂/ဒဂတ(နိုင်)၁၅၈၅၈၉ | ၃၄/က၊ ဓေယျာသီရိ(၃)လမ်းနှင့် ပေ(၈၀)လမ်းထောင့်၊ ဓေယျာသီရိရပ်ကွက်၊ ဒေါ်ပုံ | ၁၃/ဓေယျာသီရိ | ၃၉၀ | ဦးလင်ကွန်း |
| ၃ | ဒေါ်သီတာစော | ၁၂/ရကန(နိုင်)၀၅၁၆၇၉ | ၃၂၃/B၊ သစ္စာရိပ်သာလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၂၄ Portion | အိမ်ရာကွက်မြေ |
| ၄ | ဦးသောင်းညွန့် | ၁၀/မလမ(နိုင်)၀၅၇၃၂၃ | ၆၉၆/ခ၊ ၆၉၅၊ ရတနာ(၄)လမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၄ | ၆၉၆၊ ၆၉၅ | ဒေါ်ငွေငွေမြင့်၊ ဒေါ်စန်းစန်း |
| ၅ | ဒေါ်ဝင်းနန္ဒာဆွေ | ၁၄/ပသန(နိုင်)၂၄၉၁၇၈ | ၂၀/ခ၊ ရတနာပုံလမ်း၊ ၅၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၃ | ၂၀/ခ | ဦးမြင့်လွင် |
| ၆ | ဒေါ်ဇင်မာ | ၁၂/ဒဂမ(နိုင်)၀၁၅၈၇၉ | ၁၉၉၊ သုခလမ်း၊ ၃၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၇ | ၁၉၉ | ဦးအောင်ချိန် |
| ၇ | ဒေါ်နှင်းဆီ | ၉/တကန(နိုင်)၀၂၈၀၂၁ | ၁၁၇၃၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတ | ၆/အရှေ့ | ၁၁၇၃ | ဒေါ်ခင်သိန်း |
| ၈ | ဦးကျော်ဇော | ၁၂/ရကန(နိုင်)၀၅၃၅၂၄ | ၃၂၃/A၊ သစ္စာရိပ်သာလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၂၄ Portion | အိမ်ရာကွက်မြေ |
| ၉ | ဒေါ်ခင်အေး | ၁၂/မရက(နိုင်)၀၉၈၀၀၉ | ၁၆၀/က၊ ချင်းတွင်းလမ်းနှင့် မကွေးပန်းခြံလမ်းထောင့်၊ ၆-ရပ်ကွက်၊ ရွှေပြည်သာ | ၁၉ | ၁၆၀/က | ဒေါ်ဇင်မာခိုင် |
| ၁၀ | ဦးကျော်စိုးသိန်း | ၁၂/ဒဂတ(နိုင်)၀၅၉၉၉၃ | ၁၁၃၇/က၊ ပုဂံလမ်း၊ ၅၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၄ | ၁၁၃၇ | ဦးဝင်းမြင့် |
| ၁၁ | ဦးငြိမ်းချမ်းကိုကို | ၁၄/အမန(နိုင်)၁၉၄၄၁၄ | ၆၇၀/က၊ ပုဂံလမ်း၊ ၅၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၄ | ၆၇၀ | ဦးဝင်းလှိုင် |
| ၁၂ | ဒေါ်စန်းစန်းရီ | ၆/အမရ(နိုင်)၀၅၉၉၄၉ | ၂၁၁ ³/₂၊ ပတ္တမြားလမ်း၊ ၄-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၄ | ၂၁၁ ³/₂ | ဦးတင်ထွဋ် |
| ၁၃ | ဒေါ်အေးအေးနု | ၅/စကန(နိုင်)၁၅၁၂၀၃ | ၈၃၅/က၊ ပုဂံလမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၆ | ၈၃၅ | ဒေါ်ခင်ရီ |
| ၁၄ | ဒေါ်ရည်မွန်အောင် | ၁၂/လသယ(နိုင်)၀၈၉၈၁၅ | ၁၂၄၄/က၊ မိုးဟိန်းလမ်းနှင့် ရဲရန်နိုင်လမ်းထောင့်၊ ၁၃-ရပ်ကွက်၊ ရွှေပြည်သာ | ၃၇/ခ တိုးချဲ့ | ၁၂၄၄ | ဦးကျော်စွာဟိန်း |
| ၁၅ | ဦးပိုင်စိုးကိုကို | ၇/သဝတ(နိုင်)၀၉၄၃၇၀ | ၂၁၀၊ ပေါ်တော်မူလမ်း၊ ၂၀/သံဒင်းရပ်ကွက်၊ ရွှေပြည်သာ | ၄၆ | ၂၁၀ | တပ်သားကျော်သူရ |
| ၁၆ | ဒေါ်ခင်ဝင်းကြည် | ၁၂/ရကန(နိုင်)၀၄၂၂၈၃ | ၃၀၆၊ ရှေ့သို့လမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၂၄ Portion | အိမ်ရာကွက်မြေ |
| ၁၇ | ဦးကျော်ကျော် | ၉/ကပတ(နိုင်)၀၃၀၈၈၀ | ၅၇၇/က၊ ပတ္တမြားရတနာ(၁)လမ်း၊ ၉-ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) | သကမ-၅ | ၅၇၇/က | ဒေါ်တင်ထွေး |

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်သော (FDA) အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်းနှင့် ခွဲစိတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Consumable ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂ - ၄ - ၂၀၂၄ ရက်၊ (တနင်္လာနေ့)
ပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၆ - ၅ - ၂၀၂၄ ရက်၊ (တနင်္လာနေ့) ညနေ (၄:၀၀) နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်း အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြစ်ကြီးနားအထွေထွေ ရောဂါကုဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်း ၀၇၄-၂၅၂၂၃၀၃, ၀၇၄-၂၅၂၂၆၁၁ သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။
## 6MeV နှင့်အထက် X-Ray စက်အတွက်
## ဝန်ဆောင်မှုရယူခြင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရှိ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ 6MeV နှင့်အထက် X-Ray စက် အသစ်(၁)လုံး တပ်ဆင်နိုင်ရေးကိစ္စအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းခေါ်ယူအပ်နှံသွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန်စိတ်ပါဝင်စားသည့် ကုမ္ပဏီများ အနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို (၂၂-၄-၂၀၂၄)ရက်နေ့မှ (၂၆-၄-၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာတင်သွင်းခြင်းအား နောက်ဆုံးလက်ခံမည့်နေ့ရက်နှင့် အချိန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာ နောက်ဆုံးလက်ခံမည့် နေ့ရက် - (၁၀-၅-၂၀၂၄) နေ့ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးလက်ခံမည့်အချိန် - (၁၆:၃၀) နာရီအထိ

၄။ တင်ဒါဖွင့်ဖောက်မည့်နေ့ရက်အား ဝန်ကြီးဌာန Website၊ အကောက်ခွန်ဦးစီးဌာန Websiteများ (www.customs.gov.mm, www.maccs.gov.mm)တို့တွင် ထပ်မံအသိပေး ကြေညာသွားပါမည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို(၂၂-၄-၂၀၂၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း အမှတ်(၂၀၅-၂၁၁)၊ ၄၉လမ်းနှင့်မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန၊ နယ်ရုံးများ ကြီးကြပ်ရေးဌာနခွဲသို့ လာရောက်စုံစမ်း၍ ရယူဆောင်ရွက်နိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၁-၃၉၇၄၂၈နှင့် ၀၉-၅၁၈၃၃၆၄၊ ၀၉-၄၅၉၄၆၀၃၅၉၊ ၀၉-၄၄၃၅၈၅၆၂၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်-၈၃၀၊ မြေကွက်တည်နေရာအမှတ်-၈၃၀၊ ဗန္ဓုလလမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြောက်(ဒေါ်အုန်းတင်-ISN-၀၈၀၀၁၄)အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းတင်ဟုမှတ်သားထားရှိပြီး ပါမစ်အမည်ပေါက် ဦးကျော်မြင့်အမည်မှ မိခင်ဖြစ်သူလျှောက်ထားမှုဖြင့် ဒေါ်အုန်းတင်အမည်ပေါက် ဂရန်ထွက်ရှိခဲ့ပြီး ဦးကျော်မြင့်(ဖခင်)နှင့် ဒေါ်အုန်းတင်(မိခင်)တို့အသီးသီး ကွယ်လွန်၍ ၎င်းတို့မှ မွေးဖွားသောသားသမီးများဖြစ်ကြသည့် ဦးကျော်ကျော်မိုး[၁၂/လမန(နိုင်)၀၁၈၂၈၁]၊ ဒေါ်လွင်လွင်မိုး[၁၂/လမန(နိုင်)၀၂၃၁၅၉]၊ ဒေါ်စန္ဒာမိုး[၁၂/လမန(နိုင်)၀၁၈၆၇၀]၊ ဒေါ်ပပမိုး[၁၂/ဒဂမ(နိုင်)၀၁၃၇၆၉]၊ မောင်စေတနာမိုး [၁၂/ဒဂမ(နိုင်)၀၁၀၄၀၆]တို့ (၅)ဦးအနက် မောင်စေတနာမိုးမှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့သဖြင့် ကျန်သားသမီး (၄) ဦးအနက် သမီးတစ်ယောက်ဖြစ်သူ ဒေါ်လွင်လွင်မိုးကိုယ်တိုင်နှင့် ကျန်မောင်နှမ(၃) ဦးထံမှ GP ပါဝါ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ မိဘများမှ မိမိတို့မောင်နှမ (၅)ဦးသာ မွေးဖွားခဲ့ကြောင်း၊ အခြားသောမွေးစား၊ ကိတ္တိမသားသမီးများမရှိကြောင်း၊ မိမိတို့သာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန် (၂) စောင်၊ မိဘများ၏သေစာရင်း၊ ညီ/မောင်ဖြစ်သူ၏သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ပါမစ်မိတ္တူ၊ ဂရန်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ GP ရသူ ဒေါ်လွင်လွင်မိုး+၃ မှ ပါမစ်မူရင်းအပ်နှံ၍ ဂရန်လဲလှယ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန် ရုံးသုံးစက်ပစ္စည်း (၂၀)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း (၂၆)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၂-၄-၂၀၂၄ ရက်နေ့မှ ၉-၅-၂၀၂၄ ရက်နေ့အထိ(ရုံးချိန်အတွင်း) |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်/အချိန် | - | ၁၀-၅-၂၀၂၄ရက်နေ့ ညနေ (၄:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - | ၁၄-၅-၂၀၂၄ ရက်နေ့၊ နံနက်(၁၀:၀၀) နာရီ (သို့မဟုတ်)၁၅-၅-၂၀၂၄ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးသုံးစက်ပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၁၈၂၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့လည်းကောင်း၊ ရုံးသုံးပရိဘောဂပစ္စည်းများအတွက် ဖုန်း-၀၆၇-၃၄၁၈၅၉၀(ပစ္စည်း-၁ ဌာနစိတ်)သို့လည်းကောင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်- ရေဆင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ အောက်ပါ တည်ဆောက်ရေးလုပ်ငန်း (၁)ခုနှင့် ဝယ်ယူရေးပစ္စည်း(၂)မျိုးကို မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ/ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| | |
|---|---|
| (က) Seed Storage Building (45' x 20' x 12')နှင့် Seed Storage Room (12'6" x 20' x 8') အဆောက်အဦတည်ဆောက်ခြင်းလုပ်ငန်း | ဆောင်ရွက်မည့်နေရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရုံးချုပ်) ဇေယျာသီရိမြို့နယ် |
| (ခ) ဝယ်ယူရေးပစ္စည်း (၂)မျိုး Lot (၁)ခု - Zero Tillage Seeder (2 Nos) - Color Seed Sorter Machine (1 No) | |

| | | |
|---|---|---|
| ၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက် | - | ၁၂-၄-၂၀၂၄ (ရုံးချိန်အတွင်း) |
| ၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေရာ | - | စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်)စီမံခန့်ခွဲရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဌာနစု |
| ၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာ အရောင်းပိတ်ရက် | - | ၃၀-၄-၂၀၂၄ ရက် ညနေ (၁၆:၃၀)နာရီ |
| ၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် | - | ၁၄-၅-၂၀၂၄ ရက် ညနေ (၁၆:၃၀)နာရီ |

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်အား အဆိုပြုလွှာ တင်သွင်းသူများထံ အကြောင်းကြားပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ လှူနေရပ်ကွက်အမှတ်(၃)၊ ခရေလမ်း၊ မြေကွက်အမှတ်(၅၂၅/၅၂၆) ဟုခေါ်တွင်သော အကျယ်အဝန်း(၉၀x၆၅)ပေရှိ ဒု-ဗိုလ်မှူးကြီး သိုက်ထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RC တိုက်နှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ငွေးငွေးဦး [၁/မကန(နိုင်)၀၀၁၉၂၅]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယွန်းမီမီအောင် [၁၂/ရပသ(နိုင်) ၀၆၅၈၆၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယွန်းမီမီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၄၃၁၆၃၀၉**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မိခင် ဒေါ်အေးသိန်း[၁၂/ကတတ(နိုင်)၀၀၈၁၅၈]၏သမီး မစိမ်းမြဖြူ(ခ)စုစုငယ်[၁၂/ကတတ(နိုင်)၀၂၆၇၅၄]အား အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မစိမ်းမြဖြူ(ခ)စုစုငယ်နှင့်ပတ်သက်ဆက်နွှယ်သောမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသိန်း**
**[၁၂/ကတတ(နိုင်)၀၀၈၁၅၈]**

---

## "ကန့်ကွက်နိုင်ပါသည်"

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ကလောမြို့၊ ရပ်ကွက်/ကျေးရွာ လွယ်အုံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၄၄-ကျောက်တန်းရွာအနောက်၊ ဦးပိုင်အမှတ် (၁၆၀)၊ မြေကွက်အမှတ် (၈၂)၊ မြေမျိုးနှင့်အတန်း-နှစ်(၃၀)ဂရန်မြေ၊ ဧရိယာ(၀. ၆၈၆)ဧကရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စမ်းစမ်းထွေး [၉/တကန(နိုင်)၀၀၃၂၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန်းစန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၁၂)**
**ရုံးအမှတ်(၆၂)၊ ပထမထပ်၊ အခန်းအမှတ်(၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် ၊ (၂)ရပ်ကွက် ၊ ရန်အောင်လမ်းသွယ်လမ်း ၊ Yankin Housing Project (2010-11) အိမ်ရာ၊ တိုက်(၅/၄)၊ အခန်း(၁၂) ပထမထပ်၏အမည်ပေါက် ဒေါ်မိုးမိုး(ခ)ခေါ်နဘူ[၁/မကန(နိုင်)၁၀၂၁၂၇]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်သီတာဖြူ [၁၂/သဃက(နိုင်)၀၆၃၀၆၀]ကတိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး/အနောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံပလာဇာအိမ်ရာ၊ တိုက်(ဘီ)၊ အခန်း(၁၀၁) ပထမထပ်၏ အမည်ပေါက် ဒေါ်အိအိထွေး [၁၂/ဗဟန(နိုင်)၀၀၄၈၄၈]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ဇာဇာလင်း[၁၀/သဖရ(နိုင်)၀၉၃၀၃၃]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/သပြေကုန်း၊ မြေကွက်အမှတ်(၄၆၈)၊ ဧရိယာ(၀.၀၇၈)ဧကရှိ ဒေါ်အေးမြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်အိဖြူခင်(ဘ) ဦးကျော်သောင်း[၁၂/စခန(နိုင်)၀၄၉၇၀၃]နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

**သွေးသည် အသက်**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ငုဝါလမ်း၊ မြေကွက်အမှတ် (၉၂၉/ခ)ဟုခေါ်တွင်သော ဦးအောင်ခင်(K/RGN-၀၂၅၈၆၄) [၁၂/မဂတ(နိုင်)၀၆၁၃၃၆]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း(၂၀x၆၀)ပေအနက်မှ တရားဝင်မခွဲ မစိတ်ရသေးသော မြေကွက်အမှတ် (၉၂၈/က)နှင့်ကပ်လျက် အကျယ်အဝန်း (၁၀x၆၀) ပေရှိ ဂရန်(မိတ္တူခြမ်း)မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ဟေမာဝင်း [၁၀/ကထန(နိုင်)၀၉၅၉၇၀]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ချိုသဲ[၁၄/ဝခမ(နိုင်)၂၁၈၈၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြင့်မြင့်သန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၄၁၅၃၄၇၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၅၀၁)၊ (၂၄၀၀)စတုရန်းပေ မြေကွက်တည်နေရာအမှတ်(၅၀၁)၊ မင်းရဲကျော်ထင်လမ်း၊ ၁၄/ရွှေပေါက်ကံ၊ ဦးလွန်းမောင်(ISN-၂၁၇၈၈၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးလွန်းမောင်(ဖခင်) သည် (၁၅-၁၀-၂၀၀၈)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်တင်အေး (မိခင်) သည် (၁၁-၃-၁၉၉၄)ရက်နေ့တွင်လည်းကောင်း၊ ဦးလှိုင်မြင့်(အစ်ကို)သည် (၁၉-၁၀-၁၉၉၆)ရက်နေ့တွင် အိမ်ထောင်မရှိ လူပျိုကြီးဘဝဖြင့် လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့သဖြင့် ဒေါ်လေးလေးမြင့် [၁၂/အစန(နိုင်)၀၁၄၁၂၆]၊ ဦးသန်းစိုး [၁၂/မရက(နိုင်)၀၃၂၂၈၃]၊ ဦးတင်မြင့် [၁၂/မရက(နိုင်)၀၃၁၂၇၂]၊ ဒေါ်မြင့်မြင့်အေး [၁၂/မရက(နိုင်)၀၃၂၈၄၄] တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများ တော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားကိတ္တိမ အမွေစားအမွေခံသားသမီးများ မွေးစားထားခဲ့ခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၃၀၄၃/၁၃-၁၀-၂၀၂၃၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင် ဂရန်မူရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေစာရင်းများ၊ အမည်ပေါက် ဦးလွန်းမောင်သည် (၁၅-၁၀-၂၀၀၈)ရက်နေ့တွင် အူမကြီးကင်ဆာဖြင့်သေဆုံးသည်မှာ မှန်ကန်ပါကြောင်း မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဂရန် ပျောက်ဆုံးကြောင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ဂရန်သည် အိမ်အပြောင်းအရွှေ့တွင် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း အခြားသူတစ်ဦးထံတွင် ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းစွန့်လွှတ်ထားခြင်းမရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာ အမှတ်-၁၄၆/၅-၁၂-၂၀၂၃ တို့ တင်ပြ၍ ဒေါ်လေးလေးမြင့်၊ ဦးသန်းစိုး၊ ဦးတင်မြင့်တို့ထံမှ GP No -၈၅၀၇/၁၂-၅-၂၀၂၃ ဖြင့်လည်းကောင်း၊ ဒေါ်မြင့်မြင့်အေးထံမှ GP No-၁၄၀၉/၂၃-၅-၂၀၂၃ ဖြင့်လည်းကောင်း ရရှိသူ ဒေါ်ငြိမ်းဆုသွင်[၁၂/ဥကမ(နိုင်)၂၃၉၂၆၁]မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ ပူးတွဲတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၇)၊ မြေကွက်အမှတ်(၁၀၅)၊ ပုသိမ်မြေ(၄)လမ်း၊ အိမ်အမှတ်(၁၀၅)ဟုခေါ်တွင်သော မြေရှင် ဦးဌေးလွင် [၁၂/ဒပန(နိုင်)၀၁၂၁၀၅]အမည်ဖြင့်ရှိသော အကျယ်အဝန်း (အလျား ၂၅ ပေ x အနံ ၅၀ ပေ)အကျယ်ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော ကန်ထရိုက်တာပိုင်ဆိုင်သည့် (ခြေရင်းဘက်အခန်း) (အလျား ၁၁. ၅ ပေ x အနံ ၄၇ ပေ)အကျယ်ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦထဲမှ (ပထမထပ်) အမှတ်(ဘီ-၁) တိုက်ခန်းတစ်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁)ဦးစိမ်းဝေထွန်း [၁၂/ခရန(နိုင်)၁၁၆၂၈၄]၊ (၂) ဒေါ်အေးအေးခင်(ခ)အေးအိန္ဒြေခင် [၁၂/လသန(နိုင်)၀၂၁၉၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်ဖြူဇင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၁၁)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၁၉၆)** |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)ရပ်ကွက်၊ စက်မှုဇုန် (၃) Commercial Area အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၀၃)ဒုတိယထပ်၏ အမည်ပေါက် ဦးသန်းထွန်း[၁၂/သကတ(နိုင်)၀၉၆၈၂၉]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နီလာကြိုင်[၁၄/ဝခမ(နိုင်)၁၄၂၉၉၃]က တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၄)ရပ်ကွက်၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်ရှိ မြေကွက်အမှတ်( ၁၄၈၊ ၁၄၉၊ ၁၅၀)တွင် တည်ဆောက်ထားသည့် INNO City Project မှ တိုက်အမှတ်(၁၀၄)၊ အခန်းအမှတ်(၂၁၀၂)၊ အကျယ်အဝန်း(၉၂၅.၅၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လူနေထိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းဝတ်ရည်ကျော် (ဘ) ဦးကျော်ညွန့် (၁၂/ဗတထ(နိုင်)၀၀၁၃၁၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၉-၄-၂၀၂၄)ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင် ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံး သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ချို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ - ၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပေါင်းစည်းလမ်း၊ တိုက်အမှတ်(၁၀)၊ ပထမထပ်၊ (၃)လွှာ ဟုခေါ်တွင်သော (အလျား၁၇ပေ x အနံ၅၀ပေ)ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ကန်ထရိုက်တာ ဦးတေဇာလင်းသိန်း [၁၂/လမန(နိုင်)၁၄၄၈၂၆]မှ ပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်းဝန်ခံသဖြင့် ဒေါ်အေးအေးအောင်[၁၂/မရက(နိုင်)၁၀၈၁၅၉]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ တိုက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးအောင်** — **ဒေါ်လဲ့လဲ့ဝင်း (LL.B)** — **ဦးဇော်နေလင်း (LL.B)**
**[၁၂/မရက(နိုင်)၁၀၈၁၅၉]** — **(စဉ်-၄၇၁၄)** — **(စဉ်-၁၀၅၄၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉၉)၊ အောင်သုခ(၁)လမ်း၊ (၆)ရပ်ကွက်**
**မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၇၉၅၅၄၈၉၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ရန်ကုန် - သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City) အတွင်းရှိ ဇုန်(အေ)၊ တိုက်အမှတ် (A-3)၊ အခန်းအမှတ် (၁၀၁၉)၊ Level-10၊ Type (C)၊ အကျယ်အဝန်း (၆၂) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးကျော်ကျော် [၁၂/လသန(နိုင်)၀၂၁၉၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးပြည့်အောင်လှိုင်[၁၂/အစန(နိုင်)၁၅၀၇၂၆]မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးပြည့်အောင်လှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၇၉)**
**အမှတ် (၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

## ဦးစိုးမြတ်လင်း[၁၄/နေဖ(နိုင်)၂၀၅၅၇၄]ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ **MANI SANDAR MARITIME SERVICES CO,LTD.** ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ဦးစိုးမြတ်လင်း [၁၄/ဓနဖ (နိုင်) ၂၀၅၅၇၄] (အဖ) ဦးသိန်းမြင့်သည် **MANI SANDAR MARITIME SERVICES CO,LTD.** တွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ကုမ္ပဏီဝန်ထမ်းအဖြစ်မှ နုတ်ထွက်သွားပြီးဖြစ်၍ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီနှင့် မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိပါ၊ ဦးစိုးမြတ်လင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝသည် ၎င်းအပေါ်တွင်သာ တာဝန်ရှိစေပြီး၊ ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီ၏အမည်အား ဆက်လက်အသုံးပြုကာ ဆောင်ရွက်မှုများရှိခဲ့ပါလျှင်လည်း ကျွန်ုပ်မိတ်ဆွေကုမ္ပဏီနှင့် မည်သို့မျှ သက်ဆိုင်မှုမရှိပါကြောင်း ဦးစိုးမြတ်လင်းနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.M တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၈)**
**တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)၊ ၃၆-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၈၉၇၄**

## အသိပေးကြေညာခြင်း

မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် နယ်စပ်ဒေသတင်သွင်း တင်ပို့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသ OSS စခန်းများ၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ အနေဖြင့် တင်သွင်းတင်ပို့ခြင်းဆိုင်ရာ အကောက်ခွန်လုပ်ငန်းစဉ်များ ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း MACCS စနစ်ဖြင့် တင်သွင်းတင်ပို့ ဆောင်ရွက်မည့် ကုမ္ပဏီများ အနေဖြင့် ရှင်းလင်းထုတ်ယူလိုသော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်များ ပေးဆောင်ရန်အတွက် Deposit ငွေလုံလုံလောက်လောက် ထည့်သွင်းထားရန်နှင့် ကျန် Manual စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် OSS စခန်းများ အနေဖြင့် ပုံမှန်လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သုခမ္မာလမ်းတွင်ရှိသော ၄ ခန်းတွဲ ၃ထပ်၊ တိုက်(၈၈)၊ အခန်း(၀၀၁)မြေညီထပ်၏ အမည်ပေါက် ဒေါ်ညိုညိုစိုး (ခ)စန္ဒာစိုး[၁၂/ဥကမ(နိုင်)၁၂၇၅၂၂]သည် (၁၉-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ပြီး ဖြစ်ပါသဖြင့် မောင်အရင်းဖြစ်သူ ဦးသောင်းထိုက်စိုး[၁၂/ဥကမ(နိုင်) ၁၂၈၆၃၈]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ် (၃၀)၊ ပထမထပ်နေ (ဘ) ဦးZAHID HUSSEIN [၁၂/စခန (ပြု)၀၀၀၁၃၇]၊ (မိ) ဒေါ်ဖာတမာဘီဘီ (ခ) စန္ဒာဝင်း [၁၂/ပဘတ (ဧည့်) ၀၀၀၃၆၀] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးZAHID HUSSEIN နှင့် ဒေါ် ဖာတမာဘီဘီ (ခ) စန္ဒာဝင်းတို့၏သားဖြစ်သူ ဦးမြင့်မြတ်ကျော် [၁၂/စခန (ဧည့်) ၀၀၀၂၁၁] ကိုင်ဆောင်သူသည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိခင်၊ ဖခင်တို့အား ရိုင်းပျစွာဆက်ဆံခြင်း၊ မိဘများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ဦးမြင့်မြတ်ကျော်နှင့် ပတ်သက်သောမည်သည့်ကိစ္စအဝဝကိုမျှ ကျွန်ုပ်၏မိတ်ဆွေများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးZAHID HUSSEIN (ဖခင်)** — **ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**ဒေါ်ဖာတမာဘီဘီ (ခ)** — **အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**စန္ဒာဝင်း (မိခင်)** — **အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေး**
**လမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆ဘီ)၊ မြေကွက်အမှတ် (၁၅ကေ/၁- ခ+၁၅ကေ/၂-က)ဧရိယာ (၀.၁၆၂) ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၉၀/ဘီ၂)၊ အင်းယားလမ်းသွယ် (၁) လမ်း၊ (၉) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သော (၂)ထပ်နေအိမ်အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာတင်ထွန်းလွင် [၁၂/လမတ(နိုင်)၀၁၃၆၃၁] မှ ညီအရင်း၊ ညီမအရင်းများ ဖြစ်ကြသော ဦးတင်မောင်ညွန့် [၁၃/ရစန(နိုင်)၀၀၁၁၅၀]၊ ဦးအောင်မင်း [၁၂/လမတ(နိုင်)၀၁၄၇၂၃]၊ ဒေါ်အင်စီ(ခ)အင်စီညွန့်(ခ)အေးအေးမော် [၁၂/လမတ(နိုင်)၀၁၉၆၇၈]၊ ဒေါ်တင်တင်ညွန့် [၁၂/ လမတ(နိုင်)၀၁၉၆၇၇] တို့အား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးချစ်ကိုကို (စဉ်-၂၈၀၃/၁၉၈၄)**
**တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်**
**အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁-၂၅၂၉၂၄၊ ၀၉-၅၁၀၁၂၈၂၊ ၀၉-၂၆၄၉၈၁၈၀၅**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ကြယ်တံခွန်လမ်း၊ မြေကွက်အမှတ် (၁၈၆)၏ မြေအကျယ်အဝန်း(၄၀x ၆၀) ပေရှိ ဦးလှသိန်း(KTO-၀၆၇၁၆၀)အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးမြတ်မြတ်ထွေး[၁၂/မဂဒ(နိုင်)၀၀၁၅၄၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** — **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.I.L)** — **(LL.B,D.B.L,D.I.L,WIPO Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့၊ အမှတ်(၄) ရပ်ကွက်၊ နယ်မြေ(၁)နေ အဖ ဦးဆန်ဖု၏သမီး ဒေါ်ဆန်းစိန်[၁/ဝမန(နိုင်)၀၆၂၀၃၁]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၉-၁၉၈၇ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၉၊ မြေကွက်အမှတ် ၈/ဈ၊ မြေကွက်တည်နေရာအမှတ် 3-၁၈၉၊ ပြည်သာယာလမ်းသွယ်၊ ဇ/မြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးညွန့်ယဉ်[၇/တငန(နိုင်)၀၄၂၄၀၅]၊ ဒေါ်ငြိမ်းအေး [၁၂/သဃက(နိုင်)၀၂၉၉၀၀]၊ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဦးညွန့်ယဉ်(ခ) ညွန့်ယာဉ်(ဖခင်)သည် ၂၀-၁-၂၀၁၁ ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ငြိမ်းအေး(မိခင်)သည် ၁၃-၂-၂၀၂၁ ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်သီတာအေး[၁၂/သဃက(နိုင်)၀၂၉၅၀၉]၊ ဒေါ်နီလာအေး[၁၂/သဃက(နိုင်)၀၂၉၅၀၈]၊ ဦးဝဏ္ဏထွေး[၁၂/သဃက(နိုင်)၁၃၈၃၃၂](NBN-244734)တို့က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ဖခင်အမည် ဦးညွန့်ယဉ်နှင့် ဦးညွန့်ယာဉ်ဟု ကွဲလွဲဖော်ပြထားသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ ၇၇၄/၂၀၂၃ (၁၈-၈-၂၀၂၃)၊ ဖခင် ဦးညွန့်ယဉ်သည် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သည်မှာ မှန်ကန်ကြောင်း၊ ရပ်ကွက်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/က)၊ မြေကွက်အမှတ်-(၇/ဌ)၊ မြေကွက်တည်နေရာအမှတ် (၇/ဌ)၊ မြဝတ်ရည်လမ်း၊ (ဆ/ခ) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်မှူး မောင်မောင်သွင်(အာဂျီအင်န်-၀၀၄၉၉၅)[၁၂/မဂဒ(နိုင်)၀၀၉၇၉၃]၊ ဒေါ်ခင်စိန်စိန်(ဘီကျူ-၀၁၁၇၅၀)၊ [၁၂/မဂဒ(နိုင်)၀၀၉၇၉၄] အမည်ပေါက် ဘီ လ/န-၃၉ (အိမ်ရာမြေ)အား အမည်ပေါက် ဗိုလ်မှူး မောင်မောင်သွင်(ဖခင်)သည် (၂၃-၉-၂၀၁၆)ရက်နေ့တွင် လည်းကောင်း၊ ဒေါ်ခင်စိန်စိန်(မိခင်)သည် (၂-၈-၂၀၁၆) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ကြသဖြင့် ဦးအေးသွင်[၂/လတန(နိုင်)၀၂၃၈၈၈]၊ ဦးမြင့်သွင်[၁၂/ဥကတ(နိုင်)၀၆၀၈၇၄]၊ ဒေါ်ဘီဘီသွင်[၁၂/မဂဒ(နိုင်)၀၀၉၇၉၅]၊ ဒေါ်စီစီသွင်[၁၂/မဂဒ(နိုင်)၀၀၉၇၉၆]၊ ဦးမြတ်သွင် [၁၄/ကကန(နိုင်)၀၀၄၂၁၄]၊ ဦးသူရသွင်[၁၂/မဂဒ(နိုင်)၀၀၉၇၉၇]၊ ဦးဦးသွင်[၁၂/သဃက(နိုင်)၀၀၀၂၉၄]၊ ဦးဝဏ္ဏသွင်[၁၂/သဃက(နိုင်) ၀၀၀၂၉၅]၊ ဦးကျော်သွင်[၁၂/သဃက(နိုင်)၀၀၄၂၄၇] တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သား/သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှ လွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာ ၁၇၄၂/၂၄(၂၆-၁-၂၀၂၄)၊ သေစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေး၊ အလယ်တန်းကျောင်း၊ Grade-9(သဇင်) မှ မောင်လမောင်ခေါင်လွမ်း၏ ဖခင်အမည်မှန်မှာ ဦးဒေါင်ခေါင် [၁/မကန(နိုင်)၀၃၀၂၃၅] ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၁)၊ အမှတ်(၅၆)နေ (ဘ)ဦးသိန်းထွန်း၏ သား မောင်ဗက်သလင်ထွန်း (ခ) မောင်ဗက်လင်ထွန်း[၁/မကန(နိုင်)၂၄၂၃၇၁]သည် တစ်ဦးတည်းဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၂

ရိုးမဘဏ်လီမိတက် (၎င်း၏ကိုယ်စား ဘဏ်ခွဲမန်နေဂျာ ဒေါ်မြတ်ယဉ်လင်းစိုး (တရားလို) — နှင့် — ၁။ ဒေါ်သဲဇွန်ဇွန်ကျော် ၂။ ဦးသဲဦး (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁) ရပ်ကွက်၊ ထူပါရုံ (၁၃)လမ်းအနောက်၊ အမှတ်(၈၁၁)နေ တရားပြိုင်များဖြစ်သော ၁။ ဒေါ်သဲဇွန်ဇွန်ကျော် ၂။ ဦးသဲဦး (အတူနေသား အဖ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ရိုးမဘဏ်ချေးငွေဖြင့်ဝယ်ယူခဲ့သော တိုက်ခန်း (၁)ခန်း တန်ဖိုး (၇၀) ရာခိုင်နှုန်းအပေါ် ပေးဆပ်ရန်ကျန်ရှိနေသော (၆-၃-၂၀၂၃) ရက်နေ့အထိ အရင်းအတိုးနှင့် နောက်ကျဒဏ်ကြေးစုစုပေါင်း ချေးငွေကြွေးမြီ (ကျပ် ၄၅,၈၅၉,၂၃၇.၁၅) (လေးရာငါးဆယ်ရှစ်သိန်းငါးသောင်းကိုးထောင်နှစ်ရာသုံးဆယ်ခုနစ်ကျပ်တစ်ဆယ့်ငါးပြား)" ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ (၆)ရက်၊ (၁၃၈၆ ခု၊ တန်ခူးလဆုတ် ၁၃ ရက် ) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ (၈) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ညွန့်ရှင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၆)နေ ဒေါ်အိသစ္စာ[၁၂/ကမတ(နိုင်)၀၀၀၈၉၀]၊ ဦးစိုးလပြည့်[၁၂/ကမတ(နိုင်)၀၀၀၈၈၉]၊ ဦးခွဲသီဟ[၁၂/ကမတ(နိုင်)၀၅၆၉၇၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၆)ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်-၂၅ အီး၉၊ မြေကွက်အမှတ်- ၄၂၊ အကျယ်အဝန်း အလျား၂၅'၆"/၂၅'၊ အနံ ၅၀' ရှိသော နှစ်(၉၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ မြေညီထပ်(အေ)နှင့် အပေါ်ဆုံးအထပ်(၆လွှာ-ဘီ)တို့ကို မိခင် ဒေါ်ဖြူဖြူဝင်းမှ အမွေပစ္စည်းအနေဖြင့် ကျန်ရှိခဲ့ပါသည်။ မိဘ(၂)ပါးသည် ဗမာ၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ပြီး ကွယ်လွန်သွားသည့်အချိန်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ သားသမီးများဖြစ်ကြသော ဒေါ်အိသစ္စာ၊ ဦးစိုးလပြည့်၊ ဦးဖြိုးပြည့်အောင်၊ ဦးခွဲသီဟတို့ (၄)ဦးသာ အမွေဆက်ခံသူများအဖြစ် အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကြရာ ဦးဖြိုးပြည့်အောင်မှ ၎င်းရသင့်ရထိုက်သော အမွေပစ္စည်း၏လေးပုံတစ်ပုံတန်ဖိုးနှင့်ညီမျှသော အမွေဝေစုအချိုးကို ခွဲဝေပေးရန် တောင်းဆိုလာသည့်အတွက် (၈-၄-၂၀၂၄)ရက်နေ့တွင် နှစ်ဖက်သက်သေများရှေ့မှောက်တွင်ပေးအပ်ခဲ့ရာ ဦးဖြိုးပြည့်အောင်မှ အပြည့်အဝလက်ခံရယူခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ မိဘနှစ်ပါး ကျန်ရှိခဲ့သည့်အမွေပစ္စည်းများ၏ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍လည်း ဦးဖြိုးပြည့်အောင်မှ ၎င်း၏ညီအစ်ကိုမောင်နှမများဖြစ်သည့် ဒေါ်အိသစ္စာ၊ ဦးစိုးလပြည့်၊ ဦးခွဲသီဟတို့ထံသို့ အပြီးအပိုင် စွန့်လွှတ်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမွေဆက်ခံပိုင်ဆိုင်လာသည့်ပစ္စည်းများနှင့်ပတ်သက်ပြီး အမွေစွန့်လွှတ်ပြီးဖြစ်သည့် ဦးဖြိုးပြည့်အောင်နှင့်မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်းနှင့် ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကိုမပြုလုပ်ရန် အသိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိသစ္စာ၊ ဦးစိုးလပြည့်၊ ဦးခွဲသီဟတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင်** — **ဒေါ်ဆေးကျင်ဟွိုင်**
**LL.B,D.M.L,M.A(Business Law)** — **LL.B,M.A(Business Law)**
**အထက်တန်းရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၃၁၅၄၅)** — **(စဉ်-၁၃၁၀၅)**
**အမှတ်(၈၆)၊ ဌာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၈၄၃၉၃၈၄၁၊ ၀၉-၇၉၀၅၆၁၈၇၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်ကျေးလက်လမ်းတံတားလုပ်ငန်းများအား လုပ်ငန်းတင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်းအတွက် လျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂၂-၄-၂၀၂၄(တနင်္လာနေ့) |
| **တင်ဒါအကြိုရှင်းလင်းမည့်ရက်** | - ၂၆-၄-၂၀၂၄ (သောကြာနေ့) နံနက်(၁၀:၀၀)နာရီ |
| **တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** | - ၂၉-၄-၂၀၂၄ (တနင်္လာနေ့) |
| **တင်ဒါ Deposit နောက်ဆုံးတင်သွင်းရမည့်ရက်** | - ၂၉-၄-၂၀၂၄(တနင်္လာနေ့) |
| **တင်ဒါလျှောက်လွှာနောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်** | - ၃၀-၄-၂၀၂၄(အင်္ဂါနေ့) |
| **လုပ်ငန်းတင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာနှင့် လျှောက်လွှာ နောက်ဆုံးပြန်လည်တင်သွင်းရမည့် နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ပဲခူးတိုင်း ဒေသကြီး (အရှေ့မြို့ရှောင် လမ်းနှင့် ကလိ-ရှမ်းရွာကြီး လမ်းကြား) |

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၁၂-၄-၂၀၂၄ ရက်မှ ၂၉-၄-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၇၅၄၂၆၈၆၀၂၊ ၀၉-၇၉၃၇၃၆၈၀၃၊ ၀၉-၄၂၆၄၅၆၂၃၃၊ ၀၉-၉၆၀၀၄၀၀၄၈၊ ၀၉-၅၃၆၀၆၇၃၊ ၀၉-၄၅၆၀၀၀၈၀၇၊

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ စာရေး (၂)ဖြစ်သူ ဦးစောစေးဘား (ခ) ဦးစောစေးဖား မှတ်ပုံတင်အမှတ် [၁၂/ပဘတ (နိုင်) ၀၀၃၇၈၄]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄-စီ (S-၈၉)၊ မြေကွက်အမှတ်-၂၈၈၊ ဧရိယာ ၀.၀၄၁ ဧက၊ မြေကွက်တည်နေရာအမှတ် ( ၂၀ )၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် ဒေါ်မြကြည် (ခ) မမြစိန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား ဦးလှညွန့်၊ ဒေါ်ငယ်၊ ဒေါ်မြကြည် (ခ) ဒေါ်မြစိန် အား တရားမြိုင်ထားရှိကာ ဒေါ်လှလှမြင့် (ခ) ဒေါ်သီတာဦး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်အောင်)မှ တရားလိုပြုလုပ်၍ တာမွေမြို့နယ်တရားရုံး၊ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၄ ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၆.၁၂.၂၀၁၃ ရက်စွဲပါ စီရင်ချက်/ဒီကရီ နှင့် တရားမဇာရီမှုအမှတ်-၂/၂၀၂၂ တို့အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်အိအိမိုး (၁၄/ကခန (နိုင်) ၀၈၉၁၈၄) မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တရားရုံးအမိန့် ဘီလစ်ခန့်တတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့် ရုံးဌာန/သိုလှောင်ရုံ(၃)နေရာ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးဌာန/သိုလှောင်ရုံ(၄)နေရာ၊ စုစုပေါင်းရုံးဌာန/သိုလှောင်ရုံ(၈)နေရာတို့တွင် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.3.Security(2024–2025) |
| တင်ဒါစတင်သည့်ရက် | - ၁၁-၄-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | -၁၀-၅-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပြန်ကြားရေးဝန်ကြီးဌာန
## မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရုံးသုံး / လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါရုံးသုံး/လုပ်ငန်းသုံး စက်ကိရိယာ (၈)မျိုးကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Generator (10 KVA) Diesel | 1 No |
| 2 | Desktop Computer (i7 12th gen) | 4 Nos |
| 3 | Desktop Computer (13th Gen Intel® Core™ i7-13700 Processor) | 4 Nos |
| 4 | Digital Multifunction Copier With Feeder (Copy/ Print Speed 26 ppm) | 1 No |
| 5 | Digital Multifunction Copier With Feeder (Copy/ Print Speed 52 ppm) | 1 No |
| 6 | Laser Printer (A4) | 2 Nos |
| 7 | Colour Laser 3 in 1 Multifunction Printer | 3 Nos |
| 8 | Laptop Computer (Intel Core i7 (13th Gen)) | 3 Nos |

၂။ အိတ်ဖွင့်တင်ဒါများကို (၂၂-၄-၂၀၂၄) ရက်နေ့မှ (၉-၅-၂၀၂၄) ရက်အထိ နေ့စဉ် နံနက် (၉:၃၀)နာရီမှ (၁၆:၀၀) နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀,၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင် မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရာတွင် စံချိန်စံညွှန်း အဆိုပြုလွှာ (Specification & Catalogue Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို သီးခြားစီခွဲ၍ (၁၀-၅-၂၀၂၄) ရက်နေ့ (၁၆:၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်သို့ နောက်ဆုံးထား လာရောက်ပေးသွင်းကြပါရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ တင်ဒါတင်သွင်းမည့် ပစ္စည်းတန်ဖိုး (၁%)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ P.G (Performance Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇-၃၄၁၂၈၆၀၊ ၀၆၇-၃၄၁၂၈၆၂ တို့သို့ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၆။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို (၁၀-၅-၂၀၂၄) ရက်နေ့ (၁၆:၀၀)နာရီတွင် နောက်ဆုံးထား၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

| **တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန် လိပ်စာ** |
|---|---|
| **မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** | **ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန** |
| **ရုံးအမှတ် (၇) ၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း ၀၆၇-၃၄၁၂၈၆၀** | **ရုံးအမှတ် (၇) ၊ နေပြည်တော်** |
| | **ဖုန်း ၀၆၇-၃၄၁၂၈၆၀** |

## ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ ကျွန်းတောရပ်ကွက်၊ ကျွန်းတော(၂)လမ်းထောင့်ရှိ ဒေါ်ဝင်းဝင်းမော် [၁၂/ဒပန(နိုင်)၀၂၂၇၅၀] ပိုင်ဆိုင်သော အိမ်ခြံမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ အိမ်ခြံမြေကွက်ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းဝင်းမော်ထံမှ ဒေါ်စုနှယ်ဝင်း [၁၄/ဒဒရ(နိုင်)၁၂၇၅၉၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စုနှယ်ဝင်း ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ၊ တိုက် **(A)**၊ အခန်းအမှတ် (၁၀၀၂)၊ (၁၀) လွှာ၊ (၁၇၀၀) စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးသန်းဝင်းနိုင် (၉/မရတ (နိုင်) ၁၁၆၅၆၄) + ဒေါ်ငြိမ်းငြိမ်းမြတ် (၁၃/နခတ (နိုင်) ၀၅၄၁၅၄)** တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| **ဒေါ်ဇင်မျိုးနွယ် (LL.B)** | **ဒေါ်ထက်ထက်အောင် (LL.B)** |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၅၉) | အထက်တန်းရှေ့နေ(စဉ်-၅၅၃၇၆) |

**09 - 4080 988 22, 09 - 7650 800 73, 09 - 50 800 73**
**အမှတ် (1/A2)၊ မြသီတာအိမ်ရာ၊ မြင်သာ (၁၁) လမ်း၊ (၁၄/၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ်- ၂၀၀၀၊ ဧရိယာ(၃၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၂၀၀၀)၊ ဈေးလမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်အေး [၇/ကကန(နိုင်)၀၁၀၃၅၉]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်အေး[၇/ကကန(နိုင်)၀၁၀၃၅၉] ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြကြည် [၇/ကကန(နိုင်)၀၁၀၃၆၀]မှ ကွယ်လွန်သူခင်ပွန်းတွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ မိမိတစ်ဦးတည်းသာ လျှင်ရှိပါကြောင်း၊ အခြားသော ဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကွယ်လွန်သူခင်ပွန်းနှင့် မိမိသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်းကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ဇနီးဖြစ်သူ မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဦးတင်အေး၏ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်း(၆၁)မျိုး၊ ခွဲစိတ်ပစ္စည်း(၁၂)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ကျန်းမာရေးဌာနသုံးပစ္စည်း၊ စက်ပစ္စည်း၊ ရုံးသုံးပစ္စည်း (၂၇)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါအမှတ် | - Tender.1.Med&Med Supplies(2024–2025) |
| | - Tender.2.Equipment(2024–2025) |
| တင်ဒါစတင်သည့်ရက် | - ၁၁-၄-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့် အချိန် | - ၆-၅-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/ ၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- လေးဒေါင့်ကန်၊ မြေကွက်အမှတ်- ၄၅၇/ဂျီ၊ မြေကွက်တည်နေရာအမှတ် (၄၅၇ ဂျီ)၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဒေါ်သန်းညွန့်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်သန်းညွန့်(ISN-၁၆၁၃၉၄)ထံမှ (၉-၅-၂၀၀၁) ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်ဖြင့် ဦးမြင့်စိုးမှ ဝယ်ယူပြီး ၎င်းထံမှတစ်ဆင့် (၂၁-၁-၂၀၂၃)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဥမ္မာခင် [၈/တတက(နိုင်)၀၀၉၅၀၇]မှ အရပ်ကတိအရောင်းအဝယ်စာချုပ်မူရင်းများ၊ (ဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တို့သာပါရှိပြီး မှီခိုသူများစာရင်းမပါရှိ)သည့် အမည်ပေါက် ပါမစ်မူရင်း(မပြည့်စုံ)ဖြင့် ဂရန်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မုဆိုးကွင်းကျေးရွာအုပ်စု၊ မြသီတာရပ်ကွက်၊ ဂုန်နီစက်ရုံနေ ဦးအောင်မိုး-ဒေါ်နီနီအေးတို့၏သမီးဖြစ်သူ မမေဇင်ထက် [၁၄/မမန(နိုင်) ၁၉၇၆၉၇]သည် မိဘ၏ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများအား စိတ်ဆင်းရဲစေသောကိစ္စများကို အကြိမ်ကြိမ်အခါခါ ပြုလုပ်နေသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

| **ဦးအောင်မိုး** | **ဒေါ်နီနီအေး** |
|---|---|
| **[၁၄/မမန(နိုင်)၀၁၃၀၀၆]** | **[၁၄/မမန(နိုင်)၀၁၃၀၅၀]** |

## “ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၆-ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ် (၅)နေ ဦးစံသာထွန်း (ဘ)ဦးထွန်းဝေ [၁၂/ရကန(နိုင်)၀၅၅၄၂၁]သည် ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၎င်း၏မူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်- ၂၅၂၇/၂၀၂၄ ဖြင့် (၁၂-၃-၂၀၂၄)ရက်စွဲဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါကုန်အမှတ်တံဆိပ်၏ မူပိုင်ဖြစ်ပါသည်-

**သုခသိဒ္ဓိ လိမ်းဆေး**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား **“သုခသိဒ္ဓိ လိမ်းဆေး”**ဟူသော အမည်အမှတ်အသားဖြင့် “ယားနာလိမ်းဆေးအစုံ၊ ပွေး၊ ညှင်း၊ ဒက်၊ ဂျွတ်၊ သဲဝဲရေဝဲ၊ ခြေကွဲနာ၊ ငါးမျက်စိ၊ ငါးပြေမပါးဟက်၊ အရေပြားထူထပ်ကြမ်းတမ်းခြင်း၊ ယားနာလိမ်းဆေးမျိုးစုံ”တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားအတုအပပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

## ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာန ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ ရန်ကုန်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှ တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော အရက်/ဝိုင်၊ လူသုံးကုန်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - ၁၅ - ၅-၂၀၂၄ ရက် နံနက် ၁၀ နာရီ

(ခ) နေရာ - ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ပစ္စည်းအမျိုးအမည် - အရက်/ဝိုင်၊ လူသုံးကုန်ပစ္စည်းနှင့် အိမ်ဆောက်ပစ္စည်း

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက် တစ်စုံလျှင် ကျပ် ၁၀၀၀၀/-တစ်သောင်းကျပ်တိတိနှုန်း) ဖြင့် ၂-၅-၂၀၂၄ ရက်မှ ၉-၅-၂၀၂၄ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၏ (မြေညီထပ်)ရန်ကုန်တိုင်းအကောက်ခွန်ဦးစီးဌာနမှူးရုံးခွဲတွင် ဝယ်ယူနိုင်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများနှင့် သတ်မှတ်လေလံ စပေါ် ငွေပေးသွင်းပြီးသူများအား ၁၀-၅-၂၀၂၄ ရက်မှ ၁၄-၅-၂၀၂၄ ရက်အထိ ရုံးဖွင့်ရက် နံနက် ၁၀ နာရီမှ ညနေ ၁၆:၀၀ နာရီအထိ ပစ္စည်းထားရှိရာ မရမ်းကုန်းမြို့နယ် နာဂသိုလှောင်ရုံ၌ (၃)ရက်ပြသပါမည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများနှင့် လေလံပုံစံဝယ်ယူလိုသူများသည် ရန်ကုန်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ အကောက်ခွန်ဦးစီးဌာနရုံးချုပ်၏ (မြေညီထပ်) ရန်ကုန်တိုင်းအကောက်ခွန်ဦးစီးဌာနမှူးရုံးခွဲနှင့် လေလံတင်ရောင်းချရေးအဖွဲ့ အတွင်းရေးမှူး ဖုန်း-၀၉-၆၆၂၆၉၃၀၇၀ သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၁-ရပ်ကွက်၊ ဦးဘဟန်လမ်း (ခ) ဗဟိုလမ်း၊ မုဒိတာတန်ဖိုးနည်းအိမ်ရာ အမှတ်-၁၊ တိုက်ခန်းအမှတ်-ဒီ ၆၁၀ ကို ဦးသန့်ဇင်[၁၂/ပဘတ(နိုင်)၀၀၅၉၁၂] ကိုင်ဆောင်သူက ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးသန့်ဇင်သည် ၁၁-၈-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။ အဆိုပါတိုက်ခန်းကို ဦးသန့်ဇင်၏ တရားဝင်ဇနီးမယားဖြစ်သူ ဒေါ်သင်းသင်းလတ်[၁၂/ဥကမ(နိုင်)၀၀၂၁၀၃] က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခွင့်ရှိသူတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုမြတ်နွယ် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၈၅)**
**အမှတ်-၄၅၊ ပြည်လမ်း၊ တော်ဝင်စင်တာ၊ ဒုတိယထပ်၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်(C)၊ အမှတ် (၃၁၆)နေ မပိုးအိဖြူ [၇/ ဖမန(နိုင်) ၁၅၆၄၈၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မောင်ထက်နိုင်အောင် [၁၂/တမန(နိုင်)၁၁၁၆၈၁] နှင့် မပိုးအိဖြူတို့သည် (၃၁-၁၂-၂၀၂၁)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ပေါင်းသင်းနေစဉ် ကာလတစ်လျှောက်လုံး မောင်ထက်နိုင်အောင်သည် စားစရိတ်ထောက်ပံ့ပေးကမ်းခြင်း၊ ကောင်းစွာရှာဖွေကျွေးမွေးခြင်းမရှိသည့်အပြင် အိမ်ထောင်ရေးဖောက်ပြန်မှုများကျူးလွန်၍ မပိုးအိဖြူ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေမည့်ကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ (၂၃-၃-၂၀၂၄)ရက်နေ့တွင် မောင်ထက်နိုင်အောင်သည် မပိုးအိဖြူ အား ရိုက်နှက်၍ ပေါင်းသင်းနေထိုင်ခြင်းမရှိဘဲ ထွက်ခွာသွားခဲ့ပါသည်။ ဤကြေညာပါသည့်နေ့ရက်ထိ မောင်ထက်နိုင်အောင်သည် မပိုးအိဖြူထံသို့ လာရောက်ခြင်းမရှိသည့်အပြင် လင့်ဝတ္တရား(၅)ပါးနှင့်အညီ ကြည့်ရှုစောင့်ရှောက်ခြင်းမရှိသဖြင့် ဤကြေညာပါသည့်နေ့မှစ၍ မပိုးအိဖြူက မောင်ထက်နိုင်အောင်နှင့် လင်ခန်းမယားခန်း ပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မဥ္ဇူ (LL.B)(၁၉-၁၂-၁၉၉၇)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၉၄)**
**တိုက်အမှတ်-၉/၁၁၊ အခန်း ၃၀၂၊ (၃၆)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၅၆၂၂၅၊ ၀၉-၄၃၀၈၆၂၁၉**

## အကောက်ခွန်ဦးစီးဌာန ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော B/N Excavator Spare parts၊ အဝတ်ဖြတ်စများ၊ Plastic Lunch Box၊ ကားမှန်များနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - (၁၆-၅-၂၀၂၄) ရက် နံနက် (၁၀:၀၀) နာရီ

(ခ) နေရာ - ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ပစ္စည်းအမျိုးအမည် - B/N Excavator Spare parts၊ အဝတ်ဖြတ်စများ၊ Plastic Lunch Box၊ ကားမှန်များနှင့် အထွေထွေကုန်ပစ္စည်းများ

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင်ကျပ်(၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် (၈-၅-၂၀၂၄) ရက်မှ (၁၀-၅-၂၀၂၄) ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများအား (၁၃-၅-၂၀၂၄) ရက်မှ (၁၅-၅-၂၀၂၄) ရက်အထိ ရုံးဖွင့်ရက် နံနက်(၁၀:၀၀) နာရီမှ ညနေ (၁၆:၀၀) နာရီအထိ **(၃)ရက်**ပြသပါမည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကွန်ကရစ်ကမ်းနားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း(၀၉-၅၁၄၂၉၇၉) သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
| --- | --- | --- |
| (က) | အုတ် | ၈၇၇၄၅၆၈ ချပ် |
| (ခ) | လိပ်သဲကျောက် ၆"x ၉" | ၄၅၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၄-၂၀၂၄ ရက်မှစ၍ရောင်းချမည်ဖြစ်ပြီး ၃-၅-၂၀၂၄ ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)၊ မြေကွက်အမှတ်(၆၄၉/B)၊ ဧရိယာ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်(၆၄၉/B)၊ ခိုင်ရွှေဝါလမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိုးအောင်[၁၂/သကတ(နိုင်)၀၆၇၂၅၀]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိုးအောင် [၁၂/သကတ(နိုင်)၀၆၇၂၅၀](ဖခင်)နှင့် ဒေါ်လှမြင့် [၁၂/သကတ(နိုင်)၀၆၅၉၄၇] (မိခင်)တို့ အသီးသီးကွယ်လွန်၊ ၎င်းတို့၏သား/သမီး(၅)ဦး အနက် သား(၁)ဦးဖြစ်သူ ဦးအောင်မိုး [၁၂/သကတ(နိုင်)၁၄၆၆၉၃]သည် လူပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့် ကျန်သမီးများဖြစ်ကြသော ဒေါ်နွဲ့နွဲ့အေး[၁၂/သကတ(နိုင်)၀၆၇၂၁၈]၊ ဒေါ်ကြည်ကြည်စိုး [၁၂/သကတ(နိုင်)၀၆၅၂၄၃]၊ ဒေါ်သန်းသန်းစိုး [၁၂/သကတ(နိုင်)၀၆၆၂၄၈]၊ ဒေါ်ကြူကြူဝင်း [၁၂/သကတ(နိုင်)၀၂၀၃၇၅] တို့မှ ကွယ်လွန်သူမိဘများတွင် သား/သမီးအရင်းများဖြစ်သော မောင်နှမ(၅)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော သား/သမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံ ကိတ္တိမသား/သမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း၊ သား/သမီး(၅)ဦးအနက် အငယ်ဆုံးဖြစ်သူ ဦးအောင်မိုးသည် လူပျိုကြီးဘဝဖြင့် အမွေစားအမွေခံ ကိတ္တိမသား/သမီးများ မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့ကြောင်း၊ မိခင်၊ ဖခင်နှင့် မွေးချင်းတစ်ဦးဖြစ်သူ ဦးအောင်မိုးကွယ်လွန်ပြီးနောက် ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ မိမိတို့(၄)ဦးကသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးစိုးအောင် (ဖခင်)၊ ဒေါ်လှမြင့် (မိခင်)၊ ကိုအောင်မိုး (မောင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၁၀)လမ်း၊ အမှတ်(၁၅၄/၂)၊ အခန်းအမှတ်(၃-ဘီ) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်အနက်-ဒုတိယထပ်၊ တိုက်ကိုမျက်နှာမူ၍ကြည့်လျှင် လက်ယာဘက်ခြမ်း၊ အကျယ်အဝန်း(၁၃ ½ ပေx ၅၀ပေ)ရှိတိုက်ခန်းအား အရောင်းအဝယ် အဆက်ဆက်စာချုပ်များဖြင့် ပိုင်ဆိုင်လာခဲ့ပြီး တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန္ဒာလှိုင် [၁၂/မဂတ(နိုင်)၀၄၇၇၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဂျိုးဇက်ကျန်ဆာ[၁/မကန(နိုင်)၁၃၅၂၂၀]မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်မည့် တိုက်ခန်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-** **ဦးဆန်းမင်းနောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၃၁၂ )**
**အမှတ်(H/၉၅)၊ ဈေးကုန်းရှေ့၊ အင်းစိန်။ ဖုန်း-၀၉-၄၃၁၀၇၇၈၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)ရပ်ကွက်၊ စက်မှုဇုန်(၃)၊ Commercial Area အိမ်ရာ၊ တိုက်(၄)၊ အခန်း(၂၀၄)ဒုတိယထပ်၏အမည်ပေါက် ဒေါ်မြမြတင်[၁၂/ရကန(နိုင်)၀၃၃၀၈၂] ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နီလာကြိုင် [၁၄/ဝခမ(နိုင်)၁၄၂၉၉၃] က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၃)ရပ်ကွက်၊ Commercial Area အိမ်ရာ၊ တိုက်(၅)၊ အခန်း(၂၀၂) ဒုတိယထပ်၏ အမည်ပေါက်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နီလာကြိုင် [၁၄/ဝခမ(နိုင်)၁၄၂၉၉၃]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-စီ)၊ မြေကွက်အမှတ်(၈၆၇)၊ ဝေ/တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အိမ်အမှတ်(၁၀)၊ အကျယ်အဝန်း (အလျား ၂၅ ပေ x အနံ ၅၀ ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၈)ထပ်တိုက်မှ ပထမထပ်(၂-လွှာ)တိုက်ခန်းနှင့် ယင်းနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်မီမီမြတ်စိုး[၁၂/စခန(နိုင်)၀၆၈၂၈၉]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်၍ အရှုပ်အရှင်း ကင်းကြောင်းဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုနှင်းအိ [၇/ဒဥန(နိုင်)၀၁၆၂၁၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
| --- | --- |
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ချယ်ရီဝင်း** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **[LLB, W.I.P.O (switzerland)]** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)** |

**အမှတ်-(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကိုယ်စားလှယ်စာရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃-လမ်း(အထက်)၊ အမှတ်(၁၆၄)၊ ပထမထပ်နေ ဒေါ်ရီရီအောင် [၁၂/ကတတ(နိုင်)၀၀၄၁၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ရီရီအောင်မှ မောင်ဖြစ်သူ ဦးတိုးအောင် [၁၂/အစန(နိုင်)၀၄၆၅၁၄]အား တရားရုံးကိစ္စများဆောင်ရွက်ရန်အတွက် မန္တလေးမြို့၌ နိုတြီပဗ္ဗလစ် ဦးမြလှိုင်၏ရှေ့မှောက်တွင် (၁၇-၃-၂၀၂၄) ရက်စွဲဖြင့် လွှဲအပ်ခဲ့သောအထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။ သို့ပါ၍ အဆိုပါကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ နောက်နောင်တွင် ပေါ်ပေါက်လာသည့် မည်သည့်ကိစ္စမဆို ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ရီရီအောင်နှင့် သက်ဆိုင်ခြင်းမရှိ၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
| --- | --- |
| **ဦးအောင်ဖြိုးဝေ (စဉ်-၁၇၄၆၁)** | **ဒေါ်အိအိခင် (စဉ်-၉၇၉၅)** |
| **LL.B** | **LL.B, LL.M, D.M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၃၈)၊ အနော်ရထာလမ်း၊ (၈) ရပ်ကွက်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ တောင်ကြီး
## University of Medicine, Taunggyi
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်၊ တောင်ကြီးတွင် (၂၀၂၄–၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

**စဉ် လုပ်ငန်းစီမံကိန်းအမည်**

(၁) ကျောင်းသားဆောင်မွမ်းမံခြင်းလုပ်ငန်း
(က) ကျောင်းသားဆောင်ရေချိုးခန်းပြုပြင်ခြင်း၊ အိမ်သာနှင့် မိလ္လာပြုပြင်ခြင်းလုပ်ငန်း
- **Hand Shower** အသစ်တပ်ဆင်ခြင်း၊ ဒူးဆေးခေါင်းအသစ်လဲလှယ်ခြင်း [ရေချိုးခန်း (၈၀) ခန်း]
- ကြွေဘေစင်နှင့် ရေခေါင်း အသစ်လဲလှယ်ခြင်း ဘေစင် (၂၀)ခု
- အိမ်သာကြွေခွက်အိုးများ အသစ်လဲလှယ်ခြင်းနှင့် ရေခေါင်းလဲလှယ်ခြင်း၊ ကြွေပြားကပ်ခြင်း အိမ်သာခန်း(၆၀)ခန်း

(ခ) အိမ်သာရေချိုးခန်းရှိ ရေပိုက်များ၊ မိလ္လာပိုက်များ (၄'' x ၁၉' x ၆၂ လုံး)၊ မိုးရေဆင်းပိုက်များ (၃'' x ၁၉' x ၆၀ လုံး)နှင့် Supply Pipe များ (၂'' x ၁၉' x ၅၀ လုံး) (၃/၄'' x ၁၉' x ၆၀ လုံး) အသစ်လဲလှယ်ခြင်းလုပ်ငန်း

(၂) သင်ကြားရေး (၄)ထပ် စာသင်ဆောင်၏ ဒုတိယထပ်တွင်ရှိသော Common Lab အခန်းတွင် **Anti Bacterial Homogeneous Vinyl Flooring Work** ကြမ်းခင်းခြင်းနှင့် **Self Leveling** ညှိနှိုင်းခြင်းလုပ်ငန်း(ဘယ်ဘက်) (၂၉၀၀.၀၆ Sq Ft)နှင့် သင်ကြားရေး (၄)ထပ် စာသင်ဆောင်၏ ဒုတိယထပ်တွင် **Microbiology** ဓာတ်ခွဲခန်းတွင် ကြမ်းခင်း **Epoxy Paint** ခင်းခြင်းလုပ်ငန်း(ညာဘက်)(၂၆၀၀.၄ Sq Ft)

(၃) (က) ကျောင်းသားဆောင် ဆိုင်ကယ် Stand (၁၀၀' x ၁၈' x ၈')ပြုလုပ်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်း (၁၃၀' x ၂၀' x ၆'' ထု)
(ခ) ကျောင်းသူဆောင် ဆိုင်ကယ် Stand (၁၀၀' x ၁၈' x ၈') ပြုလုပ်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်း (၁၃၀' x ၂၀' x ၆'' ထု)

(၄) (က) အင်ကြင်းဆောင်(ရောဂါဗေဒဌာန၊ အဏုဇီဝဗေဒဌာန၊ ဆေးဝါးဗေဒဌာန)တွင် သံပန်းကာရံခြင်းလုပ်ငန်း (၃၂၀' x ၇.၇၅') (၂၄၇၈.၅၀၅ စတုရန်းပေ)
(ခ) ခတ္တာဆောင် (ဇီဝဓာတုဗေဒဌာန၊ ခန္ဓာဗေဒဌာန၊ ဇီဝကမ္မဗေဒဌာန) တွင် သံပန်းကာရံခြင်းလုပ်ငန်း (၃၂၀' x ၇.၇၅') (၂၄၇၈.၅၀၅ စတုရန်းပေ)

(၅) အမျိုးသမီးနှင့် ကလေးဆေးရုံတွင်ရှိသော (၂)ထပ် သင်ကြားရေး စာသင်ဆောင် မြေညီထပ်တွင် သံပန်းများကာရံခြင်းလုပ်ငန်း (အလျား ၂၀၄' x အမြင့် ၁၀')

| | | |
|---|---|---|
| ၂။ အိတ်ဖွင့်တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက် | – | ၂၂–၄–၂၀၂၄ ရက် (တနင်္လာနေ့) နံနက်(၉:၃၀)နာရီ |
| တင်ဒါပိတ်သိမ်းမည့်ရက် | – | ၁၀–၅–၂၀၂၄ ရက် (သောကြာနေ့) ညနေ(၁၆:၃၀)နာရီ |
| ၃။ အိတ်ဖွင့်တင်ဒါ ရောင်းချမည့်လိပ်စာ | – | ကျန်းမာရေးဝန်ကြီးဌာန |
| အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာ | – | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်–တောင်ကြီး ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ |

၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းများအတွက် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။
၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသော အချက်များကို နေ့စဉ်ရုံးချိန်အတွင်း ဆေးတက္ကသိုလ်–တောင်ကြီး ဖုန်း– ၀၈၁–၂၁၂၄၈၆၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
**ဆေးတက္ကသိုလ်–တောင်ကြီး**

## မိသားစုစီမံမှုသဘောတူကတိစာချုပ် ချုပ်ဆိုပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မင်းရန်အောင်လမ်း၊ အမှတ်– (၁၂/၃)နေ– (ဘ) ဦးမောင်ငို၏သားဖြစ်သော ဦးလှသိန်း[၁၂/ဥကမ(နိုင်)၀၆၁၅၅၆]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဈ)၊ မင်းရန်အောင် (၅)လမ်း၊ မြေကွက်အမှတ် (၁၂/၃)၊ မြေအမျိုးအစား– နှစ်(၆၀)ဂရန်၊ မြေအမည်ပေါက်–ဦးလှသိန်း၊ အလျား(၂၀)ပေx အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံး**ကို ဇနီးဖြစ်သူ ဒေါ်ကြည် [၁၂/ဥကမ(နိုင်)၀၆၁၇၀၆]ကွယ်လွန်ပြီးနောက် ခင်ပွန်းဖြစ်သူ ဦးလှသိန်းမှ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိခဲ့ပါသည်။ ဦးလှသိန်းနှင့် ဇနီးဖြစ်သူ ဒေါ်ကြည်တို့တွင် သားသမီး(၈)ဦး ထွန်းကားခဲ့ပါသည်။ အခြားသော ကိတ္တိမသားသမီးမရှိပါ။ ယခုအခါ ဖခင်ဖြစ်သူ ဦးလှသိန်းမှ အသက်အရွယ်ကြီးရင့်သည်ကတစ်ကြောင်း၊ တရားဘာဝနာအားထုတ်လို၍ သားသမီး(၈)ဦးအား (၉–၄–၂၀၂၄)ရက်နေ့တွင် **"မိသားစုစီမံမှု သဘောတူကတိပဋိညာဉ်စာချုပ်"**အား ပြုလုပ်ချုပ်ဆို၍ သားသမီးများကို အမွေဝေစုများ ခွဲဝေသတ်မှတ်ပေးပြီးဖြစ်ကြောင်းနှင့် သားသမီးများမှလည်း ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ဖခင်ဖြစ်သူ၏ စီမံမှုအား သဘောတူကြည်ဖြူစွာ လက်ခံရရှိပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL–101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း – 09–260087755, 09–421123477**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၄–၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော Linear Accelarator စက်များအား ဝယ်ယူရန် တင်ဒါအမှတ်–1DMS (2024–2025)(L)ဖြင့် လည်းကောင်း၊ Ambulance များအား ဝယ်ယူရန်တင်ဒါအမှတ်– 2DMS(2024–2025)(L)ဖြင့် လည်းကောင်း၊ CT Simulator စက်အား ဝယ်ယူရန် တင်ဒါအမှတ်–3DMS(2024–2025)(L)ဖြင့် လည်းကောင်း တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | – | ၁၀–၄–၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | – | (၃၀–၄–၂၀၂၄)ရက်၊ မွန်းတည့်(၁၂:၀၀)နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | – | ၀၆၇–၃၄၁၁၅၄၄၊ ၀၆၇–၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
## "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၂၄ –၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်း/ကုမ္ပဏီများနှင့် ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

၂။ **ဆောင်ရွက်ရမည့်လုပ်ငန်း**
(က)တက္ကသိုလ်ဝင်းအတွင်း လုံခြုံရေးလမ်းမီးတိုင်၊ မီးလုံးများနှင့် မီးကြိုးများသွယ်တန်းခြင်း လုပ်ငန်း
(ခ) ပင်မဆောင်ဘေးနှင့် အတွင်းပတ်လည် Sun Shade (၈၄.၅ x ၃') (၅)ခုနှင့် အရှေ့ခြမ်း၊ အနောက်ခြမ်းနှင့် Multi Purpose Hall တို့တွင် စတီးဘာဂျာတံခါးတပ်ဆင်ခြင်းလုပ်ငန်း

| | | |
|---|---|---|
| ၃။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်နေ့ရက် | – | ၁၂–၄–၂၀၂၄ ရက် (သောကြာနေ့) |
| အိတ်ဖွင့်တင်ဒါပိတ်မည့် နေ့ရက်နှင့် အချိန် | – | ၇–၅–၂၀၂၄ရက်(အင်္ဂါနေ့) ညနေ(၄:၀၀)နာရီ |
| တင်ဒါရောင်းချမည့်နေရာ | – | ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် |

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း (၀၉–၆၈၉၀၄၄၃၄၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ စံပယ်(၂)လမ်း၊ အမှတ်(၃၉၈/ဘီ)နေ ဦးဇေယျာနေလင်း [၁၂/မဘန(နိုင်)၁၁၈၉၃၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ (၆)လမ်း၊ အမှတ် (၄၇၇)ဟုခေါ်တွင်သော အလျား (၄၀)ပေ x အနံ (၆၀)ပေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၏ (၂)ခန်းတွဲ၊ (၅)ထပ်၊ တိုက်ခန်း (၁၀)ခန်းပါဝင်သော အဆောက်အအုံရှိ အလျား(၁၈)ပေx အနံ(၅၄)ပေ ကျယ်ဝန်းသည့် (၄)လွှာ၊ ဒုတိယထပ်၊ ခေါင်းရင်းဘက်ခြမ်း၊ တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**တို့သည် ယခုအပိုင်ရောင်းချသူ ဒေါ်ကြွယ်ကြွယ်သန်း [၁၂/ဥကမ(နိုင်)၀၃၀၃၈၈]မှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး၊ တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်းနှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL–101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း– 09–260087755, 09–421123477**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၊ မြေကွက်အမှတ်– ၁၂၉၃၊ မြေကွက်တည်နေရာအမှတ်– ၁၂၉၃၊ ယောမင်းကြီး (၁)လမ်း၊ ၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဒေါ်တင်မျိုးအေး) (MBU–၀၇၆၀၃၀) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်မျိုးအေး (အစ်မ)သည် (၁–၁၂–၂၀၀၆)နေ့တွင် (အပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် ဒေါ်တင်အေးမူ [၁၄/ဟသတ(နိုင်)၀၅၃၂၈၁]၊ ဦးခင်မောင်ငွေး [၁၄/ဟသတ(နိုင်) ၀၆၀၈၄၅]၊ ဦးစိုးဝင်း [၁၂/စခန(နိုင်)၀၄၆၅၂၉]တို့မှ အမည်ပေါက်၏ မောင်နှမအရင်းများတော်စပ်ကြောင်းနှင့် အခြားသော အမွေစားအမွေခံ မွေးစားထားခြင်းများလည်း မရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၂ ထပ်တိုက် အဆောက်အဦတစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင် နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်တင်အေးမူ+၂ တို့မှ ပိုင်ဆိုင်၊ စွန့်လွှတ်၊ မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၆ အီး၊ မြေကွက်အမှတ်–၉၀ ဂျေ/၁–၁ + ၉၀ အီး/၂–၁၊ မြေဧရိယာ (၀.၁၀၉ ဧက)၊ မြေကွက်တည်နေရာအမှတ်– ၉၃/အေ–၁၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ခင်ခင်ကြီး [၁၂/ကမရ(နိုင်)၀၃၂၉၈၁] အမည်ပေါက်သည့် မြေပိုင်မြေ(မစိုက်ပျိုးမြေ) မြေအား အမည်ပေါက်ဖြစ်သူ (မိခင်) ဒေါ်ခင်ခင်ကြီးသည် (၂၃–၁–၂၀၂၄)ရက်နေ့တွင် လည်းကောင်း၊ (ဖခင်)ဖြစ်သူ ဦးအောင်ညွှန့်သည် (၁၅–၅–၂၀၁၄) ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်၍ သားသမီးများဖြစ်ကြသော ဦးကျော်ဇင်အောင် [၁၂/ကမရ(နိုင်)၀၂၇၁၃၈]၊ ဒေါ်စုစုအောင် [၁၂/ကမရ(နိုင်)၀၃၂၉၈၀]တို့မှ သားသမီးအရင်းများအဖြစ် မိမိတို့ မောင်နှမ (၂)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် အမွေစားအမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်း လုံးဝမရှိပါကြောင်း၊ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းကို ကျောက်တံတားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်– ၁၆/၂၀၂၄ (၁၂–၃–၂၀၂၄)၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်ခဲ့သည့် စွန့်လွှတ်စာချုပ်အမှတ်– ၁၀၀၃/၈၅ (၁၀–၁၀–၁၉၈၅)၊ စွန့်လွှတ်စာချုပ်အမှတ်– ၇၉၅/၀၅ (၇–၃–၂၀၀၅)၊ အမှားပြင်စာချုပ်အမှတ်– ၂၇၅၇/၀၆ (၂၇–၇–၂၀၀၆)၊ ခွဲစိတ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို မှီ၏**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ၂၀၂၄–၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသည့် ဘေးထွက်ပစ္စည်းများဖြစ်သော သတင်းစာ(ရိုက်ပျက်)၊ လုံးကျန်၊ လိပ်ခွာ၊ စက္ကူလိပ်၏ထိပ်ပိတ်အဝိုင်းပြား၊ ပုံနှိပ်ပြီးသော ပလိတ်ပြား(အဟောင်း)၊ မင်ပုံးခွံနှင့် ဓာတ်ဆေးရည်ပုံးခွံများကို ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်နှင့် အမှတ် (၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ၂၂–၄–၂၀၂၄ ရက်နေ့မှ ၆–၅–၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်တွင် နေ့စဉ် နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၇–၅–၂၀၂၄ ရက်နေ့ မွန်းတည့် ၁၂:၀၀ နာရီအတွင်း အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်၍ တင်သွင်းသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး (၁%)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG (Preformancce Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။
၄။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချုပ် (နေပြည်တော်)၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ ဖုန်း– ၀၆၇၃၄၁၂၆၆၂၊ ဖုန်း ၀၁၈–၃၉၈၆၆၉၊ ၀၁၈–၂၀၁၁၉၂ တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်။**
**အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်–
(က) Machinery & Equipment
(ခ) Office Equipment
(ဂ) Furniture

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံရောင်းချမည့်ရက် | – | (၂–၅–၂၀၂၄)ရက်မှ (၃၁–၅–၂၀၂၄)ရက်အထိ |
| ၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်နှင့်အချိန် | – | (၃၁–၅–၂၀၂၄) ရက်၊ ညနေ ၁၆:၀၀ နာရီ |
| ၄။ တင်ဒါဖွင့်ဖောက်မည့်ရက် | – | ပြန်လည်အကြောင်းကြားပါမည်။ |
| ၅။ တင်ဒါတင်သွင်းရမည့်နေရာ | – | ရုံးအမှတ်(၃၁)၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန |

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စပ်လျဉ်း၍ မေးမြန်းလိုပါက ရုံးအမှတ်(၃၁)၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစု ဖုန်း ၀၆၇–၄၀၆၂၁၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လှိုင်ဘူတာရုံလမ်း၊ သုခမြိုင်အိမ်ရာ၊ အမှတ်– ၅၅၊ အခန်းအမှတ်– ၂၀၁ နေ ဒေါ်ခိုင်လွင်လွင်အေး [၁၂/မရက(နိုင်)၁၄၁၄၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်လွင်လွင်အေးသည် Sora Hoshi Japanese အမည်ဖြင့် သင်တန်းကျောင်းဖွင့်လှစ်၍ ဦးစီးလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ သင်တန်းကျောင်းတွင်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင်လည်းကောင်း ကောင်းမွန်သောဂုဏ်သတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူမှ ဦးစီးလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် Sora Hoshi Japanese သင်တန်းကျောင်းအမည်ဖြင့် အသုံးပြုလျက်ရှိသော ဖေ့ဘွတ်စာမျက်နှာပေ့ချ်အပါအဝင် ၎င်း၏ ဖုန်းနံပါတ်၊ Viber နှင့် Personal Facebook Account များတွင် Comment ရေးခြင်း၊ Tag တွဲခြင်းအစရှိသည့်များအပြင် လူမှုပတ်ဝန်းကျင်တွင် ကျွန်ုပ်တို့မိတ်ဆွေ၏ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန်ရည်ရွယ်၍ မမှန်မကန်ပြောဆိုခြင်း၊ စိတ်ဒုက္ခရောက်အောင် ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေသောကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ထိုကဲ့သို့မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထက်ကို (LL.B)** | **ဦးထက်ဦးလွင် (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၁၆၂၄)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၆၆၆)** |
| **ဖုန်း– ၀၉–၇၈၅၅၈၄၃၀၇** | **ဖုန်း– ၀၉–၂၅၀၀၂၁၇၀၈** |

**အမှတ်–၉၉၊ ပထမထပ်(ဝဲ)၊ ၃၉–လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
## "အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ပစ္စည်းစာရင်းများ
- (၁) ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ
- (၂) လျှပ်စစ်သုံးပစ္စည်းများ
- (၃) အရပ်ရပ်သုံးပစ္စည်းများ
- (၄) ရုံးသုံးစက်ကိရိယာများ
- (၅) ရုံးသုံးပရိဘောဂများ
- (၆) Medical Books & Journal

၃။ အိတ်ဖွင့်တင်ဒါစတင် ရောင်းချမည့်ရက် - (၁၂ - ၄ -၂၀၂၄) (သောကြာနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန် - (၈-၅-၂၀၂၄) (ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာ -ဆေးဝါးတက္ကသိုလ်၊ရန်ကုန်

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း (၀၉-၆၈၉၀၄၄၃၄၉) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဘူတာရပ်ကွက်၊ ဟုမ်းလမ်း၊ ပန်းလှိုင်အိမ်ရာ၊ အမှတ်(S/5)နေ ဒေါ်နန္ဒမာလာ(ခ) မယ်တော်ကြီး(ခ)ဆရာမကြီး ယောဂီနန္ဒမာလာ ထံမှ ကျွန်ုပ်ရရှိရန်ရှိသော ငွေကျပ်သိန်း(၅၀၀)တိတိကို ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ဥပဒေနှင့်အညီ ပြန်လည်ပေးအပ်ပါရန် ရှိသေစွာ အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆက်လက်အသိပေး အကြောင်းကြားအပ်ပါသည်။

**လေးစားစွာဖြင့်**
**ဦးဇော်မင်းသန့် [၉/ကပတ(နိုင်)၁၅၃၁၀၃]**
**ဖုန်း-၀၉ - ၂၅၄၃၀၀၀၁၈**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
## အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
## ဖျာပုံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၉

ဒေါ်မြသန်းကြည် နှင့် (၁)ဦးကျော်စိုး
(၂) မခိုင်ညိုလွင်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်နေ့စွဲပါ ဒေးဒရဲမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၇/၂၀၂၂ ကိုအယူခံမှု။

**ဦးကျော်စိုး(ဘ)ဦးကျော်တင့်၊ မခိုင်ညိုလွင်(ဘ)ဦးထွန်းရှင် (အတူနေလင်မယား)၊ ဒေးဒရဲမြို့နယ်၊ အစိပ်တော်ကမံကျေးရွာအုပ်စု၊ တော်မှတ်ကျေးရွာရပ်နေ (ယခုနေရပ်လိပ်စာ)မသိသူ**တို့သိစေရမည်။

ယခုအမှုတွင် ဒေးဒရဲမြို့နယ် တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို ဒေါ်မြသန်းကြည်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ(၂၆)ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၃ ရက်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံအမှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဖျာပုံခရိုင်တရားရုံး**

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် မွန်ပြည်နယ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဆောင်ရွက်မည့် မွန်ပြည်နယ်ရုံးဝင်းအတွင်း မော်လမြိုင်ခရိုင်ရုံး (၂၅'x ၅၀') RC(၂)ထပ်တိုက် (၁)လုံး တည်ဆောက်ခြင်း၊ ကျိုက်ထိုမြို့တွင် ကျိုက်ထိုခရိုင်ရုံးဝင်း ခြံစည်းရိုးအား (၂ ဆင့်) လုံခြုံရေး ဘလိပ်ဆူးခွေ တပ်ဆင်ခြင်း (၉၃၀')၊ ကျိုက်ထိုခရိုင်ရုံးဝင်းရှေ့ ကွန်ကရစ်တံတား (၂)စင်း (၆'x၁၅'x၃'') တည်ဆောက်ခြင်း နှင့် ကျိုက်ထိုခရိုင်ရုံးဝင်းရှေ့ အုတ်ရေမြောင်း ပြုလုပ်ခြင်း (၁၂၀' x ၃'x ၃') တို့အတွက် အောက်ပါအတိုင်း လုပ်ငန်းတင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - | ၂၂-၄-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) (၁၀:၀၀)အချိန်မှ (၁၆:၃၀) အချိန်အထိ |
| (ခ) | တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | - | ၃၀-၄-၂၀၂၄ ရက်နေ့ (အင်္ဂါနေ့) |
| (ဂ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၃-၅-၂၀၂၄ ရက်နေ့ (သောကြာနေ့) |
| (ဃ) | တင်ဒါဖွင့်မည့်ရက် | - | ထပ်မံအကြောင်းကြားပါမည် |
| (င) | တင်ဒါဖွင့်မည့်နေရာ | - | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး |
| (စ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး |

၂။ အထက်ပါ လုပ်ငန်းများအတွက် တစ်ပေါင်းတည်း လျှောက်ထားလုပ်ကိုင်ရန်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၇-၂၇၀၅၄၊ ၀၉-၂၅၅၈၀၃၃၀၈၊ ၀၉-၂၅၅၇၀၉၅၂၅၊ ၀၉-၂၅၆၁၂၀၀၀၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## CLAIM NOTICE UNDER SECTION 201 OF INSOLVENCY LAW OF MYANMAR 2020 AND RULES 9 & 87 OF INSOLVENCY RULES

I, undersigned Insolvency Practitioner of CHUOKOUN MYANMAR CO., LTD., Registration Number 123626672 have fixed the date for the claims on 11 May 2024. The creditors of the above named company are requested to submit their claims together with the supporting legal document of the debt and the claims after 11 May 2024 will not be considered for the benefit as creditors.

Naw Phyo Cherry Boy
Insolvency Practitioner (MAIP Membership No. 00181)
TCG Audit Firm Myanmar Limited
#406, 4th Floor, Excel Treasure Tower, No. 520, Kaba Aye Pagoda Road, Bahan Township, Yangon
tcgmm.audit@gmail.com
09-421121563, 09-253852986

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၂၇၉)၏ မြေရီယာ(၄၀x၆၀)ပေ ဒေါ်သန်းကြည်အမည်ပေါက် ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းညွန့်မေ[၁၃/တကန(နိုင်)၀၀၈၅၇၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကောင်းဇော်[၁၂/သဃက(နိုင်) ၁၅၉၉၂၈]ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ကိစ္စအား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မြင့်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၇၅)**
**အမှတ်(၁၁၉၈)၊ ပင်းယလမ်း၊ (၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၆၄၈၁၂၂၂၁၊ ၀၉-၇၅၁၉၂၇၈၉၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ (၁၂)လမ်း၊ အမှတ် - ၃၆၁၊ ၄-လွှာ (တိုက်အားမျက်နှာချင်းဆိုင် ကြည့်လျှင်လက်ယာဘက်ခြမ်း)၊ အကျယ်အဝန်း ( ၁၂ $\frac{၁}{၂}$ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်း၌ တပ်ဆင်အသုံးပြုလျက်ရှိသည့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားအကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်အကျိုးခံစားမှု အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးစိုးလင်း [၁၂/ဒပန(နိုင်)၀၀၀၄၂၈] နှင့် ဒေါ်ခင်မြအေး [၁၂/ဥကတ(နိုင်)၁၃၉၇၁၃] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုဝင်း [၁၂/မဂတ(နိုင်)၀၀၅၈၂၃] က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထက်ကို ( LL.B )** | **ဦးထက်ဦးလွင် ( LL.B )** |
| **အထက်တန်းရှေ့နေ ( စဉ်-၄၁၆၂၄ )** | **အထက်တန်းရှေ့နေ (စဉ်-၅၂၆၆၆)** |
| **ဖုန်း - ၀၉-၇၈၅၅၈၄၃၀၇** | **ဖုန်း - ၀၉-၂၅၀၀၂၁၇၀၈** |

**အမှတ်-၉၉၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း
## အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်
### အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
### (၃၁)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားစာ

၁။ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ (၃၁)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည် -

ကျင်းပမည့်နေ့ရက် - ၂၀၂၄ ခုနှစ်၊ မေလ ၁၉ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ( ၁၀ : ၀၀ ) နာရီ
ကျင်းပမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ ရန်ကုန်မြို့။

၂။ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၂)အရ ဒါရိုက်တာအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ပါ၍ အစုရှယ်ယာစောင်ရေ(၂၀)နှင့်အထက် ဝယ်ယူ ပြီးသူ "ခ" အစုရှယ်ယာရှင်များအနေဖြင့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုပါက ဥက္ကဋ္ဌ၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်ထံလိပ်မူ၍ ၃-၅-၂၀၂၄(သောကြာနေ့)(၁၆:၃၀)နာရီ နောက်ဆုံးထားပြီး အဆိုပြုလွှာများကို အိတ်ပိတ်စာအိတ်ဖြင့် ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုခြင်း၊ မေးမြန်းခြင်းများ ပြုလုပ်လိုပါက စာဖြင့်ရေးသား၍ ၉-၅-၂၀၂၄ရက်(ကြာသပတေးနေ့) (၁၆:၃၀) နာရီ နောက်ဆုံးထားပြီး အထက်ပါလိပ်စာသို့ ပေးပို့ကြပါရန်နှင့် အစည်းအဝေးတွင် နှုတ်ဖြင့်မေးမြန်းခြင်း၊ အကြံပြုဆွေးနွေး တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ကြိုတင်အသိပေးအပ်ပါသည်။ သတ်မှတ်ရက်နောက်ပိုင်းရောက်ရှိလာသည့်မေးမြန်းချက်များကို သီးခြားစာဖြင့် ပြန်ကြားပါမည်။

၄။ အစည်းအဝေးသို့ တက်ရောက်လာသည့်အခါ မိမိ၏အစုရှယ်ယာ လက်မှတ်မူရင်းကို တစ်ပါတည်း ယူဆောင်လာကြရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

၅။ အစုရှယ်ယာရှင် ကိုယ်တိုင်မတက်ရောက်နိုင်ပါက အခြားအစုရှယ်ယာရှင် တစ်ဦးဦးကို ကိုယ်စားလှယ်အဖြစ် ခန့်ထားတက်ရောက်စေနိုင်ပါသည်။

၆။ အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့ နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းမည့် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဆက်လက်ပေးပို့ပါမည်။

**ဒါရိုက်တာအဖွဲ့**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

## မားကိုစ်ဒေးဗစ်(ခ)ဦးကျော်ဆွေဦး(ဘ)ဦးကျော်မြင့်ထွန်း
## [၁၄/ဘကလ(နိုင်)၁၄၂၂၃၄]နှင့် အများသိစေရန်ကြေညာခြင်း

ဘိုကလေးမြို့နယ်၊ သာပေါင်းကျေးရွာအုပ်စု၊ ဂျပ်ချောင်းကျေးရွာ၊ (၅)ရပ်ကွက်၊ ရွှေမေတ္တာမွန်ဆန်စက်ဝင်းနေ ဒေါ်မာရီးနား(ဘ)ဦးမယ်နီရယ်[၁၄/ဘကလ(နိုင်)၄၁၈၁၀၈]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ဒေါ်မာရီးနားနှင့် မားကိုစ်ဒေးဗစ်(ခ)ဦးကျော်ဆွေဦး တို့သည် ခရစ်ယာန်ဘာသာတရားတော်နှင့်အညီ (၃၀-၁၀-၁၉၉၉)နေ့တွင် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ထို့သို့ပေါင်းသင်းလာစဉ် သား-မောင်ကျော်ဇင်ထွန်းကို(၄-၄-၂၀၀၅)နေ့တွင်လည်းကောင်း၊ မောင်ဉာဏ်လင်းအောင်ကို(၁၂-၁၂-၂၀၀၇) နေ့တွင်လည်းကောင်း မွေးဖွားပြီး စီးပွားရေးကို လက်ရည်တစ်ပြင်တည်း လုပ်ကိုင်စားသောက်ခဲ့ရာ အောက်ပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းတိုးပွားလာခဲ့ပါသည်။ ယခုအချိန်တွင် အိမ်ထောင်ရေးအဆင်မပြေမှုများရှိလာပြီး ဦးကျော်ဆွေဦးမှ လင်မယားနှစ်ဦးပိုင် ပစ္စည်းများကို မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် ထုခွဲရောင်းချသုံးစွဲနေကြောင်း ကြားသိရပါသည်-

သို့ဖြစ်ပါ၍ အောက်ပါလင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာရီးနား၏ အတိအလင်း သဘောတူခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းစသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းမှုများကို လုံဝ(လုံးဝ)မပြုလုပ်ပါရန် တားမြစ်ပါသည်။ ဤတားမြစ်ချက်ကို မလိုက်နာဘဲ လွှဲပြောင်းမှုတစ်ခုခုကို ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နှစ်ဦးပိုင်ပစ္စည်းများ**

၁။ ဘိုကလေးမြို့နယ်၊ သာပေါင်းကျေးရွာအုပ်စု၊ သာပေါင်းကွင်းအမှတ်(၆၇၀)၊ ဦးပိုင်အမှတ် $\frac{၅၂}{၃၈}$/၄၆ရှိ (၅.၂၇)ဧကအနက်မှ (၂.၁၀)ဧကရှိ ဆန်စက်မြေနှင့် ယင်းမြေပေါ်ရှိ ရွှေမေတ္တာမွန်ဆန်စက်အသစ် (၁)လုံး၊ အဟောင်း(၁)လုံး။

၂။ အပိုဒ်(၁)ပါ ဆန်စက်မြေပေါ်ရှိ အကျယ်အဝန်း(၁၀၀'x၆၀')ရှိ ဂိုဒေါင်နှစ်(၂)လုံး။

၃။ ဘိုကလေးမြို့နယ်၊ သာပေါင်းကျေးရွာအုပ်စု၊ သာပေါင်းကွင်းအမှတ်(၆၇၀)၊ ဦးပိုင်အမှတ် $\frac{၅၂}{၃၈}$/၄၆ရှိ (၅.၂၇)ဧကအနက်မှ ဆန်စက်မြေ(၂.၁၀)ဧကကို နုတ်ပယ်ပြီး ကျန်မြေပေါ်တွင် ငါးကန်မြေအဖြစ်အသုံးပြုထားသောမြေနေရာ။

၄။ ဘိုကလေးမြို့နယ်၊ သာပေါင်းကျေးရွာအုပ်စု၊ သာပေါင်းကွင်းအမှတ်(၆၇၀)၊ ဦးပိုင်အမှတ် $\frac{၅၂}{၃၈}$ရှိ ဧရိယာ (၃.၁၇)ဧကရှိ လယ်မြေ။

၅။ ဘိုကလေးမြို့နယ်၊ သာပေါင်းကျေးရွာအုပ်စု၊ (၅)ရပ်ကွက်ရှိ အရှေ့လားသော်လမ်းသွယ်၊ အနောက်လားသော် ဦးကျော်စွာထွန်းခြံ၊ တောင်လားသော် ဒေါ်တင်လှလယ်မြေ၊ မြောက်လားသော် ဦးလှသောင်းခြံမြေတို့၏ နယ်နိမိတ်အတွင်းရှိသော အကျယ်အဝန်း(၁၀၀'x၅၀')ရှိမြေ။

၆။ မော်လမြိုင်ကျွန်းမြို့နယ်၊ မိဿလင်ကန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၃၃၃)ကျားချောင်း၊ ဦးပိုင်အမှတ်(၁၁/၉)၊ ဧရိယာ(၉.၀၀)ဧကရှိလယ်မြေ။

**ဒေါ်မာရီးနား၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာနံစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၈၁)**
**အမှတ်(၅၉၃/က)၊ ဝေဇယန္တာ(၁၂)လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-09-250230125**

## ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၆)၊ကုန်းဘောင်(၁၂)လမ်း၊ မြေကွက်အမှတ်(၈၀၃/ခ)၊ဧရိယာ(၂၀ × ၆၀)ပေရှိ၊ ဒေါ်ကျင်ငွေ(၁၂/ဥကတ(နိုင်)၀၅၄၃၂၃)အမည်ပေါက်သည့် နှစ်(၆၀)မြေငှါးဂရန်မြေကွက်နှင့်နေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါအိမ်ခြံမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင်အမည်ပေါက်သူ-ဒေါ်ကျင်ငွေ ကွယ်လွန်သွားပြီးနောက် သားသမီးများဖြစ်ကြသူ ဦးဝေလင်း၊ ဒေါ်စန္ဒာသန်း ၊ ဒေါ်မူမူအေး တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ကိုပြုလုပ်ချုပ်ဆို၍ တရားဝင်ပိုင်ဆိုင်ခဲ့ကြပါသည်။ ၎င်းနောက် အဆိုပါအိမ်ခြံမြေကို ဦးဝေလင်း+၂ ဦး တို့ထံမှ အရောင်းအဝယ်သဘောတူကတိစာချုပ် နှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အရ လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်နန်းဥမ္မာဝင်း(၁၂/အလန(နိုင်)၀၂၀၇၃၃)က အရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်နန်းအေးစံ(၁၂/စခန(နိုင်)၀၆၀၃၄၀)အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် ( LL-B )**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်( LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2)
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ၊ (၁၈)ရပ်ကွက်၊ ဦးပေါ်ဦး(၂)လမ်း၊ အမှတ် (၆၉၉/ခ)၊ ဧရိယာ အကျယ်အဝန်း (၂၀x ၆၀)ပေရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို** အရှုပ်အရှင်းမရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသည့် ဦးဘိုဘိုစံ [၁၂/လသယ(နိုင်)၀၇၇၄၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်း [၁၂/လသယ(နိုင်)၀၄၁၅၄၇]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါကြောင်းနှင့် ယင်းဝယ်ယူမှုနှင့်ပတ်သက်၍ အခြားကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တင်ပြလွှဲအပ်ချက်အရ**
**ဒေါ်ဖြိုးပပ ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ် –၁၂၀၅၇)**
**အမှတ်– ၂၄၈/က၊ ရွှေဒေါင်းပျံလမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၉၄၁၇၉၄၈၂**

## "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်ကြောင်း"

ကျွန်မ ဒေါ်ခိုင်နွယ်ဝင်း၊ မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၀၆၀၈၄၆]၊ အမှတ်– ၆၅၄၊ ရွာသစ်(၁)လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်သူနှင့် ခင်ပွန်းဖြစ်သူ ဦးစစ်ရန်နိုင်(ခ) စည်သူမင်း၊ မှတ်ပုံတင်အမှတ် [၇/ပမန(နိုင်)၁၃၀၅၀၁]တို့သည် မိမိတို့နှစ်ဦး၏ သဘောတူညီမှုဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွှယ်မှုမရှိပါကြောင်း နှစ်ဖက်မိဘဆွေမျိုးများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်မတို့နှစ်ဦးနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ မေးမြန်းစုံစမ်းခြင်း မပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဒေါ်ခိုင်နွယ်ဝင်း**
**မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်) ၀၆၀၈၄၆]**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၁)လမ်း၊ တိုက်အမှတ်(၅၁၅)၊ မြေညီထပ်၊ အကျယ်အဝန်း(၁၈ပေ× ၅၂ပေ)အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာထံမှ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းဦး(၁၂/ဥကမ(နိုင်)၀၃၀၃၆၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေ
ဒေါ်မေမြတ်ချိန်
LL.B,D.B.L
(စဉ်–၁၁၃၁၁)

အထက်တန်းရှေ့နေ
ဒေါ်ဝတ်ရည်ငွေး
LL.B,LL.M
(စဉ်–၃၆၉၁၇)

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 01 - 2304311, 09-5173690, 09-450450904, 09-420203960
ရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 09-450450908, 09-5060940, 09-450450977, 09-450450907

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ပျော်ဘွယ်လေးကြိုးစက်လမ်း၊အမှတ် (၃၅/စီ) မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၄)ခန်းတွဲ (၈)ထပ်ခွဲ Diamond Condo တိုက်၏အခန်းအမှတ် (၈ လွှာ/စီ) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၇၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းပေါ်တွင် တွယ်ကပ်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုဆိုသူ ဦးသန့်ထူးအောင် [၇/ပခန(နိုင်)၂၉၉၇၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒို တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အုံးအုံး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၁၀၆)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၅၅၈၇၇၂၁၄**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁–၄–၂၀၂၄ ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၃)ပါ ငြင်းချက်ထုတ်ရန် ဆင့်စာကြော်ငြာတွင်

(နိုင်လင်း)
တွဲဖက်ခရိုင်တရားသူကြီး(၃)
ဗိုလ်တထောင်ခရိုင်တရားရုံး

ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

(ဘ) ဦးမောင်ဆွေ၏သား မောင်ပြည့်ဖြိုးကျော် [၁၂/တတန(နိုင်)၂၆၃၃၆၂]၏ ပတ်စ်ပို့ အမှတ် (MG–505969) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–797768463**

## သင့်သွေးဖြင့် အသက် ကယ်ပါ

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၀၂၄–၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ် အချက်အလက်များအား သိရှိလိုပါက ဖြည့်တင်းရေးဌာနခွဲ၊ ဖုန်း–၀၆၇–၃၄၀၇၈၄၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍လည်းကောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | – | (၂၄ – ၄–၂၀၂၄ မှ ၈ – ၅ –၂၀၂၄ ) |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် | – | ( ၂၄–၅–၂၀၂၄ ) (၁၆:၃၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ ဝယ်ယူ–တင်သွင်းနိုင်သည့်နေရာ | | ဖြည့်တင်းရေးဌာနခွဲ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) |
| (ဃ) | လုပ်ငန်းတင်ဒါဖွင့်မည့် ရက်/အချိန် | – | ပြန်လည် အကြောင်းကြားသွားမည်ဖြစ်ပါသည် |

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းမြင့်၏ သမီး မနေခြည်စိမ့်စိမ့်အေး [၁၂/သကတ(နိုင်) ၂၀၅၇၂၃]၏ နိုင်ငံကူးလက်မှတ် အမှတ်(MF–432862) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၅၁၂၃၂၀၇၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝေဖြိုးဦး [၁၂/ဒဂတ(နိုင်)၀၅၉၁၉၂]၏ CDC 85958 Sea Time Check (ပင်လယ်ပြင်လုပ်သက် စိစစ်ခြင်းစာရွက်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၅၀၇၆၅၀၁**

## "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေ(၂)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် –

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် လက်မှတ်ရေးထိုးပြုလုပ်ချုပ်ဆိုခဲ့သော **"နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"** စာအမှတ် (၅၈၆/၂၀၂၂)ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၂၁)ရက်နေ့မှစ၍ ကျွန်တော်/ကျွန်မတို့ (၂)ဦး၏ လွတ်လပ်သောသဘောဆန္ဒအရ **"နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ပြန်လည်ရုပ်သိမ်းကြောင်း ဝန်ခံကတိစာချုပ်ဖြင့်"** ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စွာလှိုင်နှင့် ဒေါ်ဇင်ဝင်းဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ခိုင်ဇော် (LL.B, DIPL)**
**အထက်တန်းရှေ့နေ (စဉ်–၅၀၈၉၀)**
**အမှတ် (၆၀၆)၊ ဝေဇယန္တာအနောက်(၁၃)လမ်း၊ (၆) ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၄၉၈၉၅၃၅၄၇**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅)
## ကျောက်တန်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆

ဒေါ်ကေသီခိုင် နှင့် ဦးခင်ဇော်
**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့နယ်၊ ပုလဲကျေးရွာနေ ဦးခင်ဇော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလို ဒေါ်ကေသီခိုင်က "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၃ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်ဖြစ်သည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ (၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒာဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျောက်တန်းမြို့နယ်တရားရုံး**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄–၂၀၂၅ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်ထောင်စု(မူလ)ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် | – | (၁၁–၄–၂၀၂၄) (ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်နောက်ဆုံးရက် | – | (၁၃–၅–၂၀၂၄) ညနေ (၁၆:၀၀)နာရီ |
| (ဂ) | (PO/ကုမ္ပဏီဖွဲ့စည်းပုံ/အခွန်ကင်းရှင်းကြောင်း အထောက်အထား/Bank Statement တင်ပြရမည့်နေ့) | – | (၁၄–၅–၂၀၂၄)ရက်နေ့ (ရုံးချိန်အတွင်း) |
| (ဃ) | တင်ဒါစာအိတ်(A)/စာအိတ်(B) လက်ခံခြင်းနှင့် ဖွင့်ဖောက်မည့်ရက် | – | (ထပ်မံအကြောင်းကြားပါမည်။) |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် (၀၇၁–၂၆၃၄၉၊ ၀၉–၇၉၇၅၈၉၃၂၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တယ်လီဖုန်း– ၀၇၁–၂၆၃၄၉၊ ၀၉–၇၉၇၅၈၉၃၂၉**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ(၅)လမ်း၊ အမှတ် (၉၁)ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ် (၂)လွှာ၊ (တိုက်ရှေ့မှမျက်နှာမူကြည့်လျှင်ဘယ်ဘက်ခြမ်း) အကျယ်အဝန်း (၁၁.၅ ပေx၄၇ ပေ) (၅၄၀.၅) စတုရန်းပေရှိ ရေမီးစုံ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးအောင်မိုး [၁၂/သကတ(နိုင်)၁၃၄၇၃၇]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ **ဦးမင်းချစ်ဦး [၁၂/သကတ(နိုင်)၁၅၆၈၃၈]**နှင့် **ဒေါ်ရတနာဦး [၁၂/ဒဂမ(နိုင်)၀၂၂၆၈၃]**တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးချမ်းမြေ့လင်း(LL.B)** **(စဉ်– ၁၃၀၉၄)**

**ဦးသန့်ဇော်လွင် (LL.B, D.B.L)** **(စဉ်–၁၄၆၂၃)**

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09–448004812**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၁၈
## မရမ်းကုန်းခရိုင်တရားရုံး
## တွဲဖက်ခရိုင်တရားသူကြီးရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်– ၂၂

ကွယ်လွန်သူ ဦးလောရင့်စ်မွန်း၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဦးသော်တာမွန်း လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်း၊ အမှတ်(၁၂/အေ)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလောရင့်စ်မွန်း၏ ကျန်ရစ်ခဲ့သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးသော်တာမွန်းက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၄၊ ဧပြီလ ၂၆ ရက်နေ့ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၃ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလောရင့်စ်မွန်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄၊ ဧပြီလ (၂၆)ရက်နေ့ (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၃ ရက်) နံနက် (၁၀:၀၀)နာရီတွင် မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ– ၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးသော်တာမွန်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄–ခုနှစ်၊ ဧပြီလ(၉)ရက်နေ့၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ်လှိုင်မြင့်(အငြိမ်းစား)
### အသက်(၆၆)နှစ်

သူရ(၆၀)မှ ဗိုလ်ချုပ်လှိုင်မြင့် (အငြိမ်းစား)သည် ၁၀-၄-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**သူရ(၆၀)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမောင်
**ရုံးအဖွဲ့မှူး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
### အသက်(၈၂)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ဒေါ်လှလှစု၏ခင်ပွန်း၊ ဗိုလ်မှူးချုပ်ရဲရင့်ဝင်း-ဒေါက်တာချောစုမောင် [ညွှန်ကြားရေးမှူး၊ (လူ့စွမ်းအားအရင်းအမြစ်)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန]တို့၏ဖခင် ဦးလှမောင် အသက်(၈၂)နှစ်သည် ၁၁-၄-၂၀၂၄ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအန်ထော်နီ
### အသက်(၉၄)နှစ်

ဗိုလ်မှူးဇင်မောင်ဦး(ငြိမ်း)-ဒေါ်ခင်ချိုထိုက်တို့၏ဖခင်ကြီး ဦးအန်ထော်နီသည် ၇-၄-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)**
**အရာရှိများနှင့်မိသားစုများ**

## ဦးသန်းအောင်
**အငြိမ်းစားဌာနခွဲမှူး (ထွေ/ထိန်း၊ စက်မှု-၁)**
### အသက်(၈၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ အိမ်အမှတ်(၇၉၇)နေ ဒေါ်စိန်မေ၏ ခင်ပွန်း၊ (ဦးစိန်အေး-ဒေါ်လေးခင်)တို့၏ သား၊ ဒေါ်လွင်လွင်အောင်၊ ဒေါ်ကြည်ကြည်အောင်၊ ဒေါ်နီနီအောင်၊ ဒေါ်ကျော့ကျော့ယဉ်၊ ဦးဇင်း ဝိနယနန္ဒတို့၏ ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၉-၄-၂၀၂၄ ရက် ည ၈:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၀-၄-၂၀၂၄ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဆရာမကြီး ဒေါ်မြစိန်(ဗဟန်း)
**အ.ထ.က(၁) ဗဟန်း(ငြိမ်း)**
### အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ (၁၄/၃)ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ် (၁၇၈/၂)နေ (ဦးဘရင်-ဒေါ်စိန်တင်)တို့၏ သမီး၊ (ဦးစိုးသန်း)၊ (ဒေါ်တင်လှ)တို့၏ ညီမ၊ (ဦးစိုးတင့်)၏ အစ်မ၊ (ဦးအေးကို)၏ ဇနီး၊ ဒေါ်စီစီကို၊ ဦးတင်ကိုကို (အလုပ်သမားဝန်ကြီးဌာန)-(ဒေါ်မီမီကို)တို့၏ မွေးသမိခင်၊ မသန့်နှယ်ကိုကို၊ မောင်ခန့်ထည်ကိုကိုတို့၏ ချစ်လှစွာသောအဘွားသည် ၁၀-၄-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၈:၀၅ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၄-၂၀၂၄ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးလှမောင်
**ရုံးအဖွဲ့မှူး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
### အသက်(၈၂)နှစ်

မုံရွာမြို့နေ (ဦးမှန်-ဒေါ်ကေ)တို့၏သား၊ ပခုက္ကူမြို့နေ (ဦးမောင်မောင်-ဒေါ်ကျင်တုတ်)တို့၏ သားသမက်၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်နေ ဒေါ်လှလှစု (ရေအားလျှပ်စစ်ဦးစီးဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးချုပ် ရဲရင့်ဝင်း-ဒေါက်တာချောစုမောင် (ကျန်းမာရေးဝန်ကြီးဌာန)၊ ဒေါက်တာလမင်းမောင် (Shwe Zan Co., Ltd)တို့၏ ကျေးဇူးရှင်မွေးဖခင်ကြီး၊ မမြတ်ဘုန်းရဲရင့်စု၏အဘိုးသည် ၁၁-၄-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၄-၂၀၂၄ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၂၀၆/၂၀၈)နေ (ဦးကြည်-ဒေါ်အေးခ)တို့၏သမီး၊ (ဦးအောင်ခင်)၏ ဇနီး၊ ဒေါက်တာဆွေဆွေဝင်း၊ ဒေါက်တာမြန်လင်း-ဒေါက်တာမြမြင်း၊ ဒေါ်အေးအေး၊ (ဦးဇော်မြင့်)တို့၏ မိခင် ဒေါ်ခင်စု အသက်(၉၇)နှစ်၏ဈာပနသို့ ကိုယ်တိုင်လိုက်ပါပို့ဆောင်ကြသူများ၊ ရပ်ဝေးရပ်နီးမှ ဝမ်းနည်းကြောင်းကို ဖုန်းဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း သတင်းမေးကြသူများ၊ ပန်းခြင်းများ၊ သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ပေးပို့ကြသူများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြစိန်(ဗဟန်း)
**အထက(၁)ဗဟန်း(ငြိမ်း)**
### အသက်(၈၆)နှစ်

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို-(ဒေါ်မီမီကို)တို့၏မိခင်ကြီး ဒေါ်မြစိန်သည် ၁၀-၄-၂၀၂၄ ရက် နံနက် ၈:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အရာထမ်း၊ အမှုထမ်းများ**
**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**

## ဒေါ်စမ်းစမ်းခင်
### အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုင်ကလောင်ကျေးရွာနေ [ဦးအုံးမောင်(ရွှေပန်းထိမ်)-ဒေါ်ညွန့်ရင်]တို့၏ သမီး၊ (ဦးသိန်းလှိုင်)-ဒေါ်ပညာသိဂီ(ခ) ဒေါ်ညိုညိုခင်၊ ဦးအောင်မြင့်သိန်း (ကျောင်းအုပ်ကြီး-ငြိမ်း)-ဒေါ်ယဉ်မေတို့၏ ညီမ၊ ဦးတင်ထွန်း-ဒေါ်နွဲ့နွဲ့ခင်၊ (ဦးသိန်းထွဋ်)-ဒေါ်ဖြူဖြူခင်၊ (ဒေါ်သင်းသင်းဌေး)၊ ဦးသိန်းမင်း-ဒေါ်တင်နွဲ့၊ ဦးသိန်းဝင်း-ဒေါ်နော်အက်စ်ကေဖော၊ ဦးသန့်ဇင်-ဒေါ်ချယ်ရီအောင်၊ (ဦးဇော်မင်းအောင်)တို့၏အစ်မ၊ တူ/တူမ ၁၆ ယောက်တို့၏အဒေါ်၊ မြေး ၁၄ ယောက်တို့၏အဘွားဖြစ်သူ ဒေါ်စမ်းစမ်းခင် အသက်(၇၃)နှစ်သည် ၁၀-၄-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ည ၁၁: ၃၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၂-၄-၂၀၂၄ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အမှတ်(၂၅၂/၂၆)၊ ရွှေဥဩလမ်း၊ ရွှေပြည်စိုးအိမ်ရာ၊ (၁၄/၂)မြင်သာ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၄၊ မြေကွက်အမှတ်- ၈၃၇၊ မြေကွက်တည်နေရာအမှတ်- ၈၃၇၊ ငွေစင်လမ်း၊ ၄၄ ရပ်ကွက်၊ ဒဂုံမြောက် (ဦးတင်မြင့် SAW-၀၁၆၆၆၃) အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်မြင့်အား တရားပြိုင်ထားကာ ဒေါ်ဇင်မာဦး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဆွေဇင်မိုး)မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် တရားရုံးတွင် တရားမကြီးမှုအမှတ် ၂၄/၂၀၂၃ ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုသည့်အမှုတွင် (၁၅-၈-၂၀၂၃)ရက်နေ့တွင် ချမှတ်သော စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၇၄/၂၀၂၃ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်လှဲ့လှဲ့ခိုင် [၁၃/တကန (နိုင်) ၀၀၃၄၁၉]မှ တရားရုံးနေ့စဉ်မှတ်တမ်း၊ စီရင်ချက်အမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့ ပူးတွဲတင်ပြ၍ ဖော်ပြပါ မြေကွက်ကြီးအနက်မှ ခြေရင်းခြမ်းဧရိယာ (၂၀'x၆၀') Portion အား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ (၂၀'x၆၀')ဘက်ခြမ်းတွင် တရားနိုင် ဒေါ်ဇင်မာဦး နေထိုင်ပြီး ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်လှဲ့လှဲ့ခိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမောင်
**ရုံးအဖွဲ့မှူး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
### အသက်(၈၂)နှစ်

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာချောစုမောင်၏ဖခင်ကြီး ဦးလှမောင်သည် ၁၁-၄-၂၀၂၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှမောင်
**ရုံးအဖွဲ့မှူး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
### အသက်(၈၂)နှစ်

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာချောစုမောင်၏ချစ်လှစွာသောဖခင် ဦးလှမောင်၊ ရုံးအဖွဲ့မှူး(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသက်(၈၂)နှစ်သည် ၁၁-၄-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၈:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁/၂)ရပ်ကွက်၊ ရတနာလမ်းတွင်တည်ရှိသော ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ စီမံကိန်း အဆောက်အအုံအမှတ်(6B)၊ အခန်းအမှတ်(0806) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ဖော်ပြပါတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၌ ဒေါ်သန်းသန်းဦး [၁၁/မဥန(နိုင်)၁၀၂၇၃၈] အမည်ပေါက်ပြီး ၎င်းထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၉၅၀/၂၀၂၃) ရရှိ၍ တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်နေသူဒေါ်နီနီအောင် [၁၂/မဂတ(နိုင်) ၀၇၂၇၁၁]က ပိုင်ဆိုင်ခွင့်အရှုပ်အရှင်းပြတ်ကင်း ရှင်းလင်းကြောင်းဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေ ဦးမျိုးလွင်ထွန်း [၇/ပမန(နိုင်)၁၇၂၂၈၂]က ဝယ်ယူရန်သဘောတူညီပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

၂။ တိုက်ခန်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါကတိကျခိုင်လုံသော စာချုပ်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်သဇ္ဈာဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၅၈)**
**အမှတ်(၃၅)၊ (၃)လွှာ(ယာ)၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉-၄၃၀၂၃၁၆၂**

## ဦးနေလင်းအောင်(ခ)အလော့
**B.E(EC) (၁၉၉၆-၂၀၀၃)**
### အသက် (၄၅)နှစ်

မွန်ပြည်နယ်၊ ရေးမြို့၊ (၈)လမ်း၊ အိမ်အမှတ်(၁၉)နေ ဦးတင်အောင်-ဒေါ်ရင်သိန်းတို့၏ သားကြီး၊ မသူဇာလင်း၊ မအိအိသင်း၊ မပြုံးသဲမွန်တို့၏ အစ်ကိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၁၄၂/ခ)နေ ဦးကျော်မြင့်-ဒေါ်အေးမြင့်တို့၏ သားသမက်၊ ဒေါ်အေးသန္တာမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မသွန်းနေခြည်သာ(ခ)ကွန်ချမ်း၊ မောင်ဘုန်းသွင်မြတ်(ခ)ဘိုင်းဘိုင်းတို့၏ ကျေးသဖခင်ကျေးဇူးရှင်သည် ၉-၄-၂၀၂၄ (အင်္ဂါနေ့) ညနေ ၅:၃၇ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃-၄-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် (၁၄၂/ခ)၊ သမာဓိလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံ နေအိမ်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါနဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေး အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် တရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၆)၊ မြေကွက်အမှတ် (၂၁၈၇)ဟု ခေါ်တွင်သည့် မြေအကျယ် အလျား (၄၀) x အနံ (၆၀)ပေရှိ ဒေါ်စန်းသိန်းအမည်ပေါက် ပါမစ်မြေကွက်ကို အဆင့်ဆင့်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိစီမံခန့်ခွဲလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်စိုး [၁၂/သဃက(နိုင်)၁၂၁၀၇၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသိန်းထွေး [၁၂/သဃက(နိုင်)၀၂၉၄၄၁]က အဆိုပါမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ် (၂၀ပေx၆၀ပေ) မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံး (မြေကွက်အမှတ်- ၂၁၈၆ နှင့့် ကပ်လျက်ဘက်အခြမ်း)တို့ကို အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်အကျိုးခံစားခွင့်အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးမျိုးဆွေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၅၁)**
**ဖုန်း ၀၉-၂၅၁၀၃၁၄၁၀**
**အမှတ်-င/၂၄၅ (၄-လွှာ)၊ လေးထောင့်ကန်လမ်း၊ ဓ/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**သွေးသည် အသက်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ အရာရှိငယ်ဘဝတွင် အထက်အကြီးအကဲများ၏ အမိန့်ကို တိကျစွာလိုက်နာတတ်ခြင်းသည် ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်းတို့၏ အမူအကျင့်ကောင်းများပင်ဖြစ်...**

**❖ ငယ်သားဖြစ်ချိန်၌ နောက်လိုက်ကောင်းတစ်ယောက်ဖြစ်ခြင်းသည် နောင်တစ်ချိန်တွင် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အစပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## အာရှဖလား ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း ဗီယက်နမ်နှင့် စတင်ကစားရမည်

**ရန်ကုန် မေ ၁၁**

၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲနောက်ဆုံးအဆင့်ကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို မေ ၁၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး လေးသင်းလေးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ မြန်မာ၊ အုပ်စု(ခ)တွင် ဥဇဘက်ကစ္စတန်၊ ဆော်ဒီအာရေဗျ၊ အီရတ်၊ ဩစတြေးလျ၊ အုပ်စု(ဂ)တွင် ဂျပန်၊ တာဂျစ်ကစ္စတန်၊ တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ အုပ်စု(ဃ)တွင် အီရန်၊ ကူဝိတ်၊ ဘာရိန်း၊ အာဖဂန်နစ္စတန်အသင်းတို့ ပါဝင်နေသည်။ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳**

## အာလူးအဝင်များလာသည့်အတွက် ဈေးနှုန်းကျဆင်း



အောင်ပန်းမြို့ပွဲရုံတစ်ခုရှိ အာလူးအိတ်များကို တွေ့ရစဉ်။

**ရန်ကုန် မေ ၁၁**

အာလူးအဝင် များလာသည့်အတွက် ဈေးကျနေပြီး လာမည့်လပိုင်းတွင်လည်း ယခုအတိုင်း ဆက်လက်ရှိနေနိုင်ကြောင်း အာလူးဈေးကွက်အတွင်းမှ သိရသည်။

**ဈေးကွက်အတွင်း ပေါ်များလာ**

ယင်းသို့အာလူးဈေးနှုန်းများဆက်လက်ကျဆင်းနေရခြင်းမှာ မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံဘက်မှ မျက်နီအာလူးများ ဝင်ရောက်လာခြင်းအပါအဝင် မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထွက်ရှိသည့် အာလူးများ ဈေးကွက်အတွင်း ပေါ်များလာသောကြောင့် ဖြစ်ကြောင်း သိရသည်။ "စပေါ်တုန်းကဆိုဆိုဒ်ကြီးက တစ်ပိဿာ ငွေကျပ် ၂၆၀၀ ကနေ ငွေကျပ် ၂၈၀၀ အထိရောင်းတာ။ အခုအဲဒီဆိုဒ်က ငွေကျပ် ၂၀၀၀ ပဲတန်တယ်။ ကျသွားတာပေါ့။ နှစ်ပတ်ကျော်လောက်တော့ရှိပြီ။ ဘာလို့ကျတာလဲဆိုတော့ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆**


**ယနေ့ ဖတ်စရာ**

**မြန်မာ့တပ်မတော်ကို ဝန်းရံပေးဖို့ ပြည်သူ့အားကိုလိုသည်။ ပြင်ပက မိတ်ဆွေစစ်စစ်များကိုလည်း ရှာဖွေထားနိုင်ရမည်။ အမြဲတမ်းမိတ်ဆွေ အမြဲတမ်းရန်သူဟူ၍မရှိမှု၍ ပြင်ပကိုအများကြီးမှီခိုနေရန်လည်း မလိုပါ။ US နှင့် NATO ကို ယုံကြည်မှီခိုလွန်းပြီး စစ်တိုက်ခဲ့သည့် ဇာလန်စကီး၏ ရေရှည်မလွယ်သောအဖြစ်မျိုးကိုလည်း သင်ခန်းစာယူနိုင်ရမည်။ ထို့ကြောင့် ကိုယ့်ပြည်တွင်းအားသည်သာအဓိက ကိုယ့်အင်အားသည် ကိုယ့်ပြည်တွင်းမှာသာရှိသည်ဟူသော အမြဲမှန်သောအယူအဆကိုသာ ကိုင်စွဲရမည်ဖြစ်သည်။**

ဆောင်းပါး စာမျက်နှာ » ၈

**ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမသုံးလအတွင်း ပလတ်စတစ်အိတ် တင်သွင်းမှု ၇၄ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း**

စာမျက်နှာ » ၁၃

**နိုင်ငံရေးအကျဉ်းသားကို ထောင်ဝန်ထမ်းများက ဝိုင်းဝန်းရိုက်နှက်ပြီး သေဆုံးသွားကြောင်း မဟုတ်မမှန်သတင်းများဖော်ပြ**

စာမျက်နှာ » ၁၄

**တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၅


### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၁

| | | |
|---|---|---|
| ချောက် | ၄၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၄ | ဒီဂရီဆဲလ်စီးယပ် |
| အမ်း | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၃ | ဒီဂရီဆဲလ်စီးယပ် |